မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၂၇ ] ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက် ( ၂၀၁၉ ခုနှစ်၊ ဇူလိုင် ၅ ရက် ) } သောကြာနေ့ [ အတွဲ ၇၂

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၁၇/၂၀၁၉**

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၇ ရက်)

**ပြည်နယ်ဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးလှထွန်း ကို မွန်ပြည်နယ်အစိုးရအဖွဲ့ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ် တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၅၉/၂၀၁၉**

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၄ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (၁) | ဦးမျိုးဆွေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |

| **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|
| (၂) ဦးဝင်းနိုင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန |

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၂ ရက်)

## စက်မှုဇုန်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း

ပြည်သူ့လွှတ်တော်၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **စက်မှုဇုန်ဥပဒေကြမ်း** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# စက်မှုဇုန်ဥပဒေ (မူကြမ်း)

## (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်   ။)

၁၃၈၁ ခုနှစ်၊ လ ရက်
(၂၀၁၉ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို စက်မှုဇုန်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **တာဝန်ခံဝန်ကြီးဌာန**ဆိုသည်မှာ **ပြည်ထောင်စုအစိုးရအဖွဲ့၊ စက်မှုဝန်ကြီးဌာန** ကို ဆိုသည်။

(ဃ) **ပြည်ထောင်စုဝန်ကြီး**ဆိုသည်မှာ **ပြည်ထောင်စုအစိုးရအဖွဲ့၊ စက်မှုဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီး** ကို ဆိုသည်။

(င) **စက်မှုဇုန်**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်၍ စက်မှုဇုန်အဖြစ် နယ်နိမိတ်ပိုင်းခြားသတ်မှတ် တည်ထောင်သည့် ဇုန်မြေနေရာကို ဆိုသည်။

(စ) **ဗဟိုကော်မတီ**ဆိုသည်မှာ စက်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ဤဥပဒေအရဖွဲ့စည်းသော **စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ** ကို ဆိုသည်။

(ဆ) **ဒေသဆိုင်ရာကော်မတီ**ဆိုသည်မှာ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဒေသအလိုက် စက်မှုဇုန်များဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးအတွက် ဤဥပဒေအရ ဖွဲ့စည်းသော **ဒေသဆိုင်ရာစက်မှုဇုန်များဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီ** ကို ဆိုသည်။

(ဇ) **စီမံခန့်ခွဲရေးကော်မတီ**ဆိုသည်မှာ သက်ဆိုင်ရာစက်မှုဇုန်တွင် စီမံခန့်ခွဲရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ဤဥပဒေအရဖွဲ့စည်းသော **စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ** ကို ဆိုသည်။

(ဈ) **အခြေခံအဆောက်အအုံများ**ဆိုရာတွင် စက်မှုဇုန်နှင့်ဆက်စပ်သည့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး၊ ရေရရှိရေး၊ ရေဆိုးသန့်စင်ရေး၊ မီးဘေးလုံခြုံရေး၊ ကားလမ်း၊ ရထားလမ်း၊ ဆိပ်ကမ်း၊ လေဆိပ်၊ ဆက်သွယ်ရေး ကွန်ရက်စသည့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ အခြေခံလိုအပ်ချက်များနှင့် ကွန်ပျူတာ အစီအစဉ်များ၊ လုပ်ငန်းများ လွယ်ကူထိရောက်စေရေးအတွက် ဆောင်ရွက်ပေးနိုင်သည့် စီမံခန့်ခွဲရေး ဆိုင်ရာအစီအစဉ်များစသည့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာမဟုတ်သည့် အခြေခံလိုအပ်ချက်များပါဝင်သည်။

(ည) **ရင်းနှီးတည်ဆောက်သူ**ဆိုသည်မှာ စက်မှုဇုန်ထူထောင် တည်ဆောက်သည့်လုပ်ငန်း၊ စက်မှုဇုန် အတွင်း အခြေခံအဆောက်အအုံ တည်ဆောက်သည့် လုပ်ငန်းနှင့် လုပ်ငန်းလည်ပတ်ခြင်း သို့မဟုတ် မွမ်းမံထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းများကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကိစ္စရပ်တစ်ခုချင်းအလိုက် တာဝန်ယူဆောင်ရွက်သည့် ကုမ္ပဏီ၊ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ဋ) **ရင်းနှီးမြှုပ်နှံသူ**ဆိုသည်မှာ ဒေသဆိုင်ရာကော်မတီ၏ သတ်မှတ်ချက်များနှင့်အညီ စက်မှုဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကို ဆောင်ရွက်သည့် နိုင်ငံသားကိုသော်လည်းကောင်း၊ နိုင်ငံခြားသားကို သော်လည်းကောင်း၊ ဖက်စပ်လုပ်ငန်းထူထောင်သည့် နိုင်ငံသားနှင့် နိုင်ငံခြားသားတို့ကိုလည်းကောင်း ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စက်မှုလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စက်မှုဇုန်များ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်၊

(ခ) စက်မှုဇုန်များကို နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဘောင်များနှင့်အညီ စနစ်တကျ စီမံထူထောင်၍ ပြည်တွင်းပြည်ပလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်စေရန်၊

(ဂ) ကုန်ထုတ်လုပ်ငန်းနှင့် ကုန်ထုတ်လုပ်မှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၏ လိုအပ်ချက်များကို ပြည့်စုံစွာစီမံဆောင်ရွက်ခြင်းဖြင့် စက်မှုဇုန်များအတွင်း လုပ်ငန်းချိတ်ဆက်မှုအားကောင်း၍ ဈေးကွက်အရယှဉ်ပြိုင်နိုင်သော စက်မှုလုပ်ငန်းများ ဖြစ်လာစေရန်၊

(ဃ) စက်မှုလုပ်ငန်းများကို စက်မှုဇုန်အတွင်း အခြေချလုပ်ကိုင်ဆောင်ရွက်လာစေရန်နှင့် စက်မှုလုပ်ငန်း များကြောင့် သဘာဝနှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများ မဖြစ်ပေါ်စေရေး၊ လျော့နည်းစေရေးအတွက် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ စံချိန်စံညွှန်း များနှင့်အညီ စနစ်တကျ စီမံဆောင်ရွက်စေရန်၊

(င) စက်မှုဇုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းတိုးမြင့် လာစေပြီး နိုင်ငံသားများ၏ လူနေမှုအဆင့်မြင့်မားလာစေရန်နှင့် ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်များကို လျော့နည်းစေရန်၊

(စ) စက်မှုဇုန်များ၏ ကွန်ရက်ချိတ်ဆက်မှု ပိုမိုအားကောင်းလာစေရန်၊ စက်မှုဇုန်အတွင်း လိုအပ်ချက်များ ဖြည့်ဆည်းရန်နှင့် တာဝန်ယူ၊ တာဝန်ခံစနစ် ထွန်းကားလာစေရန်။

## အခန်း (၃)
## ဗဟိုကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ အစိုးရအဖွဲ့သည် -

(က) စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်ရန် စက်မှုလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် သင့်လျော်သော ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်တစ်ဦးကို

ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့အစည်းများမှ သင့်လျော်သောပုဂ္ဂိုလ်များကို အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်စေလျက် ၁၅ ဦးထက် မပိုသော ဗဟိုကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် အဖွဲ့ဝင်များအနက်မှ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်တာဝန်ပေးရမည်။

(ဂ) လိုအပ်ပါက ကော်မတီ၏အဖွဲ့ဝင်များ အစားထိုးခန့်ထားခြင်းနှင့် ပြင်ဆင်ဖွဲ့စည်းခြင်းကို ဆောင်ရွက်နိုင်သည်။

၅။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စက်မှုဇုန်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး အတွက် မူဝါဒချမှတ်ခြင်းနှင့် လမ်းညွှန်ခြင်း၊

(ခ) စက်မှုဇုန်တည်ထောင်ရေးအတွက် တင်ပြလာသော အဆိုပြုချက်၊ သင့်လျော်သည့်နေရာ၊ လိုအပ်သည့်နယ်မြေဧရိယာ၊ အကျယ်အဝန်းနှင့် နယ်နိမိတ် ပိုင်းခြားသတ်မှတ်ချက်၊ စီးပွားရေး ဆောင်ရွက်ရန် အခြေခံလိုအပ်ချက်များ ရရှိနိုင်မှုအခြေအနေနှင့် စီးပွားရေးတိုးတက်နိုင်မှု အလားအလာတို့ကို စိစစ်သုံးသပ်လျက် သဘောထားမှတ်ချက်များနှင့်တကွ ပြည်ထောင်စုအစိုးရ အဖွဲ့သို့တင်ပြ၍ သဘောတူညီချက်ရယူခြင်း၊

(ဂ) ဒေသဆိုင်ရာကော်မတီများ ဖွဲ့စည်းခြင်း၊

(ဃ) ဒေသဆိုင်ရာကော်မတီမှ တင်ပြလာသော စက်မှုဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုများ၊ ရင်းနှီး တည်ဆောက်သူများအား စည်းကြပ်ကောက်ခံရမည့်အခွန်အခများ၊ မြေငှားရမ်းခနှင့် မြေအသုံးပြုခ များကို အတည်ပြုသတ်မှတ်ခြင်း၊

(င) ဒေသဆိုင်ရာကော်မတီမှ တင်ပြလာသည့် စက်မှုဇုန်တည်ဆောက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ဆိုင်ရာ အဆိုပြုချက်များ၊ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်များ၊ မူဝါဒဆိုင်ရာနှင့် အခြား ကိစ္စများကို ညှိနှိုင်းဆောင်ရွက်ပေးခြင်းနှင့် လမ်းညွှန်ခြင်း၊

(စ) စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံများနှင့် လိုအပ်သောအထောက်အပံ့များ စီစဉ်ဆောင်ရွက်ခြင်း။

## အခန်း (၄)
## ဒေသဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၆။ ဗဟိုကော်မတီသည် -

(က) ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဒေသအလိုက် ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရန် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဒေသဆိုင်ရာကော်မတီကို ဖွဲ့စည်း၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒေသအလိုက် အစိုးရအဖွဲ့ဝန်ကြီးချုပ်အား ကော်မတီ၏ နာယကအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ နေပြည်တော်ကောင်စီဝင်၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်း များမှ ပုဂ္ဂိုလ်များနှင့် သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌများအနက်မှ အများဆုံးငါးဦးအား အဖွဲ့ဝင်များအဖြစ်လည်းကောင်း ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

(ခ) ဒေသဆိုင်ရာကော်မတီ၏ အတွင်းရေးမှူးအဖြစ် ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သူအားလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူးအဖြစ် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စက်မှု ကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ဦးစီးဌာနမှူးအားလည်းကောင်း တာဝန်ပေးအပ်ရမည်။

(ဂ) ဒေသဆိုင်ရာကော်မတီအား ဥက္ကဋ္ဌအပါအဝင် ၁၅ ဦးအထိ ဖွဲ့စည်းနိုင်သည်။ ကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇။ ဒေသဆိုင်ရာကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကဖြစ်စေ၊ ရင်းနှီးတည်ဆောက်သူကဖြစ်စေ စက်မှုဇုန်အသစ်တည်ထောင်ရေးအတွက် အဆိုပြုချက်နှင့်စပ်လျဉ်း၍ သင့်လျော်သည့်နေရာ၊ လိုအပ်သည့်နယ်မြေဧရိယာ၊ အကျယ်အဝန်းနှင့် နယ်နိမိတ်ပိုင်းခြား သတ်မှတ်ချက်၊ စီးပွားရေးဆောင်ရွက်ရန်အခြေခံလိုအပ်ချက်များ ရရှိနိုင်မှုအခြေအနေနှင့် စီးပွားရေး တိုးတက်နိုင်မှု အလားအလာတို့ကို စိစစ်သုံးသပ်လျက် သဘောထားမှတ်ချက်များနှင့်တကွ ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ခ) စက်မှုဇုန်များ၏ အခြေခံအဆောက်အအုံများ ပြည့်စုံမှုနှင့် လိုအပ်မှု၊ မြေ၊ ရေနှင့် စွမ်းအင် အကျိုးရှိစွာအသုံးချမှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှု စီးပွားတာဝန်ယူနိုင်မှုတို့အပေါ် သုံးသပ်၍ လိုအပ်သော မူဝါဒများချမှတ်နိုင်ရန်အတွက် ဗဟို ကော်မတီသို့ တင်ပြခြင်း၊

(ဂ) စက်မှုဇုန်ပြင်ပ၌ လုပ်ကိုင်နေသောလုပ်ငန်းများအား စက်မှုဇုန်သို့ ပြောင်းရွှေ့လုပ်ကိုင်ရန် ကြပ်မတ် ဆောင်ရွက်ခြင်း၊ စက်မှုဇုန်အတွင်း လုပ်ကိုင်သူများအား အခွင့်အရေးနှင့် သက်သာခွင့်များရရှိ စေရန်အတွက် မူဝါဒတောင်းခံရန် လိုအပ်ပါက ဗဟိုကော်မတီသို့ တင်ပြဆောင်ရွက်ခြင်း၊

(ဃ) စက်မှုဇုန်သစ်များတည်ထောင်ခြင်းနှင့် လက်ရှိဖော်ထုတ်ပြီး စက်မှုဇုန်များတွင် ဆောင်ရွက်လျက် ရှိသော ဖွံ့ဖြိုးရေးအစီအစဉ်များအား အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း၊

(င) တည်ထောင်ပြီး စက်မှုဇုန်များနှင့် စက်မှုဇုန်အသစ်များအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောအစီအမံများရေးဆွဲတင်ပြခြင်း၊ လုပ်ငန်း တာဝန်များ သတ်မှတ်ခြင်းနှင့် ဗဟိုကော်မတီ၏ အတည်ပြုချက်ရယူခြင်း၊

(စ) တည်ထောင်ပြီး စက်မှုဇုန်များအတွင်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသစ်များအတွက် နေရာချထား ပေးနိုင်သော အဆောက်အဦများဆောက်လုပ်ရန် နေရာသတ်မှတ်ခြင်း၊ စိစစ်ခြင်းနှင့် အတည်ပြုခြင်း၊

(ဆ) ပုဒ်မ ၂၆ အရ စက်မှုဇုန်တွင် ရင်းနှီးမြှုပ်နှံသူများ၏ လုပ်ကိုင်ခွင့် လျှောက်ထားလာမှုအပေါ် သတ်မှတ်ချက်နှင့်အညီ စိစစ်ခွင့်ပြုပေးခြင်း၊

(ဇ) စည်းကြပ်ကောက်ခံရမည့် အခွန်အခများ၊ မြေငှားရမ်းခနှင့် မြေအသုံးပြုခများကို သတ်မှတ် ထုတ်ပြန် ကြေညာနိုင်ရန်အတွက် ဗဟိုကော်မတီသို့ အဆိုပြုတင်ပြ၍ ခွင့်ပြုချက်နှင့်အညီ ကောက်ခံခြင်း၊

(ဈ) ပုဒ်မ ၂၄၊ ပုဒ်မခွဲ (ဆ) အရ ရရှိသည့် ရငွေများအနက် ဗဟိုကော်မတီက သတ်မှတ်သည့် ရာခိုင်နှုန်းကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် ပေးသွင်းပြီး ကျန်ငွေများကို ရန်ပုံငွေအဖြစ် သတ်မှတ်၍ ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

(ည) စီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းနိုင်ရန် အစီအမံများချမှတ်ပေးခြင်းနှင့် ယင်းကော်မတီတွင် တာဝန် ထမ်းဆောင်ရန် အရွေးချယ်ခံမည့် ရင်းနှီးမြှုပ်နှံသူများ၏ အရည်အချင်းကို သတ်မှတ်ပေးခြင်း၊

(ဋ) စီမံခန့်ခွဲရေးကော်မတီများ ဖွဲ့စည်းမှုကို အတည်ပြုခြင်း၊ လုပ်ငန်းများကို အခါအားလျော်စွာ စစ်ဆေးခြင်းနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းပေးခြင်း၊

(ဌ) စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံခန့်ခွဲရေးကော်မတီက တင်ပြလာသည့် စီမံကိန်းများကို စိစစ်၍ အတည်ပြုခြင်း၊ စီမံချက်များအား စိစစ်၍ခွင့်ပြုခြင်း၊

(ဍ) စက်မှုဇုန်အတွင်း အဆောက်အဦ ဆောက်လုပ်ခြင်း၊ လမ်းဖောက်ပြုပြင်ခြင်းကို စီမံခန့်ခွဲရေး ကော်မတီ၏ တင်ပြချက်အပေါ် စိစစ်ခွင့်ပြုပေးခြင်း၊

(ဎ) စီမံခန့်ခွဲရေးကော်မတီမှ တင်ပြလာသည့် စက်မှုဇုန်အတွင်း ရင်းနှီးမြှုပ်နှံနိုင်မည့် လုပ်ငန်း အမျိုးအစားများ သတ်မှတ်ပေးခြင်း၊

(ဏ) စက်မှုဇုန်နှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေကို ဗဟိုကော်မတီသို့ ခြောက်လတစ်ကြိမ် အစီရင်ခံတင်ပြခြင်း၊

(တ) စက်မှုဇုန်အတွင်း ကျူးကျော်ခြင်း၊ ခွင့်ပြုချက်မရှိဘဲ အဆောက်အဦ ဆောက်လုပ်ခြင်း၊ လမ်းဖောက်ခြင်းများကို သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်း၍ တည်ဆဲဥပဒေအရ အရေးယူခြင်း။

## အခန်း (၅)

## စီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၈။ ဒေသဆိုင်ရာကော်မတီသည် -

(က) ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ စက်မှုဇုန်အလိုက် စီမံခန့်ခွဲရေး ကော်မတီတစ်ရပ်စီကို စက်မှုဇုန်လုပ်ငန်းရှင်များမှ ရွေးချယ်တင်မြှောက်သည့် ရင်းနှီးမြှုပ်နှံသူ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နေပြည်တော် ကောင်စီ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။

(ခ) သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ၏ ရွေးချယ်တင်မြှောက်ခံ အဖွဲ့ဝင်များအနက်မှ သင့်လျော်သည့် အဖွဲ့ဝင်တစ်ဦးအား အများဆန္ဒဖြင့် ရွေးချယ်လျက် ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို အများဆန္ဒအရ ရွေးချယ်သတ်မှတ် တာဝန်ပေးရမည်။

(ဃ) စီမံခန့်ခွဲရေးကော်မတီအား ဥက္ကဋ္ဌအပါအဝင် အနည်းဆုံး ၁၅ ဦးမှ အများဆုံး ၂၁ ဦးအထိ ဖွဲ့စည်းရမည်။ လစ်လပ်သွားသော ကော်မတီဝင်များအား အစားထိုးခန့်ထားခြင်းကို ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်နိုင်သည်။

၉။ စီမံခန့်ခွဲရေးကော်မတီ၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်ရက်မှစ၍ ၅ နှစ်ဖြစ်သည်။ ရွေးကောက်ခံကော်မတီဝင်များ၏ သက်တမ်းသည် တစ်ဆက်တည်း နှစ်ကြိမ်အထိသာ ကော်မတီဝင်အဖြစ် ဆောင်ရွက်နိုင်သည်။

၁၀။ စီမံခန့်ခွဲရေးကော်မတီသည် ဒေသဆိုင်ရာကော်မတီအား တာဝန်ခံရမည်။

၁၁။ စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သက်ဆိုင်ရာ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်းသော စီမံကိန်းရေးဆွဲခြင်း၊ နှစ်စဉ်လုပ်ငန်း စီမံချက်ရေးဆွဲခြင်းတို့ကို ဒေသဆိုင်ရာကော်မတီသို့တင်ပြပြီး အတည်ပြုချက်ရယူခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) တည်ထောင်ပြီးစက်မှုဇုန်များတွင် အသုံးမပြုရသေးသော မြေနေရာများအား အသေးစား၊ အငယ်စား၊ အလတ်စား စက်မှုလုပ်ငန်းများကို နေရာချထားနိုင်ရေးအတွက် စိစစ်တင်ပြခြင်း၊

(ဂ) စက်မှုဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ လုပ်ကိုင်နိုင်ရေး အတွက် စီစဉ်ဆောင်ရွက်ပေးခြင်း၊ ရင်းနှီးမြှုပ်နှံနိုင်မည့် လုပ်ငန်းအမျိုးအစားများ သတ်မှတ်ရန် တင်ပြခြင်းနှင့် ဒေသဆိုင်ရာကော်မတီ၏ ခွင့်ပြုချက်ဖြင့် အများပြည်သူသိရှိစေရန် ထုတ်ပြန် ကြေညာခြင်း၊

(ဃ) ရင်းနှီးမြှုပ်နှံမှုနှင့် ရင်းနှီးတည်ဆောက်မှုဆိုင်ရာ စီမံကိန်းများ အကောင်အထည်ဖော်ရေး၊ မြေအသုံးပြုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပညာရေး၊ ကျန်းမာရေး၊ ငွေရေးကြေးရေး၊ အခွန်အခ၊ စည်ပင်သာယာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ လုံခြုံရေးနှင့် မီးဘေးလုံခြုံရေး၊ လျှပ်စစ်စွမ်းအင်နှင့် ရေရရှိရေး စသည့် စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ကြီးကြပ်ကွပ်ကဲခြင်း၊ စစ်ဆေးခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

( င ) စက်မှုဇုန်အတွင်း နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများ၊ ကျွမ်းကျင်အလုပ်သမားများနှင့် ပညာရှင်များအား အလုပ်ခန့်ထားရေး၊ ယင်းတို့၏ မိသားစုဝင်များ နေထိုင်ခွင့်ရရှိရေးနှင့် ပြည်တွင်းခရီးသွားလာရေးတို့အတွက် လိုအပ်သည်များကို ထောက်ခံတင်ပြခြင်း၊

( စ ) စက်မှုဇုန်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် တည်ဆဲဥပဒေများနှင့်အညီ ကြီးကြပ်ကွပ်ကဲခြင်း၊ စက်ရုံမှစွန့်ထုတ်ပစ္စည်း စွန့်ပစ်ရေးစနစ်ကို စိစစ်ခြင်း၊ ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူအား သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်စေခြင်း၊

(ဆ) ဗဟိုကော်မတီနှင့် ဒေသဆိုင်ရာကော်မတီတို့မှ ထုတ်ပြန်သောမူဝါဒများ၊ ညွှန်ကြားချက်များနှင့်အညီ စည်းကမ်းများ ထုတ်ပြန်ခြင်းနှင့် စက်မှုဇုန်အတွင်း စီမံခန့်ခွဲခြင်း၊

( ဇ ) တည်ထောင်ပြီး စက်မှုဇုန်အတွင်းလိုအပ်သော စားသောက်ဆိုင်၊ လူနေဆိုင်ခန်း (Shophouse)၊ လူမှုဖူလုံရေးရုံး၊ လူမှုဖူလုံရေးဆေးခန်း၊ သင်တန်းကျောင်းများနှင့် လူနေတိုက်တာ အဆောက်အဦများအတွက် လိုအပ်သောမြေနေရာကို ဒေသဆိုင်ရာကော်မတီ၏ သဘောတူညီချက်ဖြင့် သတ်မှတ်ဆောင်ရွက်နိုင်ခြင်း၊

(ဈ) စက်မှုဇုန်စီမံခန့်ခွဲမှုရုံးကို ဖွဲ့စည်းပြီး အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ ခန့်အပ်ခြင်း၊

(ည) စက်မှုဇုန်အတွင်း ရင်းနှီးမြှုပ်နှံလိုသူ၏လျှောက်ထားချက်သည် တည်ဆဲဥပဒေများနှင့် ညီညွတ်ပါက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းလုပ်ကိုင်နိုင်ရန် လျှောက်ထားသည့်နေ့ရက်မှ ၁၅ ရက်အတွင်း သက်ဆိုင်ရာဌာနများသို့ ထောက်ခံချက်ပေးခြင်း၊

( ဋ ) စက်မှုဇုန်နှင့် သက်ဆိုင်သောဖွံ့ဖြိုးရေးလုပ်ငန်း၊ စီမံခန့်ခွဲမှုလုပ်ငန်းများအတွက် ရန်ပုံငွေကောက်ခံခြင်းအား ဒေသဆိုင်ရာကော်မတီသို့ တင်ပြ၍ ခွင့်ပြုချက်ရယူဆောင်ရွက်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းကို ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

( ဌ ) အလုပ်သမားများခန့်ထားခြင်း၊ လစာနှင့် အချိန်ပိုလုပ်ခ၊ ခွင့်ရက်၊ အလုပ်ပိတ်ရက်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကိစ္စရပ်များအပါအဝင် အလုပ်သမားများ၏ အကျိုးခံစားခွင့်များရရှိရေးအတွက် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းပေးခြင်း၊

( ဍ ) စက်မှုဇုန်တွင် ကျူးကျော်ခြင်းနှင့် ခွင့်ပြုချက်မရှိဘဲ လမ်းဖောက်ပြုပြင်ခြင်း၊ အဆောက်အဦဆောက်လုပ်ခြင်းများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်း၊

( ဎ ) စက်မှုဇုန်စီမံခန့်ခွဲရေးဆိုင်ရာ အထောက်အကူပြု ဆပ်ကော်မတီများကို လိုအပ်ပါက ဖွဲ့စည်းခြင်း။

## အခန်း (၆)
## စက်မှုဇုန်သတ်မှတ်ကြေညာခြင်း

၁၂။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ဤဥပဒေအရ စက်မှုဇုန်တည်ထောင်ရန် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အဆိုပြုချက်အပေါ် သတ်မှတ်ချက်များနှင့် ကိုက်ညီကြောင်း၊ ဗဟိုကော်မတီမှတင်ပြသည့် တည်နေရာအား စိစစ်၍ ငြင်းပယ်ခြင်း သို့မဟုတ် အတည်ပြုခြင်း ပြုလုပ်ရမည်။

( ခ ) ပုဒ်မခွဲ (က) အရ အတည်ပြုပေးသော တည်နေရာ၊ အကျယ်အဝန်းနှင့် နယ်နိမိတ်အပိုင်းအခြားကို စက်မှုဇုန်တည်ထောင်မည်ဖြစ်ကြောင်း အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ကြေညာရမည်။

( ဂ ) ဤဥပဒေ မပြဋ္ဌာန်းမီကတည်ရှိခဲ့သော စက်မှုဇုန်များအား အမျိုးအစား၊ အဆင့်အတန်းခွဲခြားသတ်မှတ်၍ စက်မှုဇုန်အဖြစ် ကြေညာရမည်။

(ဃ) စက်မှုဇုန်မြေများအား စက်မှုလုပ်ငန်းများနှင့်ဆက်စပ်သော ဝန်ဆောင်မှုလုပ်ငန်းများမှအပ အခြားနည်းအသုံးပြုခွင့်မရှိစေရန် လိုအပ်သည့်အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ပေးရမည်။

၁၃။ ဒေသဆိုင်ရာကော်မတီသည် စက်မှုဇုန်တည်ထောင်ရန် သတ်မှတ်ကြေညာပြီးဖြစ်သော တည်နေရာရှိ မြေများကို စက်မှုဇုန်မြေအဖြစ် ဖော်ဆောင်နိုင်ရန်အတွက် သက်ဆိုင်ရာဌာနများက စက်မှုဇုန်ဧရိယာ နယ်နိမိတ်အား တိကျစွာ သတ်မှတ်ဖော်ပြခြင်း၊ မြေပုံထုတ်ပေးခြင်းနှင့် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ရမည်။

## အခန်း (၇)
## စက်မှုဇုန်တည်ထောင်ခြင်း

၁၄။ ဗဟိုကော်မတီသည် အောက်ပါအခြေခံရမည့်အချက်များကို မူတည်၍ သင့်လျော်သည့်အရပ်ဒေသ သို့မဟုတ် နယ်မြေတွင် စက်မှုဇုန်တည်ထောင်ရန်အတွက် ဒေသဆိုင်ရာကော်မတီမှ အဆိုပြု တင်ပြချက်ကိုစိစစ်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စက်မှုဇုန်အသစ်များ တည်ထောင်ရန် ဆောင်ရွက်နိုင်သည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့က ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် ရွေးချယ်သတ်မှတ်သည့် နယ်မြေဖြစ်ခြင်း၊

(ခ) စက်မှုလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်ရန် လုံလောက်သောမြေနေရာရှိခြင်းနှင့် လိုအပ်သော အခြေခံအဆောက်အအုံ (Infrastructure) များ ပါဝင်သည့် စက်မှုဇုန်အကောင် အထည်ဖော်ရေး ပင်မစီမံကိန်း (Master Plan) ကို ဆောင်ရွက်နိုင်ခြင်း၊

(ဂ) ဆိပ်ကမ်း၊ လေယာဉ်ကွင်းကဲ့သို့ နိုင်ငံတကာထွက်ပေါက်ရှိခြင်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ နယ်စပ်ဆက်သွယ်ရေးလမ်းကြောင်း သို့မဟုတ် ပြည်တွင်းဈေးကွက်များကို အလွယ်တကူသွားလာ ဆက်သွယ်နိုင်ခြင်း၊

(ဃ) စက်မှုကုန်ကြမ်းများ၊ အရင်းအမြစ်များနှင့် အခြေခံထုတ်ကုန်များ ပြည့်စုံလုံလောက်စွာရရှိနိုင်ခြင်း၊

(င) ကျွမ်းကျင်အလုပ်သမားများ၊ ကျွမ်းကျင်မှုအထိုက်အလျောက်ရှိသည့် အလုပ်သမားများနှင့် သင်ကြားလေ့ကျင့် ပျိုးထောင်ပေးနိုင်သော အလုပ်သမားများ ရရှိနိုင်ခြင်း၊

(စ) လိုအပ်သော ကျွမ်းကျင်အလုပ်သမားများ ရရှိနိုင်ရေးအတွက် သင်တန်းများဖွင့်လှစ်၍ လေ့ကျင့် ပေးရန် စီစဉ်ဆောင်ရွက်နိုင်ခြင်း။

၁၅။ ဒေသဆိုင်ရာကော်မတီသည် -

(က) ရင်းနှီးတည်ဆောက်သူကို တည်ဆဲဥပဒေများ၊ တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ ရွေးချယ်ရမည်။

(ခ) ရင်းနှီးတည်ဆောက်သူကို တင်ဒါစနစ်ဖြင့် ရွေးချယ်ရာတွင် နိုင်ငံတော်နှင့် နိုင်ငံသားများအား အကျိုးရှိစေနိုင်မှု၊ စီမံကိန်းကို လျင်မြန်စွာ အကောင်အထည်ဖော်နိုင်မှု၊ ပွင့်လင်းမြင်သာမှုနှင့် စက်မှုဇုန်လုပ်ငန်း အောင်မြင်စွာဆောင်ရွက်နိုင်စွမ်းရှိမှုတို့ကို အဓိကထည့်သွင်းစဉ်းစား၍ ဦးစားပေးရွေးချယ်နိုင်သည်။

၁၆။ စက်မှုဇုန်တည်ထောင်ရာတွင် အောက်ပါမြေအသုံးချမှုအင်္ဂါရပ်များနှင့် ရာခိုင်နှုန်းအချိုးအစားအတိုင်း ပါဝင်ရမည် -

(က) စက်မှုလုပ်ငန်းနယ်မြေ (Industrial Area) အတွက် ၆၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိ၊

(ခ) ကုန်သွယ်မှုနယ်မြေ (Commercial Area) အတွက် ၁ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းအထိ၊

(ဂ) စက်မှုဇုန်ဝန်ဆောင်မှုနှင့် အထောက်အကူပြုအသုံးချနယ်မြေ (Public Utilities and Assistant Area) အတွက် ၂၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းအထိ၊

(ဃ) စိမ်းလန်းနယ်မြေ (Green Belt) အတွက် ၉ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ။

၁၇။ ဒေသဆိုင်ရာကော်မတီက စက်မှုဇုန်အရွယ်အစား၊ အမျိုးအစားနှင့် အဆင့်အတန်းသတ်မှတ်ခြင်းအား စက်မှုလုပ်ငန်းမူဝါဒနှင့်အညီ အဆိုပြု၍ ဗဟိုကော်မတီသို့ တင်ပြအတည်ပြုချက် ရယူရမည်။

## အခန်း (၈)

## ရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်း

၁၈။ ဒေသဆိုင်ရာကော်မတီသည် စက်မှုဇုန်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်ထောက်ပံ့ငွေ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများမှ အကူညီရရှိငွေ၊ ပုဒ်မ ၇၊ ပုဒ်မခွဲ (ဇ) အရ ရရှိသည့်ရငွေများနှင့် အခြားရငွေများဖြင့် ရန်ပုံငွေထူထောင်ထားရှိရမည်။

၁၉။ စီမံခန့်ခွဲရေးကော်မတီသည် စက်မှုဇုန်လုပ်ငန်းရှင်များ၏ အချိုးကျထည့်ဝင်ငွေများ၊ ဒဏ်ကြေးငွေ များနှင့် အခြားရငွေများဖြင့် ရန်ပုံငွေထူထောင်ထားရှိရမည်။

၂၀။ ဒေသဆိုင်ရာကော်မတီသည် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပြီး ယင်း၏လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

၂၁။ စီမံခန့်ခွဲရေးကော်မတီသည် ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ဗ) အရ ဒေသဆိုင်ရာကော်မတီ၏ ခွင့်ပြုချက်ဖြင့် ရန်ပုံငွေထိန်းသိမ်းရေးနှင့် သုံးစွဲရေးဆပ်ကော်မတီများကို ဖွဲ့စည်းနိုင်သည်။

၂၂။ စီမံခန့်ခွဲရေးကော်မတီ ရုံးအဖွဲ့၏ အုပ်ချုပ်ရေးမှုနှင့် ဝန်ထမ်းများအတွက် လစာနှင့် စရိတ်များကို ရန်ပုံငွေမှ ကျခံသုံးစွဲရမည်။

## အခန်း (၉)

## ရင်းနှီးတည်ဆောက်သူ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၃။ ရင်းနှီးတည်ဆောက်မှုလုပ်ငန်းများကို လုပ်ကိုင်ရာတွင် ရင်းနှီးတည်ထောင်မည့် အဆိုပြုချက်ကို ဒေသဆိုင်ရာကော်မတီမှတစ်ဆင့် ဗဟိုကော်မတီ၏ အတည်ပြုချက်ရယူရမည်။

၂၄။ ရင်းနှီးတည်ဆောက်သူသည် -

(က) ဒေသဆိုင်ရာကော်မတီနှင့် လုပ်ငန်းသဘောတူစာချုပ် ချုပ်ဆိုပြီးနောက် ခွင့်ပြုထားသည့် သတ်မှတ်ချက်များနှင့်အညီ စက်မှုဇုန်လုပ်ငန်း အကောင်အထည်ဖော်ခြင်း၊ ရင်းနှီးမြှုပ်နှံသူများအား ထပ်ဆင့် မြေအငှားချထားခြင်း၊ အခြေခံအဆောက်အအုံ တည်ဆောက်ခြင်းတို့ကို ပြုလုပ်နိုင်သည်။

(ခ) စက်မှုဇုန် မွမ်းမံထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းများကို စီမံခန့်ခွဲရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် လုပ်ကိုင်နိုင်သည်။

(ဂ) သက်ဆိုင်ရာစက်မှုဇုန်အတွင်း တည်ဆောက်ရေးစီမံကိန်းတစ်ခုစီအတွက် သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးဆုံးအောင် ဆောင်ရွက်ရမည်။ သတ်မှတ်ထားသောကာလအတွင်း တည်ဆောက်မှု လုပ်ငန်းပြီးစီးခြင်းမရှိပါက ခိုင်လုံသော အကြောင်းပြချက်ကို ဒေသဆိုင်ရာကော်မတီ၏ သဘောထား မှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့တင်ပြ၍ အဆုံးအဖြတ်ရယူရမည်။ ခိုင်လုံသောအကြောင်းပြချက် မဟုတ်ကြောင်း စိစစ်တွေ့ရှိပါက စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ကိုင်ခွင့် ရုပ်သိမ်းခြင်း ခံရမည်။

(ဃ) စက်မှုဇုန်အတွင်းရှိ အခြေခံအဆောက်အအုံများကို မိမိကိုယ်တိုင်ဖြစ်စေ၊ အခြားအဖွဲ့အစည်း များအား လုပ်ငန်းအပ်နှံ၍ဖြစ်စေ ဆောင်ရွက်နိုင်သည်။

(င) ဆက်စပ်အခြေခံအဆောက်အအုံတစ်ခုသည် ၎င်းဝန်ဆောင်မှုအား စက်မှုဇုန်အတွင်းတွင်သာမက ဇုန်ပြင်ပသို့ပါ ဝန်ဆောင်မှုပေးမည်ဆိုပါက ယင်းဇုန်ပြင်ပဝန်ဆောင်မှုလုပ်ငန်းများအတွက် သက်ဆိုင်ရာအစိုးရဌာနများ၏ ခွင့်ပြုချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(စ) ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး၊ မီးဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးကိစ္စရပ်များအတွက် သက်ဆိုင်ရာဥပဒေများနှင့်အညီ လိုက်နာ ဆောင်ရွက်ရမည်။

(ဆ) မြေအသုံးချခွင့်နှင့် လုပ်ငန်းလုပ်ကိုင်ခွင့်တို့အတွက် ပေးရန်ရှိသည့်အဖိုးအခကို ဒေသဆိုင်ရာကော်မတီနှင့် သဘောတူချုပ်ဆိုထားသော လုပ်ငန်းသဘောတူစာချုပ်အရ တစ်လုံးတစ်ခဲတည်းဖြစ်စေ၊ ပုံမှန်အရစ်ကျဖြစ်စေ ဒေသဆိုင်ရာကော်မတီသို့ ပေးသွင်းရမည်။

(ဇ) စက်မှုဇုန်အတွင်း အကောက်ခွန်ကြီးကြပ်မှု ကုန်လှောင်ရုံစနစ် (Bonded Warehouse System) ဆောင်ရွက်ခြင်းကိစ္စနှင့်စပ်လျဉ်း၍ အကောက်ခွန်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၂၅။ ရင်းနှီးတည်ဆောက်သူသည် အောက်ပါအတိုင်း ဝင်ငွေခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်တို့ကို ခံစားခွင့်ရှိသည် -

(က) သက်ဆိုင်ရာဥပဒေ၊

(ခ) ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ အထူးကိစ္စရပ်အဖြစ် ခွင့်ပြုသည့်ခံစားခွင့်များ။

## အခန်း (၁၀)

## ရင်းနှီးမြှုပ်နှံသူ၏ တာဝန်နှင့် ကင်းလွတ်ခွင့်များ

၂၆။ ရင်းနှီးမြှုပ်နှံသူသည် စက်မှုဇုန်အတွင်း အောက်ပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ လုပ်ကိုင်ခွင့်ရှိသည် -

(က) ကုန်ချောပစ္စည်းထုတ်လုပ်ခြင်း၊ ဆက်စပ်ကုန်ပစ္စည်းအဆင့်ဆင့် ထုတ်လုပ်ခြင်း၊ ထုပ်ပိုးပစ္စည်းထုတ်လုပ်ခြင်းနှင့် တန်ဖိုးမြှင့် ထုတ်ကုန်များထုတ်လုပ်ခြင်း၊

(ခ) ကုန်ကြမ်း၊ ကုန်ချောသယ်ယူပို့ဆောင်ဖြန့်ဖြူးခြင်းလုပ်ငန်းများ၊ လမ်းထိန်းသိမ်းခြင်းနှင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ၊

(ဂ) ကုန်ထုတ်လုပ်မှုနှင့်ဆက်စပ်သည့် အခြားဝန်ဆောင်မှုလုပ်ငန်းများ၊

(ဃ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှ ထုတ်လုပ်သည့် ပစ္စည်းများအား သတ်မှတ်ချက်နှင့်အညီ ပြည်တွင်း ပြည်ပသို့ ကူးသန်းရောင်းဝယ်ခြင်း။

၂၇။ ရင်းနှီးမြှုပ်နှံသူသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိရန် ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စီမံခန့်ခွဲရေးကော်မတီမှတစ်ဆင့် ဒေသဆိုင်ရာကော်မတီသို့ လျှောက်ထားရမည်။

၂၈။ သက်ဆိုင်ရာစက်မှုဇုန်အတွင်း တည်ဆောက်ရေးစီမံကိန်းတစ်ခုစီအတွက် သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးဆုံးအောင် ဆောင်ရွက်ရမည်။ သတ်မှတ်ထားသောကာလအတွင်း တည်ဆောက်မှုလုပ်ငန်း ပြီးစီးခြင်းမရှိပါက ခိုင်လုံသောအကြောင်းပြချက်ကို စီမံခန့်ခွဲရေးကော်မတီ၏ သဘောထားမှတ်ချက်နှင့်အတူ ဒေသဆိုင်ရာကော်မတီသို့ တင်ပြ၍ အဆုံးအဖြတ်ရယူရမည်။ ခိုင်လုံသောအကြောင်းပြချက် မဟုတ်ကြောင်း စိစစ်တွေ့ရှိပါက စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ကိုင်ခွင့်ရုပ်သိမ်းခြင်းခံရမည်။

၂၉။ ရင်းနှီးမြှုပ်နှံသူသည် အောက်ပါအတိုင်း ဝင်ငွေခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်တို့ကို ခံစားခွင့်ရှိသည် -

(က) သက်ဆိုင်ရာဥပဒေ၊

(ခ) ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ အထူးကိစ္စရပ်အဖြစ် ခွင့်ပြုသည့်ခံစားခွင့်များ။

၃၀။ ရင်းနှီးမြှုပ်နှံသူသည် -

(က) သက်ဆိုင်ရာဌာနများတွင် တည်ဆဲဥပဒေများနှင့်အညီ မှတ်ပုံတင်ရမည်။

(ခ) လုပ်ငန်းဆောင်ရွက်ခြင်းအား သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၏ သတ်မှတ်ချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည်။

(ဂ) မိမိ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေကို စီမံခန့်ခွဲရေးကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ တင်ပြရမည်။

(ဃ) စက်မှုဇုန်အတွင်းရှိ ပျက်စီးယိုယွင်း၍ အသုံးမပြုနိုင်သော စံချိန်စံညွှန်းမမီ၊ အများပြည်သူလူထုကို ဘေးအန္တရာယ်ဖြစ်စေသော ကုန်ကြမ်းပစ္စည်းများနှင့် စံချိန်စံညွှန်းမမီသော ထုတ်ကုန်ပစ္စည်းများကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဖျက်ဆီးရမည်။

(င) ဝန်ထမ်းများခန့်ထားခြင်း၊ လစာနှင့် အချိန်ပိုလုပ်ခ၊ ခွင့်ရက်၊ အလုပ်ပိတ်ရက်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကိစ္စရပ်များအပါအဝင် အလုပ်သမားများ၏ အကျိုးခံစားခွင့်များရရှိရေးအတွက် တည်ဆဲဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ရမည်။

၃၁။ ရင်းနှီးမြှုပ်နှံသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပါ စံချိန်စံညွှန်းများကို လိုက်နာရမည့်အပြင် လူမှုရေး၊ ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ ထိခိုက်မှုမရှိစေရန် တည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၃၂။ ရင်းနှီးမြှုပ်နှံသူသည် မိမိ၏လုပ်ငန်းပိတ်သိမ်းခြင်း သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ပြုလုပ်လိုပါက သက်ဆိုင်ရာဌာနများနှင့် စီမံခန့်ခွဲရေးကော်မတီသို့ ကြိုတင်အကြောင်းကြား၍ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၃၃။ ရင်းနှီးမြှုပ်နှံသူသည် မိမိ၏ လုပ်ငန်း၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ အစုရှယ်ယာအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ လွှဲပြောင်းသည့်အခါ သက်ဆိုင်ရာဌာနများနှင့် စီမံခန့်ခွဲရေးကော်မတီအား အကြောင်းကြားပြီး တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၃၄။ ရင်းနှီးမြှုပ်နှံသူသည် ပြည်တွင်း ပြည်ပဝန်ထမ်းများ ခန့်ထားမှုအခြေအနေအရပ်ရပ်အား စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြရမည်။

## အခန်း (၁၁)
## မြေအသုံးပြုခြင်း

၃၅။ ဒေသဆိုင်ရာကော်မတီသည် စက်မှုမြေအား စက်မှုကုန်ထုတ်လုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ရန် ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူအား သတ်မှတ်ထားသည့် မြေငှားရမ်းခများကို ပေးသွင်းစေပြီး နှစ် ၅၀ အထိ ခွင့်ပြုနိုင်သည်။ ယင်းသက်တမ်းကုန်ဆုံးပြီးနောက် ရင်းနှီးမြှုပ်နှံသူက ဆက်လက်လုပ်ကိုင်လိုလျှင် တစ်ဆက်တည်း ၁၀ နှစ်သက်တမ်းနှစ်ကြိမ်အထိ တိုးမြှင့်ပေးနိုင်သည်။

၃၆။ စက်မှုဇုန်သတ်မှတ်ကြေညာခြင်းမပြုမီ စက်မှုဇုန်ထူထောင်ရန်လျာထားသော မြေပေါ်တွင် လူနေအိမ်ခြေများ၊ အဆောက်အဦများ၊ လယ်ယာဥယျာဉ်ခြံမြေများ၊ သီးပင်စားပင်များ၊ စိုက်ခင်းများ စသည်တို့ကို ပြောင်းရွှေ့ရှင်းလင်းပေးရန်ရှိပါက ၎င်းတို့ကို ပြောင်းရွှေ့နေရာချထားခြင်း၊ နစ်နာကြေးပေးခြင်းနှင့် လျော်ကြေးပေးခြင်းတို့ကို သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က တည်ဆဲဥပဒေများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးရမည်။

၃၇။ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ရင်းနှီးတည်ဆောက်သူသည် -

(က) အသုံးပြုခွင့်ရရှိသောမြေကို သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ အသုံးပြုရမည်။

(ခ) စက်မှုဇုန်အတွင်း မြေကွက်များအား လက်ရှိရယူထားပြီး လုပ်ငန်းလုပ်ကိုင်ခြင်းမရှိသော မြေကွက်များကို ဤဥပဒေပြဋ္ဌာန်းသည့်နေ့မှ ခြောက်လအတွင်း လုပ်ငန်းစီမံချက်တင်ပြ၍ အတည်ပြုချက်ရယူရမည်။ တင်ပြသော စီမံကိန်းကို နှစ်နှစ်အတွင်း ပြီးစီးအောင်လုပ်ကိုင်ခြင်းမရှိပါက ဒေသဆိုင်ရာကော်မတီက သတ်မှတ်သောမြေကာလတန်ဖိုး၏ ၅၀ ရာခိုင်နှုန်းဖြင့် ပြန်လည်သိမ်းဆည်း၍ အမှန်တကယ်လုပ်ငန်းလုပ်ကိုင်မည့်လုပ်ငန်းရှင်များအား လွှဲပြောင်းပေးခြင်းကို ခံယူရမည်။

(ဂ) အသုံးပြုခွင့်ရရှိသော မြေ၏သဘာဝမြေမျက်နှာသွင်ပြင် သို့မဟုတ် မြေအနိမ့်အမြင့်အနေအထားကို သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ သိသာထင်ရှားစွာ ပြုပြင်ပြောင်းလဲခြင်း မပြုရ။

(ဃ) လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန် ခွင့်ပြုထားသည့်ကာလအတွင်း အခြားသူ သို့မဟုတ် အခြား အဖွဲ့အစည်းများသို့ မြေငှားရမ်းခြင်း၊ မြေအသုံးပြုခွင့်နှင့် အဆောက်အအုံများကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်း ပြုလုပ်လိုပါက သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ၏ သဘောထားမှတ်ချက်နှင့်အတူ ဒေသဆိုင်ရာကော်မတီသို့တင်ပြပြီး သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၈။ အသုံးပြုခွင့်ရရှိသောမြေ၏ မြေပေါ်၊ မြေအောက်၌ ရင်းနှီးမြှုပ်နှံခွင့်ပြုသည့် လုပ်ငန်းနှင့်မသက်ဆိုင်သည့် မူလစာချုပ်တွင် မပါဝင်သော သဘာဝသယံဇာတတွင်းထွက်ပစ္စည်းကိုဖြစ်စေ၊ ရှေးဟောင်းဝတ္ထုပစ္စည်းကို ဖြစ်စေ၊ ရတနာသိုက်ကိုဖြစ်စေ တွေ့ရှိလျှင် စီမံခန့်ခွဲရေးကော်မတီသို့ ချက်ချင်းအကြောင်းကြားရမည်။ စီမံခန့်ခွဲရေးကော်မတီမှ ပြည်ထောင်စုနယ်မြေ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့သို့ တင်ပြပြီး ခွင့်ပြုချက်ရလျှင် ယင်းမြေပေါ်၌ ဆက်လက်လုပ်ကိုင်နိုင်သည်။ ခွင့်ပြုချက်မရလျှင် အစားထိုးစီစဉ်ပေးသည့်နေရာသို့ ပြောင်းရွှေ့ဆောင်ရွက်ရမည်။

၃၉။ မြေငှားရမ်းခများနှင့် မြေအသုံးပြုခများအား ဒေသတွင်းနိုင်ငံများရှိ စက်မှုဇုန်များနှင့် ယှဉ်ပြိုင်နိုင်စွမ်း ရှိသော နှုန်းထားများကို ဒေသဆိုင်ရာကော်မတီမှ ဗဟိုကော်မတီသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

## အခန်း (၁၂)
## ပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံဆောင်ရွက်ခြင်း

၄၀။ စက်မှုဇုန်တည်ထောင်ရာတွင်လည်းကောင်း၊ စက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ အခြားတည်ဆဲဥပဒေ များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၄၁။ ရင်းနှီးတည်ဆောက်သူက အသစ်တည်ထောင်မည့် စက်မှုဇုန်တွင် စက်မှုလုပ်ငန်းများမှထွက်ရှိသော စွန့်ပစ်ပစ္စည်းများထိန်းသိမ်းခြင်း၊ သန့်စင်ခြင်းနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာစွန့်ပစ်ခြင်းအတွက် စုပေါင်း အသုံးပြုနိုင်ရန်လိုအပ်သည့် နည်းစနစ်နှင့် တည်ဆောက်မှုများကို တစ်ပါတည်း ထည့်သွင်းဆောင်ရွက်ရမည်။

၄၂။ ရင်းနှီးမြှုပ်နှံသူသည် ပတ်ဝန်းကျင်ညစ်ညမ်းမှု ထိန်းချုပ်ရေးစီမံခန့်ခွဲခြင်း (Pollution Control Management)၊ စွမ်းအင်စီမံခန့်ခွဲခြင်း (Energy Management) များအား သက်ဆိုင်ရာဝန်ကြီးဌာနများမှ ထုတ်ပြန်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄၃။ တည်ထောင်ပြီးစက်မှုဇုန်များတွင် ဒေသဆိုင်ရာကော်မတီမှ ကြီးကြပ်လျက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ ကိစ္စရပ်များကို နှစ်အလိုက် စီမံကိန်းများချမှတ်၍ ပြုပြင်ပြောင်းလဲဆောင်ရွက်ရမည်။

၄၄။ ရင်းနှီးမြှုပ်နှံသူများသည် စက်မှုဇုန်အတွင်း စုပေါင်းစနစ်ဖြင့် စွန့်ပစ်ပစ္စည်းထိန်းသိမ်းသန့်စင်၍ ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်မှုအတွက် ကုန်ကျစရိတ်များကို စွန့်ပစ်ပစ္စည်းထွက်ရှိမှုပမာဏအလိုက် စီမံခန့်ခွဲရေးကော်မတီက သတ်မှတ်သည့် သင့်လျော်သောနှုန်းထားဖြင့် ကျခံရမည်။

၄၅။ စုပေါင်းစနစ်ဖြင့် စွန့်ပစ်ပစ္စည်းထိန်းသိမ်း၍ ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်မှုနည်းစနစ်ကို အသုံးပြုနိုင်ခြင်းမရှိသည့် တည်ထောင်ပြီးစက်မှုဇုန်များတွင် ရင်းနှီးမြှုပ်နှံသူများက ကိုယ်ပိုင်အစီအစဉ်ဖြင့် စွန့်ပစ်ပစ္စည်း ထိန်းသိမ်းသန့်စင်၍ ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်မှုစနစ်ကို တည်ဆောက်တပ်ဆင် အသုံးပြုရမည်။

## အခန်း (၁၃)

## ပေးချေငွေများအပေါ် ဝင်ငွေခွန်ကောက်ခံခြင်း

၄၆။　ပြည်ပနေနိုင်ငံခြားသားသည် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းအဖြစ် တည်ထောင်ထားခြင်းမရှိသော်လည်း ကိုယ်ပိုင်ပစ္စည်းနှင့် အသိဉာဏ်ဆိုင်ရာပစ္စည်း လုပ်ငန်းတစ်ခုခုအရ စက်မှုဇုန်နှင့်ဆက်စပ်၍ လုပ်ငန်းဆောင်ရွက်ခွင့်ရရှိလျှင် ရင်းနှီးမြှုပ်နှံသူက ငွေပေးချေသည့်ကိစ္စနှင့်ပတ်သက်၍ ဝင်ငွေခွန်ဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်သတ်မှတ်သည့် နှုန်းထားအတိုင်း ကျသင့်သောဝင်ငွေခွန်ကို ငွေထုတ်ပေးချိန်တိုင်းတွင် နုတ်ယူပေးသွင်းရမည်။

၄၇။　စက်မှုဇုန်ရှိလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်သည့် ပြည်တွင်း ပြည်ပမှ ဝန်ထမ်းများနှင့် အလုပ်သမားများ၏ ဝင်ငွေခွန်ကျသင့်သည့် လစာဝင်ငွေအပေါ်တွင် ဝင်ငွေခွန်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျသင့်ဝင်ငွေခွန်ကို သက်ဆိုင်ရာရင်းနှီးမြှုပ်နှံသူက ကောက်ခံပေးသွင်းရမည်။

## အခန်း (၁၄)

## စက်မှုဇုန်လုပ်ငန်းများအား အခွင့်အရေးခံစားခွင့်ပြုခြင်း

၄၈။　ရင်းနှီးတည်ဆောက်သူနှင့် ရင်းနှီးမြှုပ်နှံသူတို့အား ကနဦး တည်ဆောက်ရေးလုပ်ငန်းတွင် အသုံးပြုရန် စက်ယန္တရားကြီးများနှင့် စက်ပစ္စည်းကိရိယာများ ယာယီတင်သွင်းခြင်းကို ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေပါ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခွင့်ပြုသည်။ ဒေသဆိုင်ရာကော်မတီ၏ ထောက်ခံချက်ဖြင့် တင်သွင်းခြင်းကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ညှိနှိုင်းဆောင်ရွက်ရမည်။

၄၉။　ဗဟိုကော်မတီသည် စက်မှုဇုန်အတွင်းရှိ ရင်းနှီးတည်ဆောက်သူနှင့် ရင်းနှီးမြှုပ်နှံသူတို့အား ဝင်ငွေခွန် ကင်းလွတ်ခွင့်ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပါ ဇုန်အမျိုးအစားအလိုက် သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုနိုင်သည်။

၅၀။　ဗဟိုကော်မတီသည် အောက်ဖော်ပြပါ လုပ်ငန်းများအား အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီး အထူး ခံစားခွင့်များကို ကာလအပိုင်းအခြားသတ်မှတ်၍ ခွင့်ပြုနိုင်သည် -

(က)　ဖွံ့ဖြိုးမှုအားနည်းသော အရပ်ဒေသများရှိ စက်မှုဇုန် ရင်းနှီးတည်ဆောက်မှု လုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(ခ)　အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည့် အရပ်ဒေသများ၌ အလုပ်အကိုင် အခွင့်အလမ်း အများအပြားပေးနိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(ဂ)　စိုက်ပျိုးမွေးမြူရေး အခြေခံထွက်ကုန်ပစ္စည်းများအား တန်ဖိုးမြှင့် ပြည်ပပို့ကုန်အဖြစ် ဆောင်ရွက် နိုင်စွမ်းရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(ဃ)　အရည်အသွေးပြည့်မီသည့် လယ်ယာသုံးစက်ပစ္စည်းကိရိယာအမျိုးမျိုး ထုတ်လုပ်သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၊

(င)　တန်ဖိုးမြှင့်တင်လျက် နိုင်ငံခြားတင်ပို့ခြင်းလုပ်ငန်းများ၊ တီထွင်ဆန်းသစ်မှုဖြင့် ဖန်တီးထုတ်လုပ် ထားသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ။

## အခန်း (၁၅)

## စက်မှုဇုန်များအား အောင်မြင်စွာလည်ပတ်လုပ်ကိုင်နိုင်ရန် စီမံဆောင်ရွက်ခြင်း

၅၁။　ဗဟိုကော်မတီသည် ဤဥပဒေမပြဋ္ဌာန်းမီက တည်ထောင်ပြီးသော စက်မှုဇုန်များအား ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ညီညွတ်စေရေး ဆောင်ရွက်ရန် ဒေသဆိုင်ရာကော်မတီအား တာဝန်ပေးအပ်နိုင်သည်။

၅၂။ ဒေသဆိုင်ရာကော်မတီသည် မအောင်မြင်သော စက်မှုဇုန်များအား အောင်မြင်စွာ လည်ပတ်လုပ်ကိုင်နိုင်စေမည့် အစီအမံများရေးဆွဲရာတွင် -

(က) သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောထား အကြံပြုချက်များကို ရယူဆောင်ရွက်နိုင်သည်။

(ခ) သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီအား အထူးစီမံချက်တစ်ရပ် ရေးဆွဲတင်ပြစေရန် တာဝန်ပေးအပ်နိုင်သည်။

(ဂ) ကျွမ်းကျင်သူပညာရှင် သို့မဟုတ် အဖွဲ့အား ယင်းစက်မှုဇုန်နှင့်စပ်လျဉ်း၍ လေ့လာဆန်းစစ်ချက် အစီရင်ခံစာ တင်ပြစေရန် တာဝန်ပေးအပ်နိုင်သည်။

၅၃။ ဒေသဆိုင်ရာကော်မတီသည် စက်မှုဇုန်များအား အောင်မြင်စွာလည်ပတ်လုပ်ကိုင်နိုင်ရန် အောက်ဖော်ပြပါ လိုအပ်မည့်အစီအမံကို ဗဟိုကော်မတီ၏ အတည်ပြုချက်ရယူ၍ ဆောင်ရွက်ရမည် -

(က) မြေအသုံးချမှု၊

(ခ) သယံဇာတ အသုံးချမှု၊

(ဂ) စွမ်းအင်စနစ်တကျ အကျိုးရှိထိရောက်စွာအသုံးချမှု၊

(ဃ) လူ့စွမ်းအားအရင်းအမြစ် အသုံးချမှု၊

(င) အုပ်ချုပ်ထောက်ပံ့မှု (Logistic)၊

(စ) ဘဏ္ဍာရေးဝန်ဆောင်မှု၊

(ဆ) အထူးစီးပွားရေးဇုန်များ၊ အခြားစက်မှုဇုန်များနှင့် ချိတ်ဆက်ဆောင်ရွက်မှု၊

(ဇ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ချိတ်ဆက်ဆောင်ရွက်မှု၊

(စျ) အကောက်ခွန်ကြီးကြပ်မှု ကုန်လှောင်ရုံစနစ် (Bonded Warehouse System) ထူထောင်မှု။

## အခန်း (၁၆)
## စက်မှုဇုန်စီမံခန့်ခွဲရေးဆိုင်ရာ အငြင်းပွားမှုများဖြေရှင်းခြင်း

၅၄။ စက်မှုဇုန်စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ အငြင်းပွားမှု တစ်စုံတစ်ရာပေါ်ပေါက်လျှင် စီမံခန့်ခွဲရေးကော်မတီက အငြင်းပွားသူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအကြား ညှိနှိုင်းဖြေရှင်းဆောင်ရွက်ရမည်။

၅၅။ ပုဒ်မ ၅၄ အရ ဖြေရှင်းဆောင်ရွက်သော်လည်း ပြေလည်မှုမရရှိပါက -

(က) ဒေသဆိုင်ရာကော်မတီသို့ တင်ပြ၍ အငြင်းပွားမှုများကို ဆက်လက်ဖြေရှင်းဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖြေရှင်းဆောင်ရွက်နိုင်ခြင်းမရှိလျှင် နိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်သည်။

## အခန်း (၁၇)
## စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်းနှင့် အယူခံခြင်း

၅၆။ မည်သူမဆို ဤဥပဒေအရ သက်ဆိုင်ရာကော်မတီအသီးသီးမှ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများ၊ အမိန့်၊ ညွှန်ကြားချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ပါက ထိုသူအပေါ် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) စာဖြင့် သတိပေးခြင်း၊

(ခ) သတ်မှတ်ထားသောဒဏ်ငွေ ပေးဆောင်စေခြင်း၊

(ဂ) လုပ်ငန်းကို ယာယီရပ်ဆိုင်းခြင်း။

၅၇။ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူသည် ပုဒ်မ ၅၆ ပါ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်အား ကျေနပ်ခြင်းမရှိပါက ယင်းအမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဒေသဆိုင်ရာကော်မတီသို့ အယူခံဝင်ရောက်နိုင်သည်။

၅၈။ ဒေသဆိုင်ရာကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၈)
## တားမြစ်ချက်များ

၅၉။ မည်သူမျှ စက်မှုဇုန်အတွင်း ကျူးကျော်ခြင်း၊ ခွင့်ပြုချက်မရှိဘဲ အဆောက်အဦဆောက်လုပ်နေထိုင်ခြင်း မပြုရ။

၆၀။ မည်သူမျှ စက်မှုဇုန်အတွင်း စွန့်ပစ်ပစ္စည်းများကို စနစ်တကျမရှိသောနည်းလမ်းဖြင့် စွန့်ပစ်ခြင်း၊ ရေဆိုးမြောင်းများကို ကျူးကျော်ပိတ်ဆို့ခြင်း၊ ကုန်ကြမ်းနှင့် လောင်စာများအား စနစ်တကျမရှိသော နည်းလမ်းဖြင့် ထားသိုခြင်း၊ အများပိုင်လမ်းမများပေါ်သို့ မည်သို့မျှ ကျူးကျော်ခြင်း မပြုရ။

၆၁။ မည်သည့် ရင်းနှီးမြှုပ်နှံသူမျှ စီမံခန့်ခွဲရေးကော်မတီမှ သတ်မှတ်သည့် ရန်ပုံငွေထည့်ဝင်ရန် ပျက်ကွက်ခြင်း၊ မိမိပတ်ဝန်းကျင်သန့်ရှင်းရေးကို ဆောင်ရွက်ရန်ပျက်ကွက်ခြင်း မပြုရ။

၆၂။ မည်သည့် ရင်းနှီးမြှုပ်နှံသူမျှ ဇုန်အလိုက်သတ်မှတ်ထားသော ခွင့်ပြုလုပ်ငန်းများမှအပ အခြားစက်မှု လုပ်ငန်းများ လုပ်ကိုင်ခြင်း မပြုရ။

၆၃။ မည်သည့် ရင်းနှီးမြှုပ်နှံသူမျှ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများကို စုပေါင်းစနစ်ဖြင့် သန့်စင်စွန့်ပစ်ခြင်း မရှိသော စက်မှုဇုန်များ၌ မိမိအစီအစဉ်ဖြင့် သန့်စင်စွန့်ပစ်ရန် ပျက်ကွက်ခြင်း မရှိစေရ။

၆၄။ မည်သူမျှ စက်မှုဇုန်နယ်နိမိတ်အတွင်း လုပ်ကိုင်ခွင့်ရ ရင်းနှီးမြှုပ်နှံသူ၏ အကျိုးစီးပွားကိုလည်းကောင်း၊ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကိုလည်းကောင်း ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် နှောင့်ယှက်ဖျက်ဆီးခြင်း မပြုရ။

၆၅။ မည်သည့် ရင်းနှီးမြှုပ်နှံသူမျှ နိုင်ငံခြားသားကျွမ်းကျင်အလုပ်သမားနှင့် ပညာရှင်များခန့်ထားရေး ဆိုင်ရာ အထောက်အထားများကို သက်ဆိုင်ရာဌာနများသို့ တင်ပြရာတွင် မရိုးမဖြောင့်သောသဘောဖြင့် မမှန်မကန်ဖော်ပြခြင်း သို့မဟုတ် ထိမ်ချန်ခြင်း မပြုရ။

## အခန်း (၁၉)
## ပြစ်ဒဏ်များ

၆၆။ ပုဒ်မ ၃၇၊ ပုဒ်မခွဲ (က)၊ (ဂ) နှင့် (ဃ) ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက ထိုသူကို ငွေဒဏ် ကျပ်သိန်းနှစ်ဆယ် ချမှတ်ရမည့်အပြင် ခြောက်လထက်မပိုသော ထောင်ဒဏ်လည်း ချမှတ်နိုင်သည်။

၆၇။ ပုဒ်မ ၃၇၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်ကို လိုက်နာဆောင်ရွက်ခြင်းမရှိပါက ငွေဒဏ်ကျပ်သိန်း နှစ်ဆယ် ချမှတ်ရမည့်အပြင် သုံးနှစ်ထက်မပိုသော ထောင်ဒဏ်လည်း ချမှတ်နိုင်သည်။

၆၈။ မည်သူမဆို ပုဒ်မ ၅၉ ပါ တားမြစ်ချက်အား ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၆၉။ မည်သူမဆို ပုဒ်မ ၆၀၊ ၆၁ နှင့် ၆၄ ပါ တားမြစ်ချက် တစ်ရပ်ရပ်အား ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ် ချမှတ်နိုင်သည်။

၇၀။ ပုဒ်မ ၆၂ နှင့် ၆၃ ပါ တားမြစ်ချက်အား ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် ကျပ်သိန်းနှစ်ဆယ် ချမှတ်ရမည့်အပြင် ခြောက်လထက်မပိုသော ထောင်ဒဏ်လည်း ချမှတ်နိုင်သည်။

၇၁။ မည်သူမဆို ပုဒ်မ ၆၅ ပါ တားမြစ်ချက်အား ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်နှစ်ဆယ်သိန်းအထိ ငွေဒဏ် ချမှတ်နိုင်သည်။

## အခန်း (၂၀)

## အထွေထွေ

၇၂။ ဤဥပဒေပါ ပုဒ်မ ၆၆၊ ၆၇၊ ၆၈၊ ၆၉၊ ၇၀ နှင့် ၇၁ ပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၇၃။ ဗဟိုကော်မတီသည် ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူ ပိုင်ဆိုင်သည့်ပစ္စည်းများ၊ အကျိုးအမြတ်များနှင့် အခြားအခွင့်အရေးများကို တည်ဆဲဥပဒေများနှင့်အညီ အသိအမှတ်ပြု အကာအကွယ် ပေးရမည်။

၇၄။ ဤဥပဒေအရအပ်နှင်းထားသော လုပ်ပိုင်ခွင့်များနှင့်အညီ သဘောရိုးဖြင့် ဆောင်ရွက်ကြောင်း သက်သေအထောက်အထားခိုင်လုံသည့် ကိစ္စတစ်ရပ်ရပ်အတွက် ကော်မတီဝင် တစ်ဦးဦးကိုဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းတစ်ဦးဦးကိုဖြစ်စေ တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ရာဇဝတ်ကြောင်းဖြင့်သော် လည်းကောင်း တရားစွဲဆိုခြင်း၊ အရေးယူခြင်း မရှိစေရ။

၇၅။ နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ဤဥပဒေအရဖွဲ့စည်းသော သက်ဆိုင်ရာကော်မတီဝင်များကို ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၇၆။ ဗဟိုကော်မတီသည် စက်မှုဇုန်အတွင်းရှိ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ခွင့်ပြုထားသည့် သက်တမ်းကာလအတွင်း နိုင်ငံပိုင်သိမ်းယူခြင်းမှ အကာအကွယ် ပေးရမည်။

၇၇။ တာဝန်ခံဝန်ကြီးဌာနသည် ဗဟိုကော်မတီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည့်အပြင် ကုန်ကျစရိတ်များကိုလည်း ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျခံရမည်။

၇၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) တာဝန်ခံဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုကော်မတီနှင့် ဒေသဆိုင်ရာကော်မတီတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) စီမံခန့်ခွဲရေးကော်မတီသည် လိုအပ်သောစည်းကမ်းများကို ဒေသဆိုင်ရာကော်မတီ၏ သဘော တူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

၇၉။ ဤဥပဒေအာဏာမတည်မီက တည်ထောင်ခဲ့သော စက်မှုဇုန်များသည် ဤဥပဒေအရ စက်မှုဇုန် အဖြစ် သတ်မှတ်ကြေညာနိုင်ရေးအတွက် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၈၀။ ဤဥပဒေအာဏာမတည်မီက ထုတ်ပြန်ခဲ့သည့် စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ကျင့်သုံးနိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁၀/ ၂၀၁၉**

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၃ ရက်)

**ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီတွင် အဖွဲ့ဝင် အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်း**

အမျိုးသားလွှတ်တော်၏ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈/ ၂၀၁၇) ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည့် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ အဖွဲ့ဝင်ဖြစ်သူ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်သက်နိုင် **အစား** ဗိုလ်မှူးချုပ်ညွန့်ဆွေ အား အစားထိုး ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ပုံ) မန်းဝင်းခိုင်သန်း

ဥက္ကဋ္ဌ

အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၅၉/ ၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၆ ရက်)

**ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ မွန်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၂) နေရာ၌ ဦးလှထွန်း **အစား** ဒေါ်ခင်မြင့်ချို အား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုး တာဝန်ပေးအပ်လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၆၀/ ၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၂ ရက်)

**အခြေခံလူတန်းစားဘဝမြင့်မားရေးပါတီ [The Yeomanry Development Party (YDP)] အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ပုသိမ်ညွန့် (၅) လမ်း၊ မြေညီထပ်၊ အမှတ် (၉) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **အခြေခံလူတန်းစားဘဝမြင့်မားရေးပါတီ**

**[The Yeomanry Development Party (YDP)]** အား ၂၀၁၉ ခုနှစ်၊ မေလ ၂ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**အခြေခံလူတန်းစားဘဝမြင့်မားရေးပါတီ [The Yeomanry Development Party (YDP)]** ၏ မှတ်ပုံတင်အမှတ်မှာ (၁၁၃) ဖြစ်ပါသည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၆၁/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၂ ရက်)

### စေ့စပ်ညှိနှိုင်းရေးနှင့် တည်ငြိမ်အေးချမ်းရေးပါတီအား လူထုပါတီ (The Party for People) အမည်သို့ ပြောင်းလဲခွင့်ပြုခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ အရ မှတ်ပုံတင်အမှတ် (၉၈) ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်သည့် **စေ့စပ်ညှိနှိုင်းရေးနှင့် တည်ငြိမ်အေးချမ်းရေးပါတီ** သည် ယင်းပါတီ၏အမည်ကို **လူထုပါတီ (The Party for People)** အမည်သို့ ပြောင်းလဲအသုံးပြုလိုကြောင်း ဤကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းပါတီ၏ တင်ပြချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ စိစစ်ပြီး ပါတီ၏အမည်ကို ပြောင်းလဲခွင့်ပြုရန် သဘောတူပါသဖြင့် **စေ့စပ်ညှိနှိုင်းရေးနှင့် တည်ငြိမ်အေးချမ်းရေးပါတီ** အား ၂၀၁၉ ခုနှစ်၊ မေလ ၂ ရက်နေ့မှစ၍ **လူထုပါတီ (The Party for People)** အမည်ဖြင့် ပြောင်းလဲသတ်မှတ်ကြောင်း ကြေညာလိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၈၅/၂၀၁၉)

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၅ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၇ ရက်)

### ကချင်ပြည်နယ်ပြည်သူ့ပါတီ [(Kachin State People's Party (KSPP)] ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ အမှတ် (၃၈၆) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ကချင်ပြည်နယ်ပြည်သူ့ပါတီ [Kachin State People's Party (KSPP)]** ကို ၂၀၁၉ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ကချင်ပြည်နယ်ပြည်သူ့ပါတီ [Kachin State People's Party (KSPP)]** ၏ မှတ်ပုံတင်အမှတ်သည် (၁၁၅) ဖြစ်ပါသည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၈၆/၂၀၁၉)

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၅ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၇ ရက်)

### နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် **စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စဒက) [UNITY AND DEMOCRACY PARTY OF KACHIN STATE (UDPKS)]** ကို မှတ်ပုံတင်အမှတ် (၄၀) ဖြင့် ၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ ၂ ရက်စွဲပါ ကြေညာချက်အမှတ် (၈၃/၂၀၁၀) ဖြင့်လည်းကောင်း၊ **ကချင်ပြည်နယ်ဒီမိုကရေစီပါတီ** ကို မှတ်ပုံတင်အမှတ် (၆၇) ဖြင့် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်စွဲပါ ကြေညာချက်အမှတ် (၃၆/၂၀၁၃) ဖြင့်လည်းကောင်း၊ **ကချင်ဒီမိုကရက်တစ်ပါတီ** ကို မှတ်ပုံတင်အမှတ် (၇၂) ဖြင့် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်စွဲပါ ကြေညာချက်အမှတ် (၃/၂၀၁၄) ဖြင့်လည်းကောင်း နိုင်ငံရေးပါတီများအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ **စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စဒက) [UNITY AND DEMOCRACY PARTY OF KACHIN STATE (UDPKS)]၊ ကချင်ပြည်နယ်ဒီမိုကရေစီပါတီနှင့် ကချင်ဒီမိုကရက်တစ်ပါတီ** တို့ပူးပေါင်း၍ ပါတီတစ်ခုတည်းအဖြစ် ဖွဲ့စည်းပြီး ပါတီလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် ကချင်ပြည်နယ်ပြည်သူ့ပါတီ **[Kachin State People's Party (KSPP)]**အဖြစ် မှတ်ပုံတင်ခွင့်ပြုပါရန် လျှောက်ထားခဲ့ရာ ကော်မရှင်က လိုအပ်သလိုစိစစ်ပြီး **ကချင်ပြည်နယ်ပြည်သူ့ပါတီ [Kachin State People's Party (KSPP)]** ကို မှတ်ပုံတင်အမှတ် (၁၁၅) ဖြင့် ၂၀၁၉ ခုနှစ်၊ ဇွန်လ ၇ ရက်စွဲပါ ကြေညာချက်အမှတ် (၈၅/၂၀၁၉) ဖြင့် မှတ်ပုံတင်ခွင့်ပြုပါသည်။ ထိုသို့ မှတ်ပုံတင်ခွင့်ပြုခဲ့သည့်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၂၅ အရ **စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စဒက) [UNITY AND DEMOCRACY PARTY OF KACHIN STATE (UDPKS)]၊ ကချင်ပြည်နယ်ဒီမိုကရေစီပါတီနှင့် ကချင်ဒီမိုကရက်တစ်ပါတီ** တို့ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီများကို ဖျက်သိမ်းရမည်ဖြစ်ပါသည်။ ထိုသို့ ဖျက်သိမ်းလိုက်သောပါတီများ၏ပါတီ တစ်ခုချင်းစီပိုင် ပါတီပိုင်ပစ္စည်းများအားလုံးကို **ကချင်ပြည်နယ်ပြည်သူ့ပါတီ [Kachin State People's Party (KSPP)]** ပိုင် ပစ္စည်းများအဖြစ် စာရင်းပြောင်းလက်ခံရယူဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားသည့် **စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စဒက) [UNITY AND DEMOCRACY PARTY OF KACHIN STATE (UDPKS)]၊ ကချင်ပြည်နယ်ဒီမိုကရေစီပါတီနှင့် ကချင်ဒီမိုကရက်တစ်ပါတီ** တို့ကို ၂၀၁၉ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းအား ပယ်ဖျက်၍ ပါတီကိုလည်း ဖျက်သိမ်းကြောင်း ကြေညာလိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ခရီးသွားလုပ်ငန်းကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၈ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၂ ရက်)

### ပဲခူးတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ ခရီးသွားလုပ်ငန်းကော်မတီသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေပုဒ်မ ၉ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပဲခူးတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးဝင်းသိန်း | ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | ဦးညွန့်ရွှေ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး<br>ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးတင်ထူးမောင် | ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ရဲမှူးကြီးစိန်လွင် | တိုင်းရဲတပ်ဖွဲ့မှူး၊ ပဲခူးတိုင်းရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| (င) | ဦးအောင်မြင့် | ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီး<br>စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (စ) | ဦးဇော်ဦး | ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီး<br>သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးညိုမြင့်ထွန်း | ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီး<br>ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဦးသိန်းဌေး | ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒေါ်နီလာဝင်း | ခရီးသွားလုပ်ငန်းတတ်သိပညာရှင်<br>ရှင်ဆင်းမောက်ခရီးလှည့်ကုမ္ပဏီလုပ်ငန်းရှင်၊ ပဲခူးမြို့ | အဖွဲ့ဝင် |
| (ည) | ဦးမြင့်ညို | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ်<br>ဒုတိယဥက္ကဋ္ဌ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| (ဋ) | ဦးဆန်းလွင် | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ်<br>အတွင်းရေးမှူး (ပဲခူးဒေသခံကိုယ်စားလှယ်)<br>ဟိုတယ်လုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| (ဌ) | ဦးစိုးသန်း | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ်<br>ဥက္ကဋ္ဌ၊ ပြည်မြို့နယ်ဟိုတယ်လုပ်ငန်းရှင်များအသင်း<br>(ပြည်ဒေသခံကိုယ်စားလှယ်) | အဖွဲ့ဝင် |
| (ဍ) | ဦးဟောက်ကျင်မုန် | တာဝန်ခံ၊ ပဲခူးတိုင်းဒေသကြီး<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အတွင်းရေးမှူး |

၂။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေပုဒ်မ ၁၀ တွင် ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

အုန်းမောင်

ဥက္ကဋ္ဌ

ခရီးသွားလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ခရီးသွားလုပ်ငန်းကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၈ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၂ ရက်)

**တနင်္သာရီတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း**

၁။ ခရီးသွားလုပ်ငန်းကော်မတီသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေပုဒ်မ ၉ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ တနင်္သာရီတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးမြင့်မောင် | ဝန်ကြီးချုပ်၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | ဦးလှထွေး | သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးခင်မောင်ကျော် | အုပ်ချုပ်ရေးမှူး၊ တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးသိန်းကျော် | တိုင်းဦးစီးမှူး၊ တနင်္သာရီတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဦးကျော်ရဲထွန်း | တိုင်းဦးစီးမှူး၊ တနင်္သာရီတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးထွန်းထွန်းဦး | တာဝန်ခံ၊ တနင်္သာရီတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးဖေချစ် | ညွှန်ကြားရေးမှူး၊ တနင်္သာရီတိုင်းဒေသကြီး သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဦးသက်လွင်ဦး | ခေတ္တညွှန်ကြားရေးမှူး၊ တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဈ) | ဦးမျိုးဝင်းသန်း | ခရီးသွားလုပ်ငန်းတတ်သိပညာရှင် အုပ်ချုပ်မှုဒါရိုက်တာ (Grand Andaman Travels and Tours) | အဖွဲ့ဝင် |
| (ည) | ဦးကျော်ဝင်း | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ် ပုလဲဧကရီဟိုတယ်ပိုင်ရှင် (ထားဝယ်မြို့) | အဖွဲ့ဝင် |
| (ဋ) | ဒေါက်တာသိန်းဆွေမြင့် | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ် အုပ်ချုပ်မှုဒါရိုက်တာ (Blissful Myanmar Travels and Tours) | အဖွဲ့ဝင် |
| (ဌ) | ဦးဗညားသိုင်းမွန် | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ် Kento Travels & Tours နှင့် Kento Speed boat လုပ်ငန်းရှင် | အဖွဲ့ဝင် |
| (ဍ) | ဦးညိုအေး | တာဝန်ခံ၊ တနင်္သာရီတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အတွင်းရေးမှူး |

၂။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေပုဒ်မ ၁၀ တွင် ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

အုန်းမောင်

ဥက္ကဋ္ဌ

ခရီးသွားလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**Universal Periodic Review (UPR) အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်**
**ဆောင်ရွက်ရေး အမျိုးသားအဆင့်ကော်မတီ**
**အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၉**

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၃၀ ရက်)

**Universal Periodic Review (UPR) အကြံပြုတိုက်တွန်းချက်များအပေါ် အကောင်အထည်ဖော်**
**ဆောင်ရွက်မှု အစီရင်ခံစာပြုစုရေးနှင့်သက်ဆိုင်သည့်ကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

၁။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၀/၂၀၁၈ ဖြင့် ဒုတိယသမ္မတ ဦးမြင့်ဆွေ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ စုစုပေါင်းအဖွဲ့ဝင် ၂၄ ဦးပါဝင်သည့် Universal Periodic Review (UPR) အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး အမျိုးသားအဆင့်ကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

၂။ Universal Periodic Review (UPR) အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရေး အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌ၏ အတည်ပြုချက်အရ ၂၀၂၀ ပြည့်နှစ် UPR အစီရင်ခံစာ ပြုစုရေးအတွက် အစီရင်ခံစာပြုစုရေးလုပ်ငန်းကော်မတီ၊ စာတမ်းပြုစုရေးကော်မတီနှင့် အဖွဲ့အစည်းများနှင့် ဆက်ဆံရေးကော်မတီတို့အား အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

(က) **အစီရင်ခံစာပြုစုရေးလုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုဥက္ကဋ္ဌ (၁) |
| (၃) | ဒုတိယဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | ဒုဥက္ကဋ္ဌ (၂) |
| (၄) | ဒုတိယရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | ဒုဥက္ကဋ္ဌ (၃) |
| (၅) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူးချုပ်<br>အကျဉ်းဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ညွှန်ကြားရေးမှူးချုပ်<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ညွှန်ကြားရေးမှူးချုပ် (အလုပ်သမားရေးရာ)<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၁၂) | ညွှန်ကြားရေးမှူးချုပ် (လူဝင်မှုကြီးကြပ်ရေး)<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၄) | ညွှန်ကြားရေးမှူးချုပ်<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၅) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၆) | ညွှန်ကြားရေးမှူးချုပ်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၇) | ဒုတိယရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၁၈) | ဒုတိယစစ်ဥပဒေချုပ်<br>စစ်ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| (၁၉) | အဖွဲ့ဝင်<br>မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်<br>(လွတ်လပ်သောအကြံပေးပုဂ္ဂိုလ်) | အဖွဲ့ဝင် |
| (၂၀) | တွဲဖက်အတွင်းရေးမှူး<br>မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် | အဖွဲ့ဝင် |
| (၂၁) | တွဲဖက်အတွင်းရေးမှူး<br>မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း | အဖွဲ့ဝင် |
| (၂၂) | တပ်ဖွဲ့မှူး<br>လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ | အတွင်းရေးမှူး |
| (၂၃) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

( ခ ) **စာတမ်းပြုစုရေးကော်မတီ**

| | | |
|---|---|---|
| (၁) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | ညွှန်ကြားရေးမှူး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ဒုဥက္ကဋ္ဌ |
| (၃) | ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူး<br>အကျဉ်းဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ကိုယ်စားလှယ်တစ်ဦး (ဗိုလ်မှူးကြီး)<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူး<br>နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၇) | ညွှန်ကြားရေးမှူး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ညွှန်ကြားရေးမှူး (အလုပ်သမားရေးရာ)<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ညွှန်ကြားရေးမှူး (လူဝင်မှုကြီးကြပ်ရေး)<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ညွှန်ကြားရေးမှူး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | ညွှန်ကြားရေးမှူး<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | ညွှန်ကြားရေးမှူး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၄) | ညွှန်ကြားရေးမှူး<br>လူမှုဝန်ထမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (၁၅) | ကိုယ်စားလှယ်တစ်ဦး<br>စစ်ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| (၁၆) | ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (၁၇) | ကိုယ်စားလှယ်တစ်ဦး<br>မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် | အဖွဲ့ဝင် |
| (၁၈) | ကိုယ်စားလှယ်တစ်ဦး<br>မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း | အဖွဲ့ဝင် |
| (၁၉) | ညွှန်ကြားရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အတွင်းရေးမှူး |
| (၂၀) | ညွှန်ကြားရေးမှူး (ရဲမှူးကြီး)<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | တွဲဖက်အတွင်းရေးမှူး |

**(ဂ) အဖွဲ့အစည်းများနှင့် ဆက်ဆံရေးကော်မတီ**

| | | |
|---|---|---|
| (၁) | ညွှန်ကြားရေးမှူး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (၃) | ညွှန်ကြားရေးမှူး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူး<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၆) | ညွှန်ကြားရေးမှူး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အတွင်းရေးမှူး |
| (၇) | ညွှန်ကြားရေးမှူး (ရဲမှူးကြီး) မြန်မာနိုင်ငံရဲတပ်ဖွဲ့ | တွဲဖက်အတွင်းရေးမှူး |

ဉက္ကဋ္ဌ
Universal Periodic Review (UPR)
အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး
အမျိုးသားအဆင့်ကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နိုင်ငံခြားရေးဝန်ကြီးဌာန**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၃၀ ရက်)

အမှတ် ၃၂၇/၂၀၁၉ ။ ။ နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး သီရိပျံချီ ဦးထွန်းနေလင်း အား ၂၀၁၉ ခုနှစ်၊ မေလ ၂၆ ရက်နေ့မှအစပြု၍ ခံစားရန်ရှိသည့် အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၈၁ အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

အမိန့်အရ

အောင်ဆန်းစုကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံခြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထဲရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၉၅/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၆ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၀ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ရဲ ၅၀၅၃ ရဲအုပ် ဌေးဝင်း အား မူလရာထူး အဆင့်ဖြစ်သော ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန် ထမ်းဆောင်သည့်နေ့မှစ၍ ပြန်လည်တိုးမြှင့်ခန့်ထားပြီး စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့၌ပင် တာဝန်ချထား လိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၁၁/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၉ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စည်ပင်သာယာရဲတပ်ဖွဲ့ (ရန်ကုန်) မှ လ ၉၆၄၉၈ ရဲအုပ် တင်သိန်း အား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်

နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ရဲအရာရှိအမှတ် ရဲ ၆၆၃၇ သတ်မှတ်ကာ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့သို့ ပြောင်းရွှေ့တာဝန်ချထားပြီး စည်ပင်သာယာရဲတပ်ဖွဲ့ (ရန်ကုန်) ၌ တွဲဖက်တာဝန်ချထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၁၂/၂၀၁၉)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ရဲအုပ် (၉) ဦးတို့အား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ရဲအရာရှိအမှတ်များ သတ်မှတ်ကာ လက်ရှိတပ်ဖွဲ့၌ပင် တာဝန်ချထားလိုက်သည် -

(က) လ ၁၂၅၂၂၃ ရဲအုပ် စိုးနိုင် ရဲ ၆၆၃၈
ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့

(ခ) လ ၁၀၁၀၂၉ ရဲအုပ် ခင်နွယ်စိုး ရဲ ၆၆၃၉
မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့

(ဂ) လ ၁၁၈၀၇၃ ရဲအုပ် သန့်ဇင် ရဲ ၆၆၄၀
ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့

(ဃ) လ ၁၀၉၇၀၉ ရဲအုပ် ဗိုလ်ဖြူ ရဲ ၆၆၄၁
ရဲထောက်ပံ့ရေးဌာနကြီး
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

(င) လ ၉၁၃၆၂ ရဲအုပ် တင်စိုး ရဲ ၆၆၄၂
ရဲလေ့ကျင့်ရေးဌာနကြီး
မြန်မာနိုင်ငံရဲတပ်ဖွဲ့

(စ) လ ၁၀၅၆၉၁ ရဲအုပ် ခင်လှ ရဲ ၆၆၄၃
တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့

(ဆ) လ ၁၀၉၁၁၃ ရဲအုပ် သန်းမြင့် ရဲ ၆၆၄၄
မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့

(ဇ) လ ၁၄၉၅၄၃ ရဲအုပ် မြင့်စိုး ရဲ ၆၆၄၅
ရဲလေ့ကျင့်ရေးဌာနကြီး
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

(ဈ) လ ၉၁၈၆၇ ရဲအုပ် ကျော်မြင့် ရဲ ၆၆၄၆
မွန်ပြည်နယ်ရဲတပ်ဖွဲ့

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြန်ကြားရေးဝန်ကြီးဌာန**

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၂ ရက်)

အမှတ် ၅၆ ။ ။ ၁၉၉၆ ခုနှစ်၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ အခန်း (၆)၊ ပုဒ်မ (၁၉) အရ လည်းကောင်း၊ ၁၉၉၈ ခုနှစ်၊ ဗီဒီယိုလုပ်ငန်းဆိုင်ရာနည်းဥပဒေများ အခန်း (၆)၊ နည်းဥပဒေ (၂၃)၊ (၂၄)

အရလည်းကောင်း ဗီဒီယိုလုပ်ငန်းများစိစစ်ကြီးကြပ်နိုင်ရန်အတွက် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၃၁ ရက်နေ့အထိ (၂) နှစ်သက်တမ်းရှိသော ကချင်ပြည်နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေး ကော်မတီကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

**ကချင်ပြည်နယ်ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ**

| | | |
|---|---|---|
| (က) | ဦးခင်မောင်မြင့် (ခ) ဦးဒိတ်<br>ဇမာတိုင်းရင်းသားရေးရာဝန်ကြီး<br>ကချင်ပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | ရဲမှူးကြီးထက်လွင်<br>ပြည်နယ်ရဲတပ်ဖွဲ့မှူး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ကချင်ပြည်နယ် | အဖွဲ့ဝင် |
| (ဂ) | ဦးအောင်ဝင်း<br>ပြည်တွင်းအခွန်ဦးစီးမှူး<br>ပြည်တွင်းအခွန်ဦးစီးဌာန<br>ကချင်ပြည်နယ် | အဖွဲ့ဝင် |
| (ဃ) | ဦးစိုးမင်းထိုက်<br>ပြည်နယ်မန်နေဂျာ<br>မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း<br>ကချင်ပြည်နယ် | အဖွဲ့ဝင် |
| (င) | ဒေါ်သစ်သစ်ဝင်း<br>ပြည်နယ်ဥပဒေအရာရှိ<br>ပြည်နယ်ဥပဒေရုံး<br>ကချင်ပြည်နယ် | အဖွဲ့ဝင် |
| (စ) | ဦးဝင်းလွင်<br>ပြည်နယ်ဦးစီးမှူး<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>ကချင်ပြည်နယ် | အဖွဲ့ဝင် |
| (ဆ) | ဦးမင်းနောင်<br>ဥက္ကဋ္ဌ<br>ဗီဒီယိုအခြေခံအဖွဲ့ခွဲ<br>မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး<br>ကချင်ပြည်နယ် | အဖွဲ့ဝင် |
| (ဇ) | ဦးစီးအရာရှိ<br>မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန<br>ကချင်ပြည်နယ် | အတွင်းရေးမှူး |

ဒေါက်တာဖေမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာ (၆၆/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၂ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၆ ရက်)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ကျိုက်မရောမြို့နယ်၊ တရနာကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၃၃၈/တရနာအနောက်ကွင်း၊ ဦးပိုင်အမှတ် (၆၅/၁) ရှိ **အောင်မင်္ဂလာဘုန်းတော်ကြီးကျောင်း** အခွန်လွတ်သာသနာမြေဧရိယာ ၀. ၉၂ ဧကအနက်မှ **၀. ၀၅၅ ဧက** အား ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ-၃၄ နှင့်အညီ **သိမ်ဒါယကာ ဦးကပ်စီး [၁၀/ကမရ (နိုင်) ၀၁၅၆၁၃]** အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၆၇/၂၀၁၉)

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ ပိန္နဲတောရပ်ကွက်၊ အကွက်အမှတ်/အမည်-၂၉/ပိန္နဲတော၊ ဦးပိုင်အမှတ် (၆) ရှိ **သဒ္ဓမ္မဝံသကျောင်း** အခွန်လွတ် သာသနာမြေဧရိယာ **၀. ၃၄၄ ဧက** အနက်မှ **၀. ၀၂၄ ဧက** အား ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ-၃၄ နှင့်အညီ **သိမ်ဒါယကာ ဦးညီညီမင်း [၆/ထဝန (နိုင်) ၁၀၉၃၁၅]** အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၆၈/၂၀၁၉)

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ဆီဆိုင်မြို့နယ်၊ လွယ်ပွတ်ကျေးရွာအုပ်စု၊ ကွင်းအမည်-ကွင်းပြင်/ဘန်းနောင်ကား၊ ဦးပိုင်အမှတ် (-) ရှိ **ဘန်းနောင်ကားဘုန်းကြီးကျောင်း** အခွန်လွတ်သာသနာမြေဧရိယာ **၃. ၆၉ ဧက** အနက်မှ **၀. ၀၃၄ ဧက** ကို ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ-၅၃(က) နှင့်အညီ **ဦးခွန်ကျော်သက်၊ ဂေါပက (ဥက္ကဋ္ဌ) [၁၃/ဆဆန (နိုင်) ၀၈၀၆၂၁]** အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၆၉/၂၀၁၉)

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့၊ အမှတ် (၈) ရပ်ကွက်၊ အကွက်အမှတ်/အမည်-၁၁၃/ ကသဲစုအရှေ့၊ ဦးပိုင်အမှတ် (၇၂-က) ရှိ **ယုဇနငွေစည်ကျောင်းတိုက်** သာသနာမြေဧရိယာ **၇. ၄၄၄ ဧက** အနက်မှ **၀. ၀၄၀ ဧက** အား ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများနည်းဥပဒေ-၅၂ နှင့်အညီ **ဦးစိုးမြင့်၊ အတွင်းရေးမှူး၊ အကျိုးတော်ဆောင်အဖွဲ့၊ ယုဇနငွေစည်ကျောင်းတိုက်** အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၇၀/၂၀၁၉)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့၊ ဟင်္သာကုန်း (၁၉) ရပ်ကွက်၊ ကွင်းအမှတ်/အမည်-၆၄၀က/ဟင်္သာကုန်းကွက်သစ်ရပ်၊ ဦးပိုင်အမှတ် (၁၀) ရှိ **မေဓာဝီရွှေနှင်းဆီကျောင်းတိုက်** အခွန်လွတ်သာသနာမြေဧရိယာ **၀. ၅၇၆ ဧက** အနက်မှ **၀. ၀၆၁ ဧက** အား ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများနည်းဥပဒေ-၅၂ နှင့်အညီ **သိမ်ဒါယကာ ဦးအေးမြင့် [၇/ပခန (နိုင်) ၀၄၄၅၉၈]** အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၇၁/၂၀၁၉)

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့၊ မြို့သစ်ရပ်ကွက်၊ အကွက်အမှတ်/အမည်-၁၁/ရွှေထုံး၊ မြေကွက်အမှတ် (၉/၄၀၂) ရှိ **အေးမြသုခီချောင်၊ အေးမြချမ်းသာကျောင်းတိုက်** အခွန်လွတ်

သာသနာမြေဧရိယာ **၀. ၂၄၄ ဧက** အနက်မှ **၀. ၀၁၂ ဧက** ကို ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ-၅၃ (က) နှင့်အညီ **သိမ်ဒါယကာ ဦးစိုးဝင်းမောင် (ခ) ဦးမြင့်လွင် [၅/စကန (နိုင်) ၀၁၂၉၆၇]** အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

မင်းသူ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် ၂၄၂/၂၀၁၈

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၅ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်)

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် ၁၉၃၄ ခုနှစ်၊ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေ ပုဒ်မ ၅ က၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မြန်မာနိုင်ငံ လေယာဉ်မတော်တဆထိခိုက်ပျက်စီးမှုနှင့် မတော်တဆဖြစ်ပွားမှုစုံစမ်း စစ်ဆေးရေး နည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

### အခန်း (၁)

### အမည်၊ ရည်ရွယ်ချက်၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

**အမည်**

၁။ ဤနည်းဥပဒေများကို မြန်မာနိုင်ငံ လေယာဉ်မတော်တဆထိခိုက်ပျက်စီးမှုနှင့် မတော်တဆဖြစ်ပွားမှု စုံစမ်းစစ်ဆေးရေး နည်းဥပဒေများဟု ခေါ်တွင်ရမည်။

**ရည်ရွယ်ချက်**

၂။ မတော်တဆထိခိုက်ပျက်စီးမှုနှင့် မတော်တဆဖြစ်ပွားမှုစုံစမ်းစစ်ဆေးခြင်း၏ တစ်ခုတည်းသော ရည်ရွယ်ချက်သည် အပြစ်တင်ခြင်း၊ ဥပဒေအရ တာဝန်ရှိခြင်းတို့အတွက် ဆောင်ရွက်ရန် ရည်ရွယ်ခြင်း မဟုတ်ဘဲ မတော်တဆထိခိုက်ပျက်စီးမှုနှင့် မတော်တဆဖြစ်ပွားမှုများအား တားဆီးကာကွယ်ခြင်းဖြစ်သည်။

**သက်ဆိုင်ခြင်း**

၃။ ဤနည်းဥပဒေများသည် အောက်ပါတို့တွင် ဖြစ်ပွားသော လေယာဉ် မတော်တဆထိခိုက်ပျက်စီးမှုနှင့် မတော်တဆဖြစ်ပွားမှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်စေရမည် -

(က) မြန်မာနိုင်ငံအတွင်း သို့မဟုတ် မြန်မာနိုင်ငံ၏ လေပိုင်နက်၊

(ခ) မြန်မာနိုင်ငံသည် လေယာဉ် မှတ်ပုံတင်သည့်နိုင်ငံ ဖြစ်သောအခါ -

(၁) အခြားနိုင်ငံအတွင်း၌ မတော်တဆထိခိုက်ပျက်စီးမှု သို့မဟုတ် ပြင်းထန်သော မတော်တဆ ဖြစ်ပွားမှု ဖြစ်ပေါ်သည့်နေရာကို သေချာစွာမဖော်ပြနိုင်သောအခါ သို့မဟုတ်

(၂) မတော်တဆထိခိုက်ပျက်စီးမှု သို့မဟုတ် ပြင်းထန်သော မတော်တဆဖြစ်ပွားမှုသည် အပြည်ပြည်ဆိုင်ရာမြို့ပြလေကြောင်း အဖွဲ့ဝင်နိုင်ငံမဟုတ်သည့် နိုင်ငံတွင်ဖြစ်ပွားသောအခါ။

**အဓိပ္ပာယ်ဖော်ပြချက်များ**

၄။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် ၁၉၃၄ ခုနှစ်၊ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေတွင် ဖွင့်ဆိုထားသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဥပဒေ**ဆိုသည်မှာ ၁၉၃၄ ခုနှစ် မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကို ဆိုသည်။

(ခ) **မတော်တဆထိခိုက်ပျက်စီးမှု**ဆိုသည်မှာ မောင်းသူရှိလေယာဉ်ဖြစ်လျှင် စီးနင်းသူများ လေယာဉ်ပေါ် ရောက်ရှိသည့်အချိန်မှ ထိုစီးနင်းသူများအားလုံး လေယာဉ်မှ ဆင်းသွားသည့်အချိန်အတွင်းဖြစ်စေ၊ မောင်းသူမဲ့လေယာဉ်ဖြစ်လျှင် လေယာဉ်ပျံသန်းမှုအတွက် ရွေ့လျားရန်အဆင်သင့်ဖြစ်သည့်အချိန်မှ ခရီးလမ်းဆုံး၍ လေယာဉ်အား အဓိကတွန်းကန်အားပေးသည့် စက်အင်ဂျင်များ ရပ်တန့်သွားသည့် အချိန်အထိဖြစ်စေ လေယာဉ်လှုပ်ရှားပျံသန်းစဉ် ဖြစ်ပွားပေါ်ပေါက်သည့် မတော်တဆထိခိုက် ပျက်စီးမှုကို ဆိုသည်။ ယင်းစကားရပ်တွင် အောက်ပါတို့ပါဝင်သည် -

(၁) အောက်ပါ အကြောင်းတစ်ရပ်ရပ်ကြောင့် လေယာဉ်ပေါ်ပါ လူတစ်ဦးဦးသေစေခဲ့သော ဒဏ်ရာရရှိခြင်း သို့မဟုတ် ပြင်းထန်သောဒဏ်ရာရရှိခြင်း -

(ကက) လေယာဉ်အတွင်း ဖြစ်ပွားခြင်း၊

(ခခ) လေယာဉ်မှ ပြုတ်ထွက်လာသည့် အစိတ်အပိုင်းများ အပါအဝင် လေယာဉ်၏ အစိတ်အပိုင်းတစ်ခုခုနှင့် တိုက်ရိုက်ထိခိုက်မိခြင်း၊

(ဂဂ) ဂျက်အင်ဂျင်မှစွန့်ထုတ်သော လေပြင်းအား တိုက်ရိုက်ဆောင့်တိုးခြင်း။

(၂) အောက်ပါ အကြောင်းတစ်ရပ်ရပ်ကြောင့် လေယာဉ်ထိခိုက်ပျက်စီးသွားခြင်း သို့မဟုတ် လေယာဉ် ဖွဲ့စည်းတည်ဆောက်ပုံ ယိုယွင်းသွားခြင်း -

(ကက) လေယာဉ် ဖွဲ့စည်းတည်ဆောက်ထားသည့် စွမ်းအား၊ လေယာဉ်ဆောင်ရွက်နိုင်မှု သို့မဟုတ် ပျံသန်းရေးဆိုင်ရာ အချက်အလက်များ ဆိုးရွားစွာထိခိုက်သွားခြင်း၊

(ခခ) ထိခိုက်ပျက်စီးမှုသည် အင်ဂျင်ချို့ယွင်းမှုနှင့် အင်ဂျင်အဖုံးများ (Cowlings)၊ ကိရိယာတန်ဆာပလာများ၊ ပန်ကာဒလက်များ (Propellers)၊ တောင်ပံထိပ်ဖျားများ (Wing tips)၊ အင်တင်နာများ (Antennas)၊ တာယာများ၊ ဘရိတ်များ၊ လေတိုးမှုကို ချောမွေ့စေသောဖယ်ရင်များ (Fairings)၊ သေးငယ်သော အပိန့်အချိုင့်များ (Small dents) သို့မဟုတ် လေယာဉ်ကိုယ်ထည် အကာပြားရှိ အပေါက်ငယ်များ (Puncture holes in the Aircraft Skin) ကိုသာ ထိခိုက်ပျက်စီးမှုဖြစ်သည့်ကိစ္စမှ အပ သာမန်အားဖြင့် လေယာဉ်အစိတ်အပိုင်းကို ထိခိုက်ပျက်စီးသည့်အတွက် အဓိကပြင်ဆင်ခြင်း သို့မဟုတ် အစားထိုးခြင်းကြောင့်ဖြစ်ခြင်း။

(၃) လေယာဉ်ပျောက်ဆုံးခြင်း သို့မဟုတ် လေယာဉ်ကို လုံးဝဆက်သွယ်၍ မရခြင်း။

**ရှင်းလင်းချက်။** (၁) စာရင်းဇယားပြုလုပ်ရာတွင် တစ်သမတ်တည်းဖြစ်စေရေးအတွက် ရရှိသည့် ဒဏ်ရာသည် ရက် ၃၀ အတွင်း လူသေစေခဲ့သောဒဏ်ရာ ဖြစ်ရမည်။

(၂) လေယာဉ်မှ အပျက်အစီးကို ရှာမတွေ့လျှင် တရားဝင်ရှာဖွေကယ်ဆယ်ရေးကို ရပ်ဆိုင်းလိုက်ပါက လေယာဉ်ပျောက်ဆုံးနေသည်ဟု ယူဆရမည်။

(၃) မတော်တဆထိခိုက်ပျက်စီးမှုအတွက် စုံစမ်းစစ်ဆေးရေးပြုလုပ်ရမည့် မောင်းသူမဲ့ လေယာဉ်အမျိုးအစားကို အဖွဲ့ချုပ်၏ နောက်ဆက်တွဲ-၁၃ ပါ အပိုဒ် (၅. ၁) တွင် ဖော်ပြထားသည့်အတိုင်း ယူဆမည်။

(၄) လေယာဉ်ပျက်စီးမှုနှင့်ပတ်သက်၍ သတ်မှတ်ခြင်းကို အဖွဲ့ချုပ်၏ နောက်ဆက်တွဲ-၁၃ ပါ နောက်ဆက်တွဲ (င) တွင် ဖော်ပြထားသည်။

(၅) သဘာဝကြောင့်ဖြစ်စေ၊ မိမိကိုယ်ကို မိမိ သို့မဟုတ် အခြားသူက ဒဏ်ရာရစေခြင်းကြောင့်ဖြစ်စေ ဒဏ်ရာရခြင်း သို့မဟုတ် ခရီးသည်နှင့် လေယာဉ်ဝန်ထမ်းများ နေရာ၏ အပြင်ဘက်တွင် လေယာဉ်စီးရန် ခိုးဝင်ခြင်းကြောင့် ဒဏ်ရာရရှိမှုနှင့် မသက်ဆိုင်စေရ။

(ဂ) **လေယာဉ်မတော်တဆ ထိခိုက်ပျက်စီးမှု စုံစမ်းစစ်ဆေးရေးအာဏာပိုင်**ဆိုသည်မှာ လေယာဉ်မတော်တဆထိခိုက်ပျက်စီးမှုနှင့် မတော်တဆဖြစ်ပွားမှုများ စုံစမ်းစစ်ဆေးရန် ဝန်ကြီးဌာနက ရွေးချယ်ဖွဲ့စည်းတာဝန်ပေးသည့် မြန်မာနိုင်ငံ လေယာဉ်မတော်တဆထိခိုက်ပျက်စီးမှု စုံစမ်းစစ်ဆေးရေးအာဏာပိုင်ကို ဆိုသည်။

(ဃ) **အသိအမှတ်ပြု ကိုယ်စားလှယ်**ဆိုသည်မှာ အခြားနိုင်ငံတစ်ခုက စုံစမ်းစစ်ဆေးမှုဆောင်ရွက်ရာတွင် ပါဝင်ဆောင်ရွက်ရေးအတွက် အရည်အချင်းကိုအခြေခံ၍ နိုင်ငံတစ်ခုက လွှဲအပ်တာဝန်ပေးသောသူကို ဆိုသည်။

**ရှင်းလင်းချက်။** နိုင်ငံတစ်ခုက မတော်တဆထိခိုက်ပျက်စီးမှုစုံစမ်းစစ်ဆေးရေးအာဏာပိုင်ကို ခန့်အပ်တာဝန်ပေးပြီးသည့်အခါ ထိုသို့လွှဲအပ်တာဝန်ပေးသည့် အသိအမှတ်ပြုကိုယ်စားလှယ်သည် သာမန်အားဖြင့် ထိုစုံစမ်းစစ်ဆေးရေးအာဏာပိုင်ထံမှ အခွင့်အာဏာရရှိမည်ဖြစ်သည်။

(င) **အကြံပေးပုဂ္ဂိုလ်**ဆိုသည်မှာ စုံစမ်းစစ်ဆေးမှုပြုလုပ်ရာတွင် အသိအမှတ်ပြုကိုယ်စားလှယ်အား ကူညီဆောင်ရွက်ရန် အရည်အချင်းကို အခြေခံ၍ နိုင်ငံတစ်ခုက ခန့်အပ်တာဝန်ပေးခြင်းခံရသူကို ဆိုသည်။

(စ) **လေယာဉ် (aircraft)** ဆိုသည်မှာ လေသည်ကမ္ဘာမြေကြီးမျက်နှာပြင်ကို ဆန့်ကျင်၍ တုံ့ပြန်မှုကြောင့် မဟုတ်ဘဲ ကမ္ဘာ့လေထုအတွင်း၌ လေ၏တုံ့ပြန်မှုမှ ဆင်းသက်လာသော အထောက်အပံ့ဖြင့် ရွေ့လျားနိုင်သော စက်ယန္တရားကို ဆိုသည်။

(ဆ) **နောက်ဆက်တွဲ-၁၃** ဆိုသည်မှာ လေယာဉ်မတော်တဆထိခိုက်ပျက်စီးမှုနှင့် မတော်တဆဖြစ်ပွားမှုများ စုံစမ်းစစ်ဆေးရန် အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းနှင့် ထောက်ခံအကြံပြုချက်များ၊ လုပ်ငန်းစဉ်များ ပါဝင်သော အပြည်ပြည်ဆိုင်ရာမြို့ပြလေကြောင်းကွန်ဗင်းရှင်း၏ နောက်ဆက်တွဲ-၁၃ ကို ဆိုသည်။

(ဇ) **ဖြစ်စေသောအကြောင်းတရား**ဆိုသည်မှာ အရေးယူဆောင်ရွက်မှုများ၊ ထိမ်ချန်ခြင်းများ၊ အဖြစ်အပျက်များ၊ အခြေအနေများ သို့မဟုတ် ယင်းနှင့်ပတ်သက်သမျှ ပေါင်းစပ်ခြင်းများသည် လေယာဉ်မတော်တဆထိခိုက်ပျက်စီးမှု သို့မဟုတ် မတော်တဆဖြစ်ပွားမှုအား ဦးတည်နေခြင်းကို ဆိုသည်။

**ရှင်းလင်းချက်။** ဖြစ်စေသော အကြောင်းတရား၏ ဖော်ထုတ်ချက်များသည် အပြစ်ပေးခြင်း သို့မဟုတ် မြို့ပြစီမံအုပ်ချုပ်မှု၏ စိစစ်သတ်မှတ်ခြင်း သို့မဟုတ် ပြစ်မှုဆိုင်ရာတာဝန်ရှိခြင်းအား သွယ်ဝိုက်ဖော်ပြခြင်းမဟုတ်ပါ။

(ဈ) **တိုက်မိခြင်း**ဆိုသည်မှာ လေယာဉ်တစ်စင်းနှင့်တစ်စင်း တိုက်မိခြင်း သို့မဟုတ် အခြားအရာဝတ္ထုနှင့် လေယာဉ်တိုက်မိခြင်းကို ဆိုသည်။

(ည) **ဖြစ်ပွားရသောအကြောင်းအရင်း**ဆိုသည်မှာ အရေးယူဆောင်ရွက်မှုများ၊ ထိမ်ချန်ခြင်းများ၊ အဖြစ်အပျက်များ၊ အခြေအနေများ သို့မဟုတ် ယင်းနှင့်ပတ်သက်သော ပေါင်းစပ်ခြင်းများအား ဖယ်ရှားပစ်ခြင်း သို့မဟုတ် ရှောင်ရှားခြင်းဖြင့် မတော်တဆထိခိုက်မှု၊ ဖြစ်ပွားမှုအကျိုးဆက်အား သိသိသာသာလျော့နည်းသွားစေခြင်း သို့မဟုတ် မတော်တဆထိခိုက်ပျက်စီးမှု၊ ဖြစ်ပွားမှု ဖြစ်နိုင်ခြေ ထုတ်ဖော်ခြင်းကို ဆိုသည်။

**ရှင်းလင်းချက်။** ဖြစ်ပွားရသော အကြောင်းအရင်းများ၏ ဖော်ထုတ်ချက်များသည် အပြစ်ပေးခြင်း သို့မဟုတ် မြို့ပြစီမံအုပ်ချုပ်မှု၏ စိစစ်သတ်မှတ်ခြင်း သို့မဟုတ် ပြစ်မှုဆိုင်ရာတာဝန်ရှိခြင်းအား သွယ်ဝိုက်ဖော်ပြခြင်း မဟုတ်ပါ။

(ဋ) **ဘေးအန္တရာယ်ရှိသောကုန်ပစ္စည်း**ဆိုသည်မှာ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ပစ္စည်းလုံခြုံရေး သို့မဟုတ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ဘေးအန္တရာယ်ဖြစ်စေနိုင်သော အရာဝတ္ထုများကို ဆိုသည်။

**ရှင်းလင်းချက်။** ဘေးအန္တရာယ်ရှိသော ကုန်ပစ္စည်းများနှင့်ပတ်သက်သော သတင်းအချက်အလက်များကို အဖွဲ့ချုပ်၏ နောက်ဆက်တွဲ-၁၈ (လေထဲ၌ ဘေးအန္တရာယ်ရှိသောကုန်ပစ္စည်းများ၏ ဘေးအန္တရာယ်ကင်းရှင်းစွာ သယ်ယူပို့ဆောင်ခြင်း) နှင့် အဖွဲ့ချုပ်၏ (မှတ်တမ်း-၉၂၈၄) (လေထဲ၌ဘေးအန္တရာယ်ရှိသောကုန်ပစ္စည်းများ၏ ဘေးအန္တရာယ်ကင်းစွာသယ်ယူပို့ဆောင်ခြင်းအတွက် လုပ်ထုံးလုပ်နည်းဆိုင်ရာညွှန်ကြားချက်) များတွင် တွေ့ရှိနိုင်သည်။

(ဌ) **စာတမ်းအမှတ်အသား**ဆိုသည်မှာ မည်သည့် စာပေးစာယူစာတမ်း၊ နားလည်မှုစာချွန်လွှာ၊ အညွှန်းစာအုပ်၊ စီမံချက်၊ မြေပုံ၊ ပုံကြမ်း၊ ပုံစံ၊ ဓာတ်ပုံမှတ်တမ်း သို့မဟုတ် ဂရပ်ဖစ်ပုံနှိပ်ခြင်း၊ ဖလင်၊ အသံဖမ်းစက်၊ ဗီဒီယိုတိပ်ခွေ၊ အီလက်ထရောနစ်ဆိုင်ရာဖိုင်များနှင့် အချက်အလက်များ၊ ယင်းတို့နှင့်ပတ်သက်သော မိတ္တူများကို ဆိုသည်။

(ဍ) **လေယာဉ်ပျံသန်းမှုမှတ်တမ်းတင်စက်**ဆိုသည်မှာ လေယာဉ်မတော်တဆထိခိုက်ပျက်စီးမှု သို့မဟုတ် မတော်တဆဖြစ်ပွားမှုတို့ကို ပြည့်စုံစွာစုံစမ်းစစ်ဆေးရန် လေယာဉ်အတွင်းတပ်ဆင်ထားသော မှတ်တမ်းတင်စက် အမျိုးအစားတစ်ခုခုကို ဆိုသည်။

**ရှင်းလင်းချက်။** လေယာဉ်ပျံသန်းမှုမှတ်တမ်းနှင့်စပ်လျဉ်း၍ အသေးစိတ်အချက်အလက်များကို နောက်ဆက်တွဲ-၆ အပိုင်း (၁၊ ၂ နှင့် ၃) တွင် ဖော်ပြထားသည်။

(ဎ) **ဌာနအကြီးအကဲ**ဆိုသည်မှာ ဤနည်းဥပဒေများပါ ဖွင့်ဆိုချက်များအရ လေယာဉ်မတော်တဆထိခိုက်ပျက်စီးမှုနှင့် မတော်တဆဖြစ်ပွားမှုများ စုံစမ်းစစ်ဆေးရန် ဝန်ကြီးဌာနကခန့်အပ်သည့် အရည်အချင်းပြည့်ဝသော အရာရှိကို ဆိုသည်။

(ဏ) **အဖွဲ့ချုပ်**ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာမြို့ပြလေကြောင်းအဖွဲ့ချုပ်ကို ဆိုသည်။

(တ) **မတော်တဆဖြစ်ပွားမှု**ဆိုသည်မှာ လေယာဉ်မတော်တဆထိခိုက်ပျက်စီးမှုမှအပ လေယာဉ်ပျံသန်းမှုအား ထိခိုက်စေခြင်း သို့မဟုတ် လေယာဉ်ဘေးအန္တရာယ်ကင်းရှင်းစွာပျံသန်းမှုနှင့်ပတ်သက်၍ ဖြစ်ပွားသောဖြစ်စဉ်တစ်ရပ်ရပ်ကို ဆိုသည်။

(ထ) **စုံစမ်းစစ်ဆေးခြင်း**ဆိုသည်မှာ မတော်တဆထိခိုက်ပျက်စီးမှု ဖြစ်ပွားရသောအကြောင်းအရင်း၊ ဆုံးဖြတ်ရသည့်အကြောင်းရင်းများ၊ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ထောက်ခံတင်ပြချက်များ အပါအဝင် သတင်းအချက်အလက်များစုစည်းခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းများပြုလုပ်သည့် လုပ်ငန်းစဉ်များကို ဆိုသည်။

(ဒ) **စုံစမ်းစစ်ဆေးရေးမှူး**ဆိုသည်မှာ စုံစမ်းစစ်ဆေးခြင်း ဆောင်ရွက်နိုင်ရန် မတော်တဆထိခိုက်ပျက်စီးမှု စုံစမ်းစစ်ဆေးရေးအာဏာပိုင်က လွှဲအပ်တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုသည်။

(ဓ) **တာဝန်ခံစုံစမ်းစစ်ဆေးရေးမှူး**ဆိုသည်မှာ စုံစမ်းစစ်ဆေးခြင်း ဆောင်ရွက်ရာတွင် ကွပ်ကဲရန် တာဝန်အပ်နှင်းခြင်းခံရသောသူကို ဆိုသည်။

(န) **အများဆုံးဒြပ်ထု**ဆိုသည်မှာ လေယာဉ်၏ အများဆုံးတင်ဆောင်ခွင့်ပြုထားသည့် ထုထည်အလေးချိန်ကို ဆိုသည်။

(ပ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဖ) **လေ့လာသူ**ဆိုသည်မှာ စုံစမ်းစစ်ဆေးမှုတွင် လေ့လာသူအဖြစ် တက်ရောက်ရန်ဖြစ်စေ၊ အခြားသက်ဆိုင်ရာဌာနက စုံစမ်းစစ်ဆေးမှုတွင်တက်ရောက်ရန်ဖြစ်စေ မတော်တဆထိခိုက်ပျက်စီးမှု စုံစမ်းစစ်ဆေးရေးအာဏာပိုင်က အခွင့်အာဏာပေးအပ်ထားသည့် သက်ဆိုင်ရာအစိုးရဌာန၏ ကိုယ်စားလှယ်ကို ဆိုသည်။

(ဗ) **ဖြစ်ပျက်ခြင်း**ဆိုသည်မှာ လေယာဉ်လုပ်ငန်းလည်ပတ် ဆောင်ရွက်မှုနှင့်ပတ်သက်သော မတော်တဆထိခိုက်ပျက်စီးမှု သို့မဟုတ် မတော်တဆဖြစ်ပွားမှုတစ်ရပ်ရပ်ကို ဆိုသည်။

(ဘ) **လုပ်ငန်းဆောင်ရွက်သူ**ဆိုသည်မှာ အဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းထိတွေ့ဆက်စပ်မှုရှိရန် သို့မဟုတ် လေယာဉ်လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း သို့မဟုတ် ထိုလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ရန် ဆက်စပ်ပေးသောသူကို ဆိုသည်။

(မ) **ပါဝင်ဆောင်ရွက်သူ**ဆိုသည်မှာ မတော်တဆထိခိုက်ပျက်စီးမှု စုံစမ်းစစ်ဆေးရေးအာဏာပိုင်က ဆောင်ရွက်သော စုံစမ်းစစ်ဆေးခြင်းပြုရာတွင် လေယာဉ်မတော်တဆထိခိုက်ပျက်စီးမှုအား စုံစမ်းစစ်ဆေးမှုတွင် ဆောင်ရွက်ခဲ့ဖူးသူအား မိမိ၏စုံစမ်းစစ်ဆေးမှုတွင် ပါဝင်ဆောင်ရွက်စေပါက လုပ်ငန်းစဉ်များအောင်မြင်မည်ဟုထင်မြင်လျှင် စုံစမ်းစစ်ဆေးမှုတွင် ထိုသူအား ပါဝင်ဆောင်ရွက်ရန် မတော်တဆထိခိုက်ပျက်စီးမှုစုံစမ်းစစ်ဆေးရေးအာဏာပိုင်က တာဝန်ပေးခြင်းခံရသူကို ဆိုသည်။

(ယ) **ပဏာမအစီရင်ခံစာ**ဆိုသည်မှာ စုံစမ်းစစ်ဆေးမှု၏ အစောပိုင်းကာလအတွင်း ကနဦးရရှိထားသော သတင်းအချက်အလက်များကို ချက်ချင်းသတင်းပေးပို့ရေးအတွက် ဆက်သွယ်အကြောင်းကြားခြင်းကို ဆိုသည်။

(ရ) **ဘေးကင်းလုံခြုံမှုထောက်ခံချက်**ဆိုသည်မှာ စုံစမ်းစစ်ဆေးမှုများသည် လေယာဉ်မတော်တဆ ထိခိုက်ပျက်စီးမှုနှင့် မတော်တဆဖြစ်ပွားမှုများကို အပြစ်တင်ရန်နှင့် ပေးလျော်ရေးတာဝန်ရှိစေရန် မဟုတ်ဘဲ လေယာဉ်မတော်တဆ ထိခိုက်ပျက်စီးမှုနှင့် မတော်တဆဖြစ်ပွားမှုများမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေးအတွက် ရည်ရွယ်၍ မတော်တဆထိခိုက်ပျက်စီးမှု စုံစမ်းစစ်ဆေးရေး အာဏာပိုင်က စုံစမ်းစစ်ဆေးမှုမှ ရရှိသောသတင်းအချက်အလက်ကို အခြေခံ၍ ထောက်ခံ အဆိုပြုချက်ကို ဆိုသည်။

**ရှင်းလင်းချက်။** ဘေးကင်းလုံခြုံမှု ထောက်ခံချက်သည် ဘေးအန္တရာယ်ကင်းရှင်းရေးလေ့လာတွေ့ရှိချက်များ အပါအဝင် မတူညီကွဲပြားသော ဖြစ်ပွားမှုအကြောင်းရင်းခံများ ဖြစ်စေနိုင်သည်။

(လ) **ပြင်းထန်သောမတော်တဆဖြစ်ပွားမှု**ဆိုသည်မှာ လေယာဉ်ပျံသန်းမှုပြုလုပ်နေသော အချိန်အတွင်း လေယာဉ်ပေါ်တွင် လူများလိုက်ပါလာသောအချိန်မှ လူများဆင်းသက်ပြီးသည့်အထိ လေယာဉ် ပျံသန်းနေစဉ်တွင်လည်းကောင်း၊ မောင်းသူမဲ့လေယာဉ်ဖြစ်ပါက လေယာဉ်စတင်ပျံသန်းချိန်မှ လေယာဉ်ပျံသန်းမှုရပ်နားချိန်နှင့် လေယာဉ်စနစ်ရပ်တန့်သည့် အချိန်အထိတွင်လည်းကောင်း မတော်တဆဖြစ်ပွားစေသည့် အကြောင်းအရာများအားလုံးနှင့် လေယာဉ်ပျံသန်းမှုစနစ်ကို ရပ်တန့်စေသောအကြောင်းအရာများအားလုံးကို ဆိုသည်။

**ရှင်းလင်းချက်။**
(၁) ကြီးမားသော မတော်တဆထိခိုက်ပျက်စီးမှုနှင့် ပြင်းထန်သော မတော်တဆဖြစ်ပွားမှုများသည် ပေါ်ပေါက်လာသည့်အကျိုးဆက်အပေါ် မူတည်၍ ကွဲပြားခြားနားမှုရှိရမည်၊
(၂) ပြင်းထန်သော မတော်တဆဖြစ်ပွားမှုကို နောက်ဆက်တွဲ-၁၃ ၏ ပူးတွဲပါ (ဂ) တွင် ဥပမာများဖြင့် ဖော်ပြထားသည်။

(ဝ) **ပြင်းထန်သောထိခိုက်ဒဏ်ရာရရှိမှု**ဆိုသည်မှာ မတော်တဆထိခိုက်ပျက်စီးမှုတွင် လူတစ်ဦး တစ်ယောက်အား အောက်ပါအတိုင်း ထိခိုက်ဒဏ်ရာရရှိစေခြင်းကို ဆိုသည် -

(၁) မတော်တဆထိခိုက်မှု၌ ဒဏ်ရာစတင်ရရှိသည့်နေ့မှ ၇ ရက်အတွင်း ဆေးရုံတွင် ၄၈ နာရီ ထက်ပို၍ တက်ရောက်ကုသရခြင်း၊

(၂) လက်ချောင်း၊ ခြေချောင်း၊ နှာခေါင်းရိုးမှအပ လူခန္ဓာကိုယ်၏ အခြားအရိုးများကျိုးပဲ့ခြင်း၊

(၃) စုတ်ပြတ်ပေါက်ပြဲ ဒဏ်ရာဖြစ်ပွားခြင်း၊ ဒဏ်ရာမှသွေးထွက်လွန်ခြင်း၊ အကြော၊ ကြွက်သား၊ အရွတ်ထိခိုက်ဒဏ်ရာဖြစ်ခြင်း၊

(၄) ကိုယ်အင်္ဂါအတွင်းပိုင်း အစိတ်အပိုင်းတွင် ထိခိုက်ဒဏ်ရာရမှုဖြစ်ခြင်း၊

(၅) ခန္ဓာကိုယ်မျက်နှာပြင်၏ (၅) ရာခိုင်နှုန်း မီးလောင်ကျွမ်းခြင်း၊ ခန္ဓာကိုယ်အစိတ်အပိုင်း၏ ဒုတိယအဆင့် သို့မဟုတ် တတိယအဆင့် မီးလောင်ကျွမ်းခြင်း၊

(၆) ကူးစက်တတ်သော ရောဂါဖြစ်ပွားစေနိုင်သော အရာများကို စစ်ဆေးခြင်းနှင့် အန္တရာယ်ဖြစ်စေနိုင်သော ဓာတ်ရောင်ခြည်သင့်စေခြင်း။

(သ) **စာချုပ်ဝင်နိုင်ငံ**ဆိုသည်မှာ မြန်မာနိုင်ငံအပါအဝင် အပြည်ပြည်ဆိုင်ရာမြို့ပြလေကြောင်းအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံများကို ဆိုသည်။

(ဟ) **လေယာဉ်ဒီဇိုင်းရေးဆွဲပြုလုပ်သောနိုင်ငံ**ဆိုသည်မှာ မတော်တဆဖြစ်ပွားသော လေယာဉ်၏ ကိုယ်ထည်ဒီဇိုင်းရေးဆွဲပြုလုပ်သော အဖွဲ့အစည်းအပေါ်၌ တရားစီရင်ပိုင်ခွင့်ရှိသောနိုင်ငံကို ဆိုသည်။

(ဠ) **ထုတ်လုပ်တပ်ဆင်သောနိုင်ငံ**ဆိုသည်မှာ လေယာဉ်ကိုယ်ထည်၊ စက်နှင့် ပန်ကာဒလက်တို့ကို နောက်ဆုံးတပ်ဆင်ရာတွင် တာဝန်ရှိသောအဖွဲ့အစည်းပေါ်၌ တရားစီရင်ပိုင်ခွင့်ရှိသော နိုင်ငံကို ဆိုသည်။

(အ) **လေယာဉ်မတော်တဆဖြစ်ပွားသောနိုင်ငံ**ဆိုသည်မှာ လေယာဉ်မတော်တဆဖြစ်ပွားမှုဖြစ်သော လေပိုင်နက်နိုင်ငံကို ဆိုသည်။

(ကက) **လုပ်ငန်းဆောင်ရွက်သည့်စာချုပ်ဝင်နိုင်ငံ**ဆိုသည်မှာ လုပ်ငန်းဆောင်ရွက်သည့်နိုင်ငံတွင် လုပ်ငန်းဆောင်ရွက်သူ၏ ပင်မလုပ်ငန်းရှိသည့်နိုင်ငံကိုသော်လည်းကောင်း၊ ထိုသို့ လုပ်ငန်းနေရာမရှိလျှင် လုပ်ငန်းဆောင်ရွက်သူ၏ အမြဲတမ်းနေထိုင်သောနိုင်ငံကိုသော်လည်းကောင်း ဆိုသည်။

(ခခ) **မှတ်ပုံတင်သည့်နိုင်ငံ**ဆိုသည်မှာ လေယာဉ်ကိုမှတ်ပုံတင်ထားသော နိုင်ငံကို ဆိုသည်။

## အခန်း (၂)

## လေယာဉ်မတော်တဆထိခိုက်မှု စုံစမ်းစစ်ဆေးရေးဌာနဖွဲ့စည်းခြင်းနှင့် ၎င်း၏လုပ်ငန်းတာဝန်များ

### လေယာဉ်မတော်တဆထိခိုက်မှု စုံစမ်းစစ်ဆေးရေးအာဏာပိုင်

၅။ ဝန်ကြီးဌာနသည် လေယာဉ်မတော်တဆထိခိုက်မှုစုံစမ်းစစ်ဆေးရေးဌာနကို လွတ်လပ်သည့် အဖွဲ့အဖြစ်၊ လုပ်ငန်းတာဝန်များနှင့် တာဝန်ဝတ္တရားများကိုထမ်းဆောင်နိုင်ရန် စုံစမ်းစစ်ဆေးရေးမှူးများ၊ အရာထမ်းများဖြင့် ဖွဲ့စည်းရမည်။ ယင်းဌာနကို လေယာဉ်မတော်တဆထိခိုက်မှု စုံစမ်းစစ်ဆေးရေး အာဏာပိုင်ဟု သတ်မှတ်သည်။

### လေယာဉ်မတော်တဆထိခိုက်မှု စုံစမ်းစစ်ဆေးရေးအာဏာပိုင်၏လုပ်ငန်းတာဝန်များ

၆။ လေယာဉ်မတော်တဆထိခိုက်မှု စုံစမ်းစစ်ဆေးရေးအာဏာပိုင်သည် -

(က) အပြစ်တင်ခြင်း၊ ဥပဒေအရ တာဝန်ရှိခြင်းတို့နှင့် သီးခြားဖြစ်သောစုံစမ်းစစ်ဆေးမှုများကို ဆောင်ရွက်ရမည်၊

(ခ) စုံစမ်းစစ်ဆေးမှုများပြုလုပ်ရာတွင် နောက်ဆက်တွဲ-၁၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြုလုပ်ပြီး လွတ်လပ်မှုရှိရမည်၊

(ဂ) မတော်တဆထိခိုက်မှုနှင့် ပြင်းထန်သော မတော်တဆဖြစ်ပွားမှုများကို အောက်ပါအခြေအနေမျိုးတွင် စုံစမ်းစစ်ဆေးမှုပြုလုပ်ရမည် -

(၁) မြန်မာနိုင်ငံတွင်း၌ဖြစ်လျှင်၊

(၂) မြန်မာနိုင်ငံပြင်ပတွင် မြန်မာလေယာဉ်မှတ်ပုံတင်ထားသည့် လေယာဉ် သို့မဟုတ် မြန်မာနိုင်ငံလုပ်ငန်းဆောင်ရွက်သူက လုပ်ကိုင်သည့်လေယာဉ်ဖြစ်လျှင် -

(ကက) မတော်တဆမှုကို နောက်ဆက်တွဲ-၁၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အဖွဲ့ဝင်နိုင်ငံ မဟုတ်သည့်နိုင်ငံက စုံစမ်းစစ်ဆေးမှုမပြုလုပ်လျှင်ဖြစ်စေ၊

(ခခ) နှစ်နိုင်ငံသဘောတူညီမှုအရ နိုင်ငံတစ်နိုင်ငံက ကိုယ်စားလှယ်လွှဲအပ်လျှင်ဖြစ်စေ။

(၃) မြန်မာနိုင်ငံတွင် မှတ်ပုံတင်လေယာဉ်ဖြစ်ပြီး၊ မတော်တဆထိခိုက်မှုဖြစ်ပွားသောနေရာကို သေချာစွာသတ်မှတ်၍မရသည့် အခြေအနေတွင်ဖြစ်စေ။

(ဃ) မတော်တဆထိခိုက်မှုများကို အောက်ပါအခြေအနေမျိုးတွင် စုံစမ်းစစ်ဆေးရေးပြုလုပ်မည် -

(၁) မြန်မာနိုင်ငံတွင်း၌ဖြစ်ပြီး လေကြောင်းဆိုင်ရာသင်ခန်းစာ (Lesson Learned) ရယူနိုင်လျှင် ဖြစ်စေ၊

(၂) မြန်မာနိုင်ငံပြင်ပတွင်ဖြစ်သော်လည်း၊ မြန်မာနိုင်ငံမှတ်ပုံတင်လေယာဉ်ဖြစ်ပြီး လေကြောင်းဆိုင်ရာသင်ခန်းစာ (Lesson Learned) ရယူနိုင်လျှင်ဖြစ်စေ၊

(၃) ဤလုပ်ငန်းတာဝန်များ၊ ပြဋ္ဌာန်းချက်များတွင်ဖော်ပြထားသော အကျိုးရလဒ်မျိုးရရှိနိုင်လျှင် ဖြစ်စေ။

၇။ ဤနည်းဥပဒေပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက်၊ လေယာဉ်မတော်တဆထိခိုက်မှုစုံစမ်းစစ်ဆေးရေးအာဏာပိုင်နှင့် စုံစမ်းစစ်ဆေးရေးမှူးများသည် ချီကာဂိုကွန်ဗင်းရှင်း၌ပါရှိသော မြန်မာနိုင်ငံ၏ တာဝန်ဝတ္တရားများနှင့်အညီ ဆောင်ရွက်ရမည်။

၈။ လေယာဉ်မတော်တဆထိခိုက်မှု စုံစမ်းစစ်ဆေးရေးအာဏာပိုင်သည် လေယာဉ်မတော်တဆထိခိုက်မှုများ စုံစမ်းစစ်ဆေးပြီးနောက် အစီရင်ခံစာကို အများပြည်သူများဖတ်ရှုနိုင်ရန် အမြန်ဆုံးဆောင်ရွက်ပေးရမည်။

၉။ လေယာဉ်မတော်တဆထိခိုက်မှု စုံစမ်းစစ်ဆေးရေးအာဏာပိုင်သည် အပြည်ပြည်ဆိုင်ရာမြို့ပြလေကြောင်း ကွန်ဗင်းရှင်းနှင့်အဖွဲ့ချုပ်၏ နောက်ဆက်တွဲ-၁၃ ၌ ပြဋ္ဌာန်းထားသော စံချိန်စံညွှန်းများကို မြန်မာနိုင်ငံ၏ တာဝန်ဝတ္တရားများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျိုးကြောင်းဆီလျော်စွာ ဆောင်ရွက်ရမည်။

## အခန်း (၃)

## ခန့်အပ်ခြင်း၊ ဌာနအကြီးအကဲနှင့် စုံစမ်းစစ်ဆေးရေးမှူးများ၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၀။ ဝန်ကြီးဌာနသည် -

(က) လေယာဉ်မတော်တဆထိခိုက်မှုများကို စုံစမ်းစစ်ဆေးနိုင်ရန် တာဝန်ရှိသောဌာနအကြီးအကဲကို ခန့်အပ်ရမည်၊

(ခ) လေယာဉ်မတော်တဆထိခိုက်မှု စုံစမ်းစစ်ဆေးရေးဌာန၏ လုပ်ငန်းတာဝန်များအရ လေယာဉ်မတော်တဆထိခိုက်မှုများကို ထိရောက်စွာ စုံစမ်းစစ်ဆေးနိုင်ရေးအတွက် ဘဏ္ဍာငွေလုံလောက်စွာ ထားရှိရမည်။

၁၁။ ဝန်ကြီးဌာနသည် စုံစမ်းစစ်ဆေးရေးမှူးများ၏ လုပ်ပိုင်ခွင့်များကို သေချာစွာကျင့်သုံးနိုင်ရန် ဝန်ကြီးဌာနက သတ်မှတ်သော ပညာအရည်အချင်း၊ အတွေ့အကြုံရှိသောပုဂ္ဂိုလ်များကို စုံစမ်းစစ်ဆေးရေးမှူးများအဖြစ် ခန့်အပ်တာဝန်ပေးရမည်။

### ဌာနအကြီးအကဲ၏ လုပ်ငန်းတာဝန်များ

၁၂။ ဌာနအကြီးအကဲသည် အောက်ဖော်ပြပါကိစ္စများ ဆောင်ရွက်ရမည် -

(က) မတော်တဆထိခိုက်မှုများစုံစမ်းစစ်ဆေးရာတွင် လိုက်နာဆောင်ရွက်နိုင်ရန် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ခ) မတော်တဆထိခိုက်မှုနှင့် မတော်တဆဖြစ်ပွားမှုများကို စုံစမ်းစစ်ဆေးမှု ဆောင်ရွက်ရန်၊

(ဂ) သင့်တော်သည်ဟု ယူဆပါက စုံစမ်းစစ်ဆေးမှုအားလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ အခြားနိုင်ငံတစ်နိုင်ငံ သို့မဟုတ် ဒေသတွင်း လေယာဉ်မတော်တဆထိခိုက်မှု စုံစမ်းစစ်ဆေးရေးအဖွဲ့အစည်းထံသို့ဖြစ်စေ ကိုယ်စားလှယ်လွှဲအပ် ဆောင်ရွက်ရန်၊

(ဃ) မတော်တဆထိခိုက်မှု စုံစမ်းစစ်ဆေးရေးတစ်ခုအတွက် တာဝန်ခံစုံစမ်းစစ်ဆေးရေးမှူးအဖြစ် သတ်မှတ်တာဝန်ပေးရန်၊

(င) မတော်တဆထိခိုက်မှု စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များကို လုပ်ပိုင်ခွင့်အပ်နှင်းပေးရန်နှင့် ခန့်အပ်ကြောင်း ထောက်ခံချက် လက်မှတ်ထုတ်ပေးရန်၊

(စ) မတော်တဆထိခိုက်မှုစုံစမ်းစစ်ဆေးရေးများနှင့်ပတ်သက်၍ နောက်ဆုံးအစီရင်ခံစာအား ထုတ်ပြန်ပေးရန်။

**တာဝန်ခံစုံစမ်းစစ်ဆေးရေးမှူး၏ လုပ်ငန်းတာဝန်များ**

၁၃။ တာဝန်ခံစုံစမ်းစစ်ဆေးရေးမှူးသည် ဌာနအကြီးအကဲ၏ကိုယ်စား၊ ဤအခန်းပါ မတော်တဆထိခိုက်မှု စုံစမ်းစစ်ဆေးမှုများကို ဆောင်ရွက်ရန်သီးခြားတာဝန်ရှိရမည်။

၁၄။ တာဝန်ခံစုံစမ်းစစ်ဆေးရေးမှူးသည် -

(က) လေယာဉ်မတော်တဆထိခိုက်မှု စုံစမ်းစစ်ဆေးရေးအာဏာပိုင်က ပြုလုပ်သောစုံစမ်းစစ်ဆေးမှု များနှင့်ပတ်သက်၍ မတော်တဆထိခိုက်မှုဖြစ်ပွားရသော အကြောင်းအရင်း၏တွေ့ရှိချက်များ၊ သွယ်ဝိုက်ပတ်သက်သည့် အကြောင်းအရာများ၊ ဘေးကင်းလုံခြုံမှုထောက်ခံချက်များ အပါအဝင် စုံစမ်းစစ်ဆေးမှုဆိုင်ရာ အရာအားလုံးကို ဌာနအကြီးအကဲထံ တင်ပြရမည်၊

(ခ) စုံစမ်းစစ်ဆေးရေးအတွက် လိုအပ်သော လေ့လာသူ၊ ပါဝင်ဆောင်ရွက်သူများကို ခန့်အပ်တာဝန် ပေးရမည်။

**စုံစမ်းစစ်ဆေးရေးမှူးများ၏ လုပ်ပိုင်ခွင့်**

၁၅။ မတော်တဆထိခိုက်မှုစုံစမ်းစစ်ဆေးရေးအတွက် စုံစမ်းစစ်ဆေးရေးမှူးများသည် အောက်ပါအတိုင်း လုပ်ပိုင်ခွင့်ရှိသည် -

(က) သင့်တော်သည်ဟု ထင်မြင်ယူဆလျှင် လူတစ်ဦးဦးကို သူ၏ရှေ့မှောက်ကိုခေါ်ယူ၍ စစ်ဆေးနိုင်ခြင်း၊ လိုအပ်သောမေးခွန်းများကိုမေး၍ အဖြေရယူနိုင်ခြင်း၊ လိုအပ်သော သတင်းအချက်အလက်များ ရယူနိုင်ခြင်း၊

(ခ) (၁) လေယာဉ်မတော်တဆထိခိုက်မှု ဖြစ်ပွားသည့်နေရာကို ကာကွယ်ထိန်းသိမ်းနိုင်ခြင်း၊

(၂) လေယာဉ်နှင့် အခြားအစိတ်အပိုင်းများကို ကာကွယ်ထိန်းသိမ်းနိုင်ခြင်း၊

(၃) မတော်တဆထိခိုက်မှုဖြစ်သည့် လေယာဉ်နှင့်ပတ်သက်သော မှတ်တမ်းများနှင့် သက်သေခံ မှတ်တမ်းများကို ကာကွယ်ထိန်းသိမ်းနိုင်ခြင်း။

(ဂ) လေယာဉ်မတော်တဆထိခိုက်မှု စုံစမ်းစစ်ဆေးရေးနှင့် သက်ဆိုင်သည့်နေရာသို့ ဝင်ရောက်နိုင်ခြင်း၊ ပစ္စည်းတစ်ခုခုအား သိမ်းဆည်းနိုင်ခြင်း၊

(ဃ) မတော်တဆထိခိုက်မှုနှင့် ပတ်သက်သည့်နေရာ၊ ပတ်သက်သည်ဟုဖြစ်တန်ရာရှိသောနေရာများကို ကန့်သတ်နိုင်ခြင်း၊ တားမြစ်နိုင်ခြင်း၊

(င) မတော်တဆထိခိုက်မှုစုံစမ်းစစ်ဆေးခြင်း၏ ရည်ရွယ်ချက်ဖြင့် သိမ်းပိုက်ထားသော မည်သည့် အရာကိုမဆို လိုအပ်သလို စမ်းသပ်စစ်ဆေးမှုပြုလုပ်နိုင်ခြင်း၊

**ရှင်းလင်းချက်။** ထိုသို့စမ်းသပ်စစ်ဆေးမှုပြုလုပ်ရာတွင် ပိုင်ရှင် သို့မဟုတ် သက်ဆိုင်သော သူများကို စုံစမ်းစစ်ဆေးရေးမှူးက စုံစမ်းစစ်ဆေးမှုကို အနှောင့်အယှက် မဖြစ်လျှင် ဖိတ်ခေါ်နိုင်သည်။

(စ) မတော်တဆထိခိုက်မှုစုံစမ်းစစ်ဆေးရေးနှင့် ပတ်သက်သောမှတ်တမ်းများကို မိတ္တူကူးယူနိုင်ခြင်း၊

(ဆ) စုံစမ်းစစ်ဆေးမှုပြီးဆုံးသည့်တိုင်အောင် မှတ်တမ်းများကို ထိန်းသိမ်းနိုင်ခြင်း၊

(ဇ) စုံစမ်းစစ်ဆေးရေးမှူးက သင့်တော်သည်ဟုထင်မြင်ယူဆပါက လူတစ်ဦးဦးထံမှ ထွက်ဆိုချက်ရယူ နိုင်ခြင်း၊ ထွက်ဆိုချက်တွင် လက်မှတ်ရေးထိုးစေခြင်း စသည်တို့ကို ပြုလုပ်နိုင်ခြင်း၊

(ဈ) လေယာဉ်မောင်းနှင်ခြင်းနှင့် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ပတ်သက်သော လူများကို ဆေးစစ်ချက် လက်မှတ်တင်ပြခိုင်းနိုင်ခြင်း၊

(ည) အကျိုးအကြောင်းဆီလျော်ပါက လူနာနှင့်ပတ်သက်သည့် ဆေးပညာဆိုင်ရာ သတင်းအချက် အလက်များအား ဆရာဝန်များကို မေးမြန်းနိုင်ခြင်း၊

(ဋ) အကျိုးအကြောင်းဆီလျော်ပါက သေဆုံးသွားသောအလောင်းကို သေဆုံးရသည့်အကြောင်းသိရှိရန် ခွဲစိတ်စစ်ဆေး စေခိုင်းနိုင်ခြင်း၊

(ဌ) သေဆုံးသွားသောအလောင်း သို့မဟုတ် လူ့အစိတ်အပိုင်းတစ်ခုခုကို သေဆုံးရသည့်အကြောင်း အရင်းသိရှိရန် ခွဲစိတ်ရန်ထိန်းသိမ်းနိုင်ခြင်း၊

(ဍ) လေယာဉ်မတော်တဆထိခိုက်မှု စုံစမ်းစစ်ဆေးရေးဌာနမှ လေယာဉ် သို့မဟုတ် ၎င်း၏ အစိတ်အပိုင်းကို တိုက်ရိုက်ထိန်းသိမ်းနိုင်သည်အထိ အခြားအဖွဲ့အစည်းများ သို့မဟုတ် တာဝန် ရှိသူများကို မေတ္တာရပ်ခံနိုင်ခြင်း။

## အခန်း (၄)

## အကြောင်းကြားခြင်း

### မတော်တဆထိခိုက်ပျက်စီးမှုနှင့် မတော်တဆဖြစ်ပွားမှုများ

၁၆။ (က) မတော်တဆထိခိုက်ပျက်စီးမှုနှင့် မတော်တဆဖြစ်ပွားမှုများဖြစ်ပါက လေယာဉ်ပိုင်ရှင်၊ လေယာဉ်လုပ်ငန်းဆောင်ရွက်သူ၊ လေယာဉ်မှူးကြီးနှင့် လေယာဉ်အမှုထမ်းတစ်ဦးဦး၊ လေဆိပ် လုပ်ငန်းဆောင်ရွက်သူ၊ လေကြောင်းထိန်းသူတို့မှ လေယာဉ် မတော်တဆထိခိုက်မှု စုံစမ်း စစ်ဆေးရေးဌာနသို့ သတင်းအချက်အလက်ပြည့်စုံစွာ အမြန်ဆုံးရရာနည်းဖြင့် သတင်းပို့ရမည်၊

(ခ) လေယာဉ်မတော်တဆထိခိုက်မှု စုံစမ်းစစ်ဆေးရေးဌာနသို့ အပိုဒ် (က) နှင့်အညီ သတင်း ပို့ရာတွင် ဤနည်းဥပဒေပါ ဇယား (၁) အတိုင်း ပြည့်စုံစွာဖော်ပြရမည်။ အကြောင်းအချက် မပြည့်စုံခြင်း၊ အကြောင်းကြားသတင်းပို့နောက်ကျခြင်း မဖြစ်စေရ။

## အခန်း (၅)

## စုံစမ်းစစ်ဆေးခြင်း

### စုံစမ်းစစ်ဆေးခြင်းအမျိုးအစားနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ခြင်း

၁၇။ (က) ဌာနအကြီးအကဲသည် မည်သည့်လေယာဉ်မတော်တဆထိခိုက်မှုများကိုမဆို စစ်ဆေးမည့် မူဝါဒများ ချမှတ်ရမည်၊

(ခ) လေယာဉ်မတော်တဆထိခိုက်မှု စုံစမ်းစစ်ဆေးရေးဌာနသည် အောက်ဖော်ပြပါသတ်မှတ်ချက် များနှင့်အညီ ဆောင်ရွက်ရမည် -

(၁) ကြီးမားသော မတော်တဆထိခိုက်ပျက်စီးမှုအားလုံးကို စစ်ဆေးခြင်း၊

(၂) လေယာဉ်၏အများဆုံးအလေးချိန် (၂၂၅၀) ကီလိုဂရမ်အထက် ပြင်းထန်သောဖြစ်ပွားမှု အားလုံးကို စစ်ဆေးခြင်း၊

(၃) ပြင်းထန်သော ဖြစ်ပွားမှုအားလုံးကို စစ်ဆေးခြင်း၊

(၄) အခြားသော မတော်တဆဖြစ်ပွားမှုများကို လိုအပ်ပါက စစ်ဆေးခြင်း။

၁၈။ ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ မတော်တဆထိခိုက်မှု စုံစမ်းစစ်ဆေးမှုပြုလုပ်ရာတွင် သက်သေ အထောက်အထားများရယူရာ၌ စီမံခန့်ခွဲရေးနှင့် တရားစွဲဆိုရေးဆိုင်ရာကိစ္စရပ်များကြောင့် နှောင့်နှေး ကြန့်ကြာမှုမရှိစေရ။

[ ဆက်လက်ဖော်ပြပါမည်။ ]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၂၂/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၆ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၀ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၁၉ အရ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦး အား အမြဲတမ်းအတွင်းဝန်အဖြစ် ၂၀၁၉ ခုနှစ်၊ ဧပြီလ ၉ ရက်မှစ၍ တာဝန်ပေးအပ်လိုက်သည်။

သောင်းထွန်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၁၆၉/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၂၆ ရက်)

**မြေလွှဲပြောင်းပေးခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော် ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေ ပုဒ်မ - ၂၇ (၁) (ခ-၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုသုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၁၄/စီမံကိန်း (၁)၊ မြေကွက်အမှတ် (၁/က/၄၀)၊ (၁/င/၄၀)၊ (၁/ဃ^၁/၄၀) နှင့် (၁/ဃ^၂/၄၀)၊ ဧရိယာ (၅. ၃၅၉) ဧကရှိ အစိုးရမြေကို တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ အောက်ပါစည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည် -

(က) ဖော်ပြပါ မြေကို အများပြည်သူအကျိုးငှာ တံတားဦးစီးဌာနအတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ။

(ခ) ထိုမြေကို တံတားဦးစီးဌာနက အသုံးပြုရန် မလိုအပ်သည့်အခါ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရက ပြန်လည်သိမ်းယူမည်။

(ဂ) မြေကို အသုံးပြုရာတွင် တံတားဦးစီးဌာနနှင့် ဤဦးစီးဌာနတို့ အယူအဆ သဘောထားကွဲလွဲမှု ရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုဝန်ကြီးရုံး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့်မြေ၏ အကြောင်းအရာဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်း ရပ်ကွက်အမှတ် | မြေကွက် အမှတ် | ခန့်မှန်းမြေ ဧရိယာ | | မှတ် ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန်တိုင်း ဒေသကြီး | တောင်ဥက္ကလာပ | ၁၄/စီမံကိန်း (၁) | (၁/က/၄၀)<br>(၁/င/၄၀)<br>(၁/ဃ^၁/၄၀)<br>(၁/ဃ^၂/၄၀) | ၂<br>၂<br>၀<br>၀ | ၃၅၉<br>၀၃၆<br>၅၈၈<br>၃၇၆ | |
| **စုစုပေါင်း** | | | | **၅** | **၃၅၉** | |

၃။ **မြေကွက်အမှတ် (၁/က/၄၀) ၏ နယ်နိမိတ်အလားအလာဖော်ပြချက်**

| | | |
|---|---|---|
| အရှေ့လားသော် | - | လမ်း |
| အနောက်လားသော် | - | မြေကွက်အမှတ်-၂၁၊ ၂၂၊ ၃၉၊ ၄၀ |
| တောင်လားသော် | - | လမ်း |
| မြောက်လားသော် | - | လမ်း |

**မြေကွက်အမှတ် (၁/င/၄၀) ၏ နယ်နိမိတ်အလားအလာဖော်ပြချက်**

| | | |
|---|---|---|
| အရှေ့လားသော် | - | ငမိုးရိပ်ချောင်း |
| အနောက်လားသော် | - | မြေကွက်အမှတ် (၁/ခ/၄၀)၊ (၁/စ/၄၀) |
| တောင်လားသော် | - | မြေကွက်အမှတ် (၁/ဆ/၄၀) |
| မြောက်လားသော် | - | မြေကွက်အမှတ် (၁/ဃ²/၄၀) |

**မြေကွက်အမှတ် (၁/ဃ¹/၄၀) ၏ နယ်နိမိတ်အလားအလာဖော်ပြချက်**

| | | |
|---|---|---|
| အရှေ့လားသော် | - | ငမိုးရိပ်ချောင်း |
| အနောက်လားသော် | - | မြေကွက်အမှတ် (၁/ဇ/၄၀) |
| တောင်လားသော် | - | မေတ္တာလမ်း |
| မြောက်လားသော် | - | မြေတိုင်းရပ်ကွက်အမှတ် (၁၄/၂) |

**မြေကွက်အမှတ် (၁/ဃ²/၄၀) ၏ နယ်နိမိတ်အလားအလာဖော်ပြချက်**

| | | |
|---|---|---|
| အရှေ့လားသော် | - | ငမိုးရိပ်ချောင်း |
| အနောက်လားသော် | - | လမ်း |
| တောင်လားသော် | - | မြေကွက်အမှတ် (၁/င/၄၀) |
| မြောက်လားသော် | - | မေတ္တာလမ်း |

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အစည်းအဝေးအမှတ်စဉ် (၄၁/၂၀၁၈) အရ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပ မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄/စီမံကိန်း (၁)၊ မြေကွက်အမှတ် (၁/က/၄၀)၊ (၁/င/၄၀) (၁/ဃ¹/၄၀) နှင့် (၁/ဃ²/၄၀)၊ ဧရိယာ (၅. ၃၅၉) ဧကရှိ အစိုးရမြေကို တံတားဦးစီးဌာန၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

ဟန်ဇော်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဆောက်လုပ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

## အမိန့်အမှတ် ၂/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၉ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၁၄ ရက်)

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေပုဒ်မ ၃၉၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး

ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်ဆိုင်ရာအမိန့်ကို အောက်ပါအတိုင်း ထုတ်ပြန်လိုက်သည် -

## ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်ဆိုင်ရာအမိန့်

၁။ ဤအမိန့်တွင်ပါရှိသော စကားရပ်များသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **ခရီးလှည့်လည်ရေးလုပ်ငန်းလုပ်ကိုင်သူ**ဆိုသည်မှာ ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်ရရှိပြီး အောက်ပါလုပ်ငန်းတစ်ခုခုကိုဖြစ်စေ၊ လုပ်ငန်းတစ်ခုထက်ပို၍ဖြစ်စေ စီးပွားရေးအလို့ငှာ အခကြေးငွေရယူ၍ စီမံဆောင်ရွက်သူကို ဆိုသည် -

(၁) ခရီးသည်များအတွက် ခရီးစဉ်များကိုရေးဆွဲခြင်း၊ ခရီးစဉ်အလိုက် တည်းခိုမှု၊ သယ်ယူပို့ဆောင်မှု စသည့်ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ ကြိုတင်ဆက်သွယ်စီစဉ်ခြင်း၊

(၂) ခရီးစဉ်များကို ဖြန့်ဖြူးရောင်းချခြင်း သို့မဟုတ် ကိုယ်စားလှယ်ယူ၍ တစ်ဆင့်စီစဉ်ရောင်းချပေးခြင်း၊

(၃) ရောင်းချထားသောခရီးစဉ်များအတွက် ခရီးစဉ်ဝန်ဆောင်မှုများကို တာဝန်ယူဆောင်ရွက်ပေးခြင်း၊

(၄) ခရီးသည်များအတွက် နိုင်ငံတကာလေယာဉ်၊ ရထား၊ သင်္ဘောစသည့် ပို့ဆောင်ရေးယာဉ်ဆိုင်ရာ ခရီးသွားလက်မှတ်များကို ဝယ်ယူရရှိရေး စီစဉ်ဆောင်ရွက်ပေးခြင်း။

ခြွင်းချက် - ယင်းစကားရပ်တွင် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်သူများပါဝင်ခြင်း မရှိစေရ -

(၁) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂလိကလုပ်ငန်းအဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီ၏ဝန်ထမ်းတစ်ဦးဦးသည် ယင်းလုပ်ငန်းနှင့်သက်ဆိုင်သော ပုဂ္ဂိုလ်တစ်ဦးဦးအား တာဝန်အရ တစ်နေရာမှတစ်နေရာသို့ ခရီးသွားလာရာတွင် အဆင်ပြေချောမွေ့စွာ ပို့ဆောင်ခြင်း၊ တည်းခိုရန်နေရာ စီစဉ်ပေးခြင်းနှင့် ဧည့်လမ်းညွှန်စီစဉ်ပေးခြင်းများကို ဆောင်ရွက်ပေးခြင်း၊

(၂) ပုဂ္ဂိုလ်တစ်ဦးဦးသည် စီးပွားရေးအလို့ငှာမဟုတ်ဘဲ လူမှုရေးအရ မိမိ၏ဆွေမျိုးမိတ်ဆွေ မိတ်သင်္ဂဟ တစ်ဦးဦးအား တစ်နေရာမှ တစ်နေရာသို့ သွားလာရာတွင် အဆင်ပြေချောမွေ့စွာပို့ဆောင်ခြင်း၊ တည်းခိုရန်နေရာစီစဉ်ပေးခြင်းနှင့် ဧည့်လမ်းညွှန်စီစဉ်ပေးခြင်းများကို ဆောင်ရွက်ပေးခြင်း။

(ခ) **လုပ်ငန်းလိုင်စင်**ဆိုသည်မှာ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီက ထုတ်ပေးသော ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်ကို ဆိုသည်။

၂။ ခရီးလှည့်လည်ရေးလုပ်ငန်းလုပ်ကိုင်သူသည် ခရီးလှည့်လည်ရေးလုပ်ငန်းကို အောက်ပါသတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းတည်ထောင်၍ လုပ်ကိုင်ဆောင်ရွက်ရမည် -

(က) ခရီးလှည့်လည်ရေးလုပ်ငန်းကို ကုမ္ပဏီလီမိတက်အဖြစ် ဖွဲ့စည်းလုပ်ကိုင်ခြင်းဖြစ်ပါက ယင်းလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ကုမ္ပဏီများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်၍ ဖွဲ့စည်းတည်ထောင်ရမည်။ သမဝါယမအသင်း ဖွဲ့စည်းလုပ်ကိုင်ခြင်းဖြစ်ပါက သမဝါယမဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနတွင် ယင်းလုပ်ငန်းအတွက် မှတ်ပုံတင်၍ ဖွဲ့စည်းတည်ထောင်ရမည်။

(ခ) ခရီးလှည့်လည်ရေးလုပ်ငန်းရုံးခန်းကို သီးခြားဖွဲ့စည်းထားရှိရမည်။ လုပ်ငန်းအမည်ကို သီးခြားဆိုင်းဘုတ်ဖြင့် ချိတ်ဆွဲထားရှိရမည်။

၃။ လုပ်ငန်းလိုင်စင်လျှောက်ထားသူသည် အောက်ပါအချက်အလက်၊ အထောက်အထားများဖြင့် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသို့ လျှောက်ထားရမည် -

(က) ပြည်ဝင်ခရီးစဉ်နှင့် ပြည်တွင်းခရီးစဉ်

(၁) လိုင်စင်လျှောက်လွှာ၊

(၂) သက်တမ်းရှိ ကုမ္ပဏီမှတ်ပုံတင်မိတ္တူ သို့မဟုတ် သမဝါယမအသင်းမှတ်ပုံတင်မိတ္တူ၊

(၃) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန သို့မဟုတ် သမဝါယမဦးစီးဌာနမှ အတည်ပြုထားသော ဒါရိုက်တာအဖွဲ့ဝင်စာရင်း၊ ရုံးခန်းလိပ်စာနှင့် အစုရှယ်ယာပါဝင်မှု စာရင်းမိတ္တူ၊

(၄) ဝန်ထမ်းစာရင်း၊

(၅) ဆောင်ရွက်မည့် ခရီးစဉ်များ၊ ဈေးနှုန်းများနှင့် ဝန်ဆောင်မှုပေးမည့် အစီအစဉ်များ (Tour Conditions and Agreement)၊

(၆) လျှောက်ထားသူ၏ ကိုယ်ရေးရာဇဝင်နှင့် မှတ်ပုံတင်မိတ္တူ၊

(၇) လျှောက်ထားသူ၏ (၆) လအတွင်း ရိုက်ထားသည့် ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၂) ပုံ။

(ခ) ပြည်ပခရီးစဉ်

(၁) လိုင်စင်လျှောက်လွှာ၊

(၂) ပြည်ဝင်ခရီးစဉ်နှင့် ပြည်တွင်းခရီးစဉ် သက်တမ်းရှိသည့် လုပ်ငန်းလိုင်စင်မိတ္တူ၊

(၃) ကုမ္ပဏီမှ ဝန်ဆောင်မှုပေးမည့် ခရီးစဉ်များ၊ ဈေးနှုန်းများနှင့် ဝန်ဆောင်မှုပေးမည့် အစီအစဉ်များ (Tour Conditions and Agreement)၊

(၄) ကုမ္ပဏီမှဆောင်ရွက်ပေးမည့် ဝန်ဆောင်မှုအပေါ် အပြည့်အဝတာဝန်ယူကြောင်း ကတိပြုချက် ကျမ်းကျိန်လွှာ၊

(၅) ကုမ္ပဏီ၏ဒါရိုက်တာအဖွဲ့ဝင်တစ်ဦး သို့မဟုတ် လုပ်ငန်းတာဝန်ယူကြောင်း ဆောင်ရွက်မည့်သူတစ်ဦးသည် ခရီးသွားလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၂) နှစ်ရှိကြောင်း ယခင်လုပ်ကိုင်ခဲ့သည့် ကုမ္ပဏီ၏ ထောက်ခံချက်၊

(၆) လျှောက်ထားသူ၏ (၆) လအတွင်း ရိုက်ထားသည့် ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ (၂) ပုံ၊

(၇) ဘာသာရေးဆိုင်ရာ ခရီးစဉ်များ ဆောင်ရွက်ပါက သက်ဆိုင်ရာဌာနများ၏အမိန့် ညွှန်ကြားချက်များနှင့်အညီ တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုချက်။

၄။ လုပ်ငန်းလိုင်စင် လျှောက်ထားခြင်းကို လက်ခံရရှိသည့်အခါ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီက ဖွဲ့စည်းပေးသော လိုင်စင်စိစစ်ရေးအဖွဲ့ဖြင့် စစ်ဆေးဆောင်ရွက်ရမည်။

၅။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသည် ပြည့်စုံမှန်ကန်သည့် လျှောက်ထားချက်ကို လက်ခံရရှိသည့်ရက်မှ အလုပ်လုပ်ရက် (၂၀) ရက်အတွင်း စိစစ်၍ ဆုံးဖြတ်ချက်ကို လုပ်ငန်းလိုင်စင် လျှောက်ထားသူထံ အကြောင်းပြန်ကြားရမည်။

၆။ လုပ်ငန်းလိုင်စင် လျှောက်ထားသူသည် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ ခွင့်ပြုချက်ရရှိပါက သတ်မှတ်နှုန်းထားအတိုင်း လိုင်စင်ကြေးပေးသွင်းရမည်။

၇။ ခရီးလှည့်လည်ရေးလုပ်ငန်း လုပ်ကိုင်သူသည် ပင်မခရီးလှည့်လည်ရေးလုပ်ငန်းရုံးအပြင် လုပ်ငန်းရုံးခွဲဖွင့်လှစ်မည်ဆိုပါက ရုံးခွဲတည်ရှိသည့် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသို့တင်ပြ၍ ခွင့်ပြုချက်ရယူရမည်။ ရုံးခွဲတစ်ခုချင်းစီအတွက် သတ်မှတ်နှုန်းထားအတိုင်း လိုင်စင်ကြေးပေးသွင်းရမည်။

၈။ လုပ်ငန်းလိုင်စင်ပါ ကုမ္ပဏီအမည်ပြောင်းလဲခြင်း၊ လိုင်စင်ပျက်စီး သို့မဟုတ် ပျောက်ဆုံးခြင်း၊ ပိုင်ဆိုင်မှုပြောင်းလဲခြင်း၊ ပြည်ထောင်စုနယ်မြေ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျော်၍ ရုံးခန်း

ပြောင်းရွှေ့ခြင်းတို့ကြောင့် လုပ်ငန်းလိုင်စင် ပြန်လည်လျှောက်ထားလိုသူသည် သတ်မှတ်နှုန်းထားအတိုင်း ဝန်ဆောင်ကြေးကို ပေးသွင်းရမည်။

၉။ လုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းတိုးလျှောက်ထားလိုလျှင် လိုင်စင်သက်တမ်းကုန်ဆုံးသည့်ရက်မတိုင်မီ ရက်ပေါင်း (၆၀) အတွင်း လုပ်ငန်းလိုင်စင်သက်တမ်းတိုးရန် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီထံ လျှောက်ထားရမည်။ လုပ်ငန်းလိုင်စင်သက်တမ်းကုန်ဆုံးရက်ကျော်လွန်ပြီးမှ လိုင်စင်သက်တမ်းတိုးရန် လျှောက်ထားလာပါက ထိုကျော်လွန်သည့် ရက်တိုင်းအတွက် သတ်မှတ်နှုန်းထားအတိုင်း ကျသင့်သည့် လိုင်စင်ဒဏ်ကြေးကို ပေးသွင်းရမည်။

၁၀။ လုပ်ငန်းလိုင်စင်သက်တမ်းတိုး လျှောက်ထားသူသည် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ ခွင့်ပြုချက်ရရှိပါက သတ်မှတ်နှုန်းထားအတိုင်း လိုင်စင်အသစ်လဲလှယ်ကြေးကို ပေးသွင်းရမည်။

၁၁။ လုပ်ငန်းလိုင်စင်လျှောက်ထားခြင်း သို့မဟုတ် လုပ်ငန်းလိုင်စင်အသစ်လဲလှယ်ခြင်းများအား ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ ခွင့်ပြုချက်ရရှိသည့်ရက်မှ ရက်ပေါင်း (၃၀) အတွင်း လိုင်စင်ကြေး ပေးသွင်း၍ လုပ်ငန်းလိုင်စင်ကိုထုတ်ယူရမည်။ ယင်းကာလကျော်လွန်ပြီးမှ ထုတ်ယူပါက ကျော်လွန်သည့် ရက်တိုင်းအတွက် သတ်မှတ်နှုန်းထားအတိုင်း လိုင်စင်ဒဏ်ကြေးကို ပေးသွင်းရမည်။

၁၂။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်စွဲပါ အမိန့်အမှတ် ၂/၂၀၁၁၊ ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်ဆိုင်ရာအမိန့်ကို ဤအမိန့်ဖြင့် ပယ်ဖျက်လိုက်သည်။

## အမိန့်အမှတ် ၃/၂၀၁၉

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေပုဒ်မ ၃၉၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် ဟိုတယ်လုပ်ငန်းလိုင်စင်ဆိုင်ရာအမိန့်ကို အောက်ပါအတိုင်း ထုတ်ပြန်လိုက်သည် -

## ဟိုတယ်လုပ်ငန်းလိုင်စင်ဆိုင်ရာအမိန့်

၁။ ဤအမိန့်တွင်ပါရှိသော စကားရပ်များသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **ဟိုတယ်**ဆိုသည်မှာ အနည်းဆုံး နှစ်ယောက်အိပ်ခန်း ၂၀ ခန်းပါရှိပြီး ခရီးသည်များ တည်းခိုနေနိုင်ရန်လည်းကောင်း၊ အစားအစာ၊ အဖျော်ယမကာနှင့် အခြားဝန်ဆောင်မှုများအတွက်လည်းကောင်း စီးပွားရေးအလို့ငှာ အခကြေးငွေရယူ၍ လက်ခံစီစဉ်ပေးသည့် အဆောက်အအုံကို ဆိုသည်။ ယင်းစကားရပ်တွင် သာသာရေး၊ လူမှုရေးအသင်းအဖွဲ့၊ လုပ်ငန်းဌာန သို့မဟုတ် အဖွဲ့အစည်းက စီးပွားရေးအလို့ငှာ မဟုတ်ဘဲ တည်ထောင်ထားသော တည်းခိုမှုဆိုင်ရာ အဆောက်အအုံပါဝင်ခြင်း မရှိစေရ။

(ခ) **ဟိုတယ်လုပ်ငန်းရှင်**ဆိုသည်မှာ ဟိုတယ်လုပ်ငန်းလိုင်စင်ရရှိပြီး လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှု တစ်ခုခုပြုလုပ်၍ စီမံခန့်ခွဲဆောင်ရွက်ခွင့်ရှိသူကို ဆိုသည်။

(ဂ) **လုပ်ငန်းလိုင်စင်**ဆိုသည်မှာ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီက ထုတ်ပေးသော ဟိုတယ်လုပ်ငန်းလိုင်စင်ကို ဆိုသည်။

၂။ လုပ်ငန်းလိုင်စင်လျှောက်ထားရာတွင် အဆောက်အအုံနှင့်စပ်လျဉ်း၍ အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံရမည် -

(က) ဟိုတယ်အဖြစ် အသုံးပြုရန် သင့်လျော်သည့် အဆောက်အအုံကို ပိုင်ဆိုင်၍ဖြစ်စေ၊ ငှားရမ်း၍ဖြစ်စေ ရှိပြီးဖြစ်ရမည်။

(ခ) အဆောက်အအုံ၏ တည်နေရာနှင့် ပရိဝုဏ်သည် လုပ်ငန်းသဘာဝနှင့်သင့်လျော်ပြီး ကျန်းမာရေးနှင့် ညီညွတ်သော အခြေအနေရှိရမည်။

(ဂ) အဆောက်အအုံသည် သက်ဆိုင်ရာဒေသစည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက်ရရှိပြီးဖြစ်ရမည်။

(ဃ) အဆောက်အအုံသည် နောက်ဆက်တွဲပါ အနည်းဆုံးလိုအပ်သည့် အခြေခံအချက်များနှင့် ပြည့်စုံရမည်။

၃။ လုပ်ငန်းလိုင်စင်လျှောက်ထားသူသည် အောက်ပါအချက်အလက်၊ အထောက်အထားများဖြင့် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသို့ လျှောက်ထားရမည် -

(က) လိုင်စင်လျှောက်လွှာ၊

(ခ) ဟိုတယ်ဆောက်လုပ်ခွင့် တင်ပြခဲ့ပါက ဆောက်လုပ်ခွင့်အတွက် ခွင့်ပြုထားသည့် အထောက်အထားမိတ္တူ၊

(ဂ) နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ခံချက်၊

(ဃ) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ထောက်ခံချက်၊

(င) မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ထောက်ခံချက်၊

(စ) မြို့နယ်ရဲစခန်း၏ထောက်ခံချက်၊

(ဆ) မြို့နယ်မီးသတ်ဦးစီးဌာန၏ထောက်ခံချက်၊

(ဇ) မြို့နယ်ကျန်းမာရေးဌာန၏ထောက်ခံချက်၊

(ဈ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ထောက်ခံချက်၊

(ည) ဘေးပတ်ဝန်းကျင်နေသူများမှ သဘောတူညီကြောင်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်၊

(ဋ) မြေပိုင်ဆိုင်မှု အထောက်အထား၊ ငှားရမ်းခြင်းဖြစ်ပါက ငှားရမ်းထားသည့် အထောက်အထား၊

(ဌ) ဆောက်လုပ်ပြီး အဆောက်အအုံနှင့် အခန်းဓာတ်ပုံများ၊

(ဍ) လျှောက်ထားသူ၏ (၆) လအတွင်း ရိုက်ထားသည့် ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၂) ပုံ၊

(ဎ) ဝန်ထမ်းအင်အားစာရင်း၊

(ဏ) ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင်ဖြစ်ပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန၏ ထောက်ခံချက် သို့မဟုတ် သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး နယ်မြေတွင် ဖြစ်ပါက သစ်တောဦးစီးဌာန၏ထောက်ခံချက်။

၄။ လုပ်ငန်းလိုင်စင်လျှောက်ထားခြင်းကို လက်ခံရရှိသည့်အခါ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီက ဖွဲ့စည်းပေးသော လိုင်စင်စိစစ်ရေးအဖွဲ့ဖြင့် စစ်ဆေးဆောင်ရွက်ရမည်။

၅။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသည် ပြည့်စုံမှန်ကန်သည့် လျှောက်ထားချက်ကို လက်ခံ ရရှိသည့်ရက်မှ အလုပ်လုပ်ရက် (၂၀) ရက်အတွင်း စိစစ်၍ ဆုံးဖြတ်ချက်ကို လုပ်ငန်းလိုင်စင် လျှောက်ထား သူထံ အကြောင်းပြန်ကြားရမည်။

၆။ လုပ်ငန်းလိုင်စင်လျှောက်ထားသူသည် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ ခွင့်ပြုချက်ရရှိပါက သတ်မှတ်နှုန်းထားအတိုင်း လိုင်စင်ကြေးပေးသွင်းရမည်။

၇။ ဟိုတယ် (နိုင်ငံသားပိုင်) အမည်ပြောင်းလဲခြင်း၊ ဟိုတယ်လုပ်ငန်းရှင်အမည်ပြောင်းလဲခြင်း၊ ပိုင်ဆိုင်မှု ပြောင်းလဲခြင်း၊ အိပ်ခန်းတိုးခြင်း သို့မဟုတ် လျှော့ခြင်း၊ လုပ်ငန်းလိုင်စင်ပျက်စီး သို့မဟုတ် ပျောက်ဆုံးခြင်း၊ လုပ်ငန်းအမျိုးအစား ပြောင်းလဲခြင်းတို့ကြောင့် လုပ်ငန်းလိုင်စင် ပြန်လည်လျှောက်ထားလိုသူသည် ဝန်ဆောင်ကြေးကို သတ်မှတ်နှုန်းထားအတိုင်း ပေးသွင်းရမည်။

၈။ ဟိုတယ် (နိုင်ငံခြားသားပိုင် သို့မဟုတ် နိုင်ငံခြားသားနှင့် နိုင်ငံသားဖက်စပ်) အမည်ပြောင်းလဲခြင်း၊ ဟိုတယ်လုပ်ငန်းရှင် အမည်ပြောင်းလဲခြင်း၊ ကုမ္ပဏီအမည် ပြောင်းလဲခြင်း၊ အိပ်ခန်းတိုးခြင်း သို့မဟုတ် လျှော့ခြင်း၊ လုပ်ငန်းလိုင်စင်ပျက်စီး သို့မဟုတ် ပျောက်ဆုံးခြင်းတို့ကြောင့် လုပ်ငန်းလိုင်စင် ပြန်လည်လျှောက်ထားလိုသူသည် သတ်မှတ်နှုန်းထားအတိုင်း ဝန်ဆောင်ကြေးကို ပေးသွင်းရမည်။

၉။ လုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းတိုးလျှောက်ထားလိုလျှင် လိုင်စင်သက်တမ်းကုန်ဆုံးသည့်ရက်မတိုင်မီ ရက်ပေါင်း (၆၀) အတွင်း လုပ်ငန်းလိုင်စင်သက်တမ်းတိုးရန် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီထံ လျှောက်ထားရမည်။ လုပ်ငန်းလိုင်စင်သက်တမ်း ကုန်ဆုံးရက်ကျော်လွန်ပြီးမှ လိုင်စင်သက်တမ်းတိုးရန် လျှောက်ထားလာပါက ထိုကျော်လွန်သည့် ရက်တိုင်းအတွက် သတ်မှတ်နှုန်းထားအတိုင်း ကျသင့်သည့် လိုင်စင်ဒဏ်ကြေးကို ပေးသွင်းရမည်။

၁၀။ လုပ်ငန်းလိုင်စင် သက်တမ်းတိုး လျှောက်ထားသူသည် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ ခွင့်ပြုချက်ရရှိပါက သတ်မှတ်နှုန်းထားအတိုင်း လိုင်စင်အသစ်လဲလှယ်ကြေးကို ပေးသွင်းရမည်။

၁၁။ လုပ်ငန်းလိုင်စင် လျှောက်ထားခြင်း သို့မဟုတ် လုပ်ငန်းလိုင်စင် အသစ်လဲလှယ်ခြင်းများအား ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ ခွင့်ပြုချက်ရရှိသည့် ရက်မှ ရက်ပေါင်း (၃၀) အတွင်း လိုင်စင်ကြေး ပေးသွင်း၍ လုပ်ငန်းလိုင်စင်ကို ထုတ်ယူရမည်။ ယင်းကာလကျော်လွန်ပြီးမှ ထုတ်ယူပါက ကျော်လွန်သည့် ရက်တိုင်းအတွက် သတ်မှတ်နှုန်းထားအတိုင်းလိုင်စင်ဒဏ်ကြေးကို ပေးသွင်းရမည်။

၁၂။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်စွဲပါ အမိန့်အမှတ် ၁/၂၀၁၁၊ ဟိုတယ်လုပ်ငန်းနှင့် တည်းခိုရိပ်သာလုပ်ငန်း လိုင်စင်ဆိုင်ရာအမိန့်ကို ဤအမိန့်ဖြင့် ပယ်ဖျက်လိုက်သည်။

အုန်းမောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန။

**နောက်ဆက်တွဲ**

## ဟိုတယ်လုပ်ငန်းအတွက် အနည်းဆုံးလိုအပ်သည့် အခြေခံအချက်များ

ဟိုတယ်လုပ်ငန်းလုပ်ကိုင်သူသည် အောက်ဖော်ပြပါ အနည်းဆုံးလိုအပ်သည့် အခြေခံအချက်များနှင့် ညီညွတ်ပြည့်စုံသည့် ဟိုတယ်ရှိပြီးဖြစ်ရမည် -

(က) **တည်နေရာနှင့် အဆောက်အအုံ**

(၁) လုပ်ငန်းသဘာဝနှင့်သင့်လျော်ပြီး ကျန်းမာရေးနှင့် ညီညွတ်သည့်နေရာနှင့် ပတ်ဝန်းကျင်တွင် တည်ရှိရမည်။

(၂) ဘာသာရေး အဆောက်အအုံ၊ ဈေး၊ ကျောင်း စသည်တို့နှင့် လွတ်ကင်းပြီး ဟိုတယ်လုပ်ငန်း ဆောင်ရွက်ရန် သင့်လျော်သောနေရာတွင် ရှိရမည်။

(၃) အန္တရာယ်ကင်းရှင်းပြီး သီးသန့်လှေကားပါရှိသော သီးခြားအဆောက်အအုံဖြစ်ရမည်။

(၄) အဆောက်အအုံတွင် ထားရှိသော ပရိဘောဂ၊ ပစ္စည်းနှင့် စက်ကိရိယာများသည် ကျန်းမာရေးနှင့် ညီညွတ်ပြီး အန္တရာယ်ကင်းရှင်းရမည်။

(၅) အဆောက်အအုံတွင် အလင်းရောင်နှင့် လေဝင်လေထွက် လုံလောက်ကောင်းမွန်ရမည်။

(၆) အဆောက်အဦသည် (၄) ထပ်နှင့်အထက်ဖြစ်ပါက အနည်းဆုံးဓာတ်လှေကားတစ်စင်း တပ်ဆင်ထားရှိရမည်။

(၇) အဆောက်အအုံတည်ရှိရာ မြေဧရိယာသည် အနည်းဆုံး ပေ ၄၀ × ပေ ၆၀ နှင့် အထက် ရှိရမည်။ ဟိုတယ်အဆောက်အဦ၏ မျက်နှာစာအကျယ်မှာ အနည်းဆုံး ပေ ၃၀ ရှိရမည်။

(၈) သင့်လျော်သည့် ယာဉ်ရပ်နားရန်နေရာ ပါရှိရမည်။

(ခ) **ဧည့်ခန်းနှင့် ဧည့်ကြိုကောင်တာ**

(၁) ဧည့်သည်များ မှတ်ပုံတင်ရန်အတွက် (၂၄) နာရီ ဝန်ဆောင်မှုပေးနိုင်သော ဧည့်ကြို ကောင်တာ ထားရှိရမည်။

(၂) တည်းခိုနိုင်သည့် ဧည့်သည်ဦးရေနှင့် လိုက်လျောညီထွေတ်သော ဧည့်ခန်းဖွဲ့စည်းထားရှိရမည်။

(၃) ဧည့်သည်များအတွက် ပြည်တွင်းပြည်ပ ဆက်သွယ်နိုင်ရန် သင့်လျော်သော ဆက်သွယ်ရေး အစီအမံများ စီစဉ်ထားရှိရမည်။

(၄) လုံခြုံရေးအတွက် CCTV ကင်မရာ တပ်ဆင်ထားရှိရမည်။

(၅) အများသုံးသန့်စင်ခန်း အနည်းဆုံး (၂) ခန်း ထားရှိရမည်။

(ဂ) **အိပ်ခန်း**

(၁) ဟိုတယ်တွင် အနည်းဆုံး နှစ်ယောက်အိပ်ခန်း (၂၀) ခန်း ဖွဲ့စည်းထားရှိရမည်။ မြေအောက်ထပ်တွင် ဧည့်သည်အိပ်ခန်းများဖွဲ့စည်းထားခြင်း မရှိစေရ။

(၂) အိပ်ခန်းများ၏အနည်းဆုံးအကျယ်အဝန်းသည် အောက်ပါအတိုင်းရှိရမည် -

| **အိပ်ခန်းအမျိုးအစား** | **အကျယ်အဝန်း** | **မျက်နှာကြက်အမြင့်** |
|---|---|---|
| တစ်ယောက်အိပ်ခန်း | အလျား ၁၀ ပေ၊ အနံ ၁၀ ပေ (ဧရိယာ ၁၀၀ စတုရန်းပေ) | ၉ ပေ |
| နှစ်ယောက်အိပ်ခန်း | အလျား ၁၂ ပေ၊ အနံ ၁၂ ပေ (ဧရိယာ ၁၄၄ စတုရန်းပေ) | ၉ ပေ |

(၃) အိပ်ခန်းတိုင်းသည် အလင်းရောင်နှင့် လေဝင်လေထွက် လုံလောက်ကောင်းမွန်ရမည်။

(၄) အိပ်ခန်းတိုင်းကို သီးခြားလွတ်လပ်လုံခြုံစွာ ဖွဲ့စည်းထားရှိရမည်။

(၅) အိပ်ခန်းတိုင်းတွင် ခြင်၊ ယင်အစရှိသော အင်းဆက်ပိုးမွှားများ မရှိစေရန် ဆောင်ရွက်ထား ရမည်။

(၆) အိပ်ခန်းတိုင်းတွင် ဒေသရာသီဥတုနှင့် လျော်ညီစွာရှိစေရန် ပန်ကာ၊ လေအေးပေးစက်၊ အပူပေးစက်၊ စောင် စသည်တို့ကို စီစဉ်ထားရှိရမည်။

(၇) အိပ်ခန်းတိုင်းတွင် ရေခဲသေတ္တာ၊ မီနီဘား၊ အဝတ်လှန်းစင်၊ စာကြည့်စားပွဲနှင့် အခြား ပရိဘောဂများ ထားရှိရမည်။

(၈) အိပ်ခန်းတိုင်းတွင် အတွင်းအပြင် သော့ခတ်နိုင်သည့် ဝင်ထွက်တံခါးမတစ်ခုထားရှိရမည်။

(၉) အိပ်ခန်းတိုင်းတွင် ဧည့်သည်များ အသုံးပြုရန် လိုအပ်သည့် ခုတင်၊ အိပ်ရာစသည့် အိပ်ခန်းသုံး ပစ္စည်းများ ထားရှိရမည်။

(၁၀) အိပ်ခန်းဆောင် စကြံလျှပ်စစ်မီး ထားရှိရမည်။

(၁၁) အိပ်ခန်းတိုင်းတွင် အရေးပေါ် အလင်းပေးစနစ် ထားရှိရမည်။

(၁၂) အိပ်ခန်းတိုင်းတွင် အမှိုက်ပုံးများထားရှိရမည်။

(၁၃) အိပ်ခန်းတိုင်းတွင် ထားရှိသည့် ခုတင်သည် အနည်းဆုံး အောက်ပါသတ်မှတ်ချက်နှင့် ညီညွတ်ရမည် -

| **ခုတင်အမျိုးအစား** | **အကျယ်အဝန်း** | **အမြင့်** |
|---|---|---|
| တစ်ယောက်အိပ်ခုတင် | အလျား ၆.၅ ပေ၊ အနံ ၃.၅ ပေ | ၁.၅ ပေ |
| နှစ်ယောက်အိပ်ခုတင် | အလျား ၆.၅ ပေ၊ အနံ ၅.၅ ပေ | ၁.၅ ပေ |

(၁၄) အိပ်ခန်းသုံးအထည်အလိပ်များသည် ကျန်းမာရေးနှင့် ညီညွတ်၍ သန့်ရှင်းရမည်။ ဧည့်သည် အသစ်ရောက်ရှိတိုင်း ယင်းပစ္စည်းများကို အသစ်လဲလှယ်ပေးသည့် အစီအမံများ စီစဉ်ထားရှိရမည်။

(၁၅) အိပ်ခန်းတိုင်းတွင် ဧည့်သည်မှအလွယ်တကူ ဆက်သွယ်နိုင်သည့် အစီအစဉ်တစ်ခုခု စီစဉ်ထားရှိရမည်။

(၁၆) ဟိုတယ်မှရရှိနိုင်သောအစားအစာများစာရင်း၊ မီနီဘားအတွင်းရှိ အဖျော်ယမကာနှင့် အစားအစာများ၏ စာရင်းတို့ကို သင့်လျော်သောကတ်ပြား သို့မဟုတ် စာအုပ်တို့ဖြင့် ဖော်ပြထားရမည်။

(၁၇) ပတ်ဝန်းကျင်ဒေသရှိ လှည့်လည်ကြည့်ရှုလေ့လာနိုင်သော နေရာများ၊ ဟိုတယ်ရှိရာဒေသမှ အခြားဒေသများသို့ သွားလာနိုင်သည့် လမ်းကြောင်းများနှင့် သွားလာနိုင်သည့်နည်းလမ်းများ စသည့် သတင်းအချက်အလက်များပါဝင်သော လမ်းညွှန်စာအုပ် (Guide Book) နှင့် အရေးပေါ်ထွက်ပေါက်လမ်းညွှန်မြေပုံ ထားရှိရမည်။

(၁၈) အများပြည်သူနှင့်သက်ဆိုင်သောနေရာများသို့ ဆက်သွယ်နိုင်ရန် တယ်လီဖုန်းစာအုပ်၊ လျှပ်စစ်ဓာတ်အားသွင်းပလပ်ပေါက် လုံလောက်စွာ စီစဉ်ထားရှိရမည်။

(၁၉) အဝတ်လျှော်ရန် (Laundary Service) စီစဉ်ထားရှိရမည်။

(၂၀) အိပ်ခန်းအတွင်းသို့ အစားအစာမှာယူခြင်းနှင့် အခြားလိုအပ်သည်များအတွက် ဆောင်ရွက်ပေးသော အခန်းတွင်းဝန်ဆောင်မှု (Room Service) ထားရှိရမည်။

(၂၁) အိပ်ခန်းတိုင်းတွင် ရေချိုးခန်းနှင့် အိမ်သာတွဲလျက်ပါရှိရမည်။

(၂၂) အိပ်ခန်းတိုင်းတွင် မီးဘေးကာကွယ်ရေးအတွက် အချက်ပေးကိရိယာများ၊ အလိုအလျောက် မီးငြိမ်းသတ်စနစ်များ တပ်ဆင်ထားရမည်။

(၂၃) အိပ်ခန်းတိုင်းတွင် လုံခြုံရေးသေတ္တာများ ထားရှိပေးရမည်။

(ဃ) **ရေချိုးခန်းနှင့် အိမ်သာ**

(၁) အနည်းဆုံးအကျယ်အဝန်းသည် အလျား ၆ ပေ၊ အနံ ၆ ပေ သို့မဟုတ် အလျား ၇ ပေ၊ အနံ ၅ ပေနှင့် မျက်နှာကြက်အမြင့် ၉ ပေ ရှိရမည်။

(၂) ကျန်းမာရေးနှင့် ညီညွတ်စေရန် အလင်းရောင်နှင့် လေဝင်လေထွက် ကောင်းမွန်ရမည်။

(၃) အဆင့်မီ ကြမ်းခင်းရှိပြီး သန့်ရှင်းသပ်ရပ်မှုရှိရမည်။

(၄) အနောက်တိုင်း အိမ်သာ၊ လက်ဆေးခွက်၊ မှန်နှင့် ရေပန်းများပါရှိရမည်။

(၅) ကိုယ်သုတ်ပဝါ၊ မျက်နှာသုတ်ပဝါနှင့် ရေချိုးခန်းသုံး ခြေသုတ်များ ထားရှိရမည်။

(၆) ဆပ်ပြာ၊ အိမ်သာသုံးစက္ကူစသည့် ရေချိုးခန်းနှင့် သန့်စင်ခန်းသုံးပစ္စည်းများ ထားရှိရမည်။

(၇) ရေပူရေအေး စနစ်များ ပါရှိရမည်။

(၈) ခြောက်သွေ့နေရမည့် ဧရိယာကို ရေစိုခြင်း၊ ရေဝပ်ခြင်း မရှိစေရေးနှင့် ဧည့်သည်များ မတော်တဆမှုမဖြစ်စေရေး စီမံထားရမည်။

(င) **အများသုံးသန့်စင်ခန်း**

(၁) ဧည့်ခန်း၊ စားသောက်ခန်း၊ ခန်းမကျယ်နှင့် အများသုံးနေရာများတွင် သင့်လျော်လုံလောက်သော သန့်စင်ခန်းများထားရှိပြီး သန့်စင်ခန်းတစ်ခု၏အကျယ်အဝန်းသည် အနည်းဆုံး အလျား ၆ ပေ၊ အနံ ၆ ပေ၊ အမြင့် ၉ ပေရှိရမည်။

(၂) ကျန်းမာရေးနှင့် ညီညွတ်စေရန် အလင်းရောင်နှင့် လေဝင်လေထွက် လုံလောက်ကောင်းမွန်ရမည်။

(၃) အိမ်သာကြွေအိုးမှာ အနောက်တိုင်းပုံစံဖြစ်ရမည်။

(၄) ဆပ်ပြာ၊ လက်ဆေးခွက်နှင့် စက္ကူလိပ်စသည့် သန့်စင်ခန်းသုံးပစ္စည်းများ ထားရှိရမည်။

**( စ ) ဟိုတယ်စားသောက်ဆိုင်နှင့် ဟိုတယ်စားသောက်ခန်းများ**

(၁) ဧည့်သည်များစားသုံးရန် အနည်းဆုံး နံနက်စာ စီစဉ်ပေးနိုင်ရမည်။

(၂) စီစဉ်တည်ခင်းသော အစားအစာနှင့် အဖျော်ယမကာများသည် သန့်ရှင်းလတ်ဆတ်ပြီး ကျန်းမာရေးနှင့် ညီညွတ်ရမည်။

(၃) ခြင်၊ ယင်အစရှိသော အင်းဆက်ပိုးမွှားများ၏ အန္တရာယ်မှ ကာကွယ်သည့်စနစ်များထားရှိရမည်။

(၄) စားသောက်ခန်းသုံး ပစ္စည်းများထားရှိပြီး ကျန်းမာရေးနှင့် ညီညွတ်စေရန် သန့်ရှင်းစင်ကြယ်ရမည်။

(၅) စားသောက်ခန်းနှင့် စားဖိုဆောင်ကို သီးခြားဖွဲ့စည်းထားရှိရမည်။

**(ဆ) စားဖိုဆောင်**

(၁) စားဖိုဆောင်သည် သန့်ရှင်းမှု၊ ကျန်းမာရေးနှင့်ညီညွတ်မှု၊ အလင်းရောင်နှင့် လေဝင်လေထွက်ကောင်းမွန်မှုနှင့် အနံ့အသက်ဆိုး ကင်းရှင်းမှုရှိပြီး ခြင်၊ ယင် အစရှိသော အင်းဆက်ပိုးမွှားများ၏ အန္တရာယ်မှကာကွယ်သည့် အစီအမံများ ထားရှိရမည်။

(၂) စီစဉ်ထုတ်လုပ်သော အစားအသောက်များသည် သန့်ရှင်းလတ်ဆတ်ပြီး ကျန်းမာရေးနှင့် ညီညွတ်ရမည်။

(၃) ချက်ပြုတ်ရေးကိရိယာများ၊ အိုးခွက်အသုံးအဆောင်များ၊ စားသောက်ခန်းသုံးပစ္စည်းကိရိယာများသည် ကျန်းမာရေးနှင့် ညီညွတ်စေရန် သန့်ရှင်းမှုရှိရမည်။

(၄) ချက်ပြုတ်ရန် နေရာ၊ အစားအစာ ဆေးကြောရန်နေရာနှင့် အိုးခွက်ပန်းကန်ဆေးကြောရန် နေရာတို့ကို စနစ်တကျ ခွဲခြားထားရှိရမည်။

(၅) စားကြွင်းစားကျန်နှင့် အမှိုက်သရိုက်များကို စနစ်တကျ စွန့်ပစ်နိုင်ရန် စီစဉ်ထားရှိရမည်။

(၆) စားဖိုဆောင်တွင် ကုန်ပစ္စည်းထားသိုခန်း၊ Deep Freezer စသည်တို့ကို လုံလောက်စွာ ထားရှိရမည်။

(၇) ချက်ပြုတ်ပြီး အစားအစာများကို ဘေးဥပဒ်မဖြစ်စေရန်နှင့် လတ်ဆတ်မှုရှိစေရန် ထိန်းသိမ်းထားသိုသော စနစ်ရှိရမည်။

(၈) ထွက်ရှိလာသည့် ရေဆိုးများ စွန့်ပစ်ထုတ်လွှတ်ရန် အစီအမံကောင်းများ ထားရှိရမည်။

**( ဇ ) ဝန်ထမ်း**

(၁) ကူးစက်ရောဂါကင်းရှင်းသော ကျန်းမာသည့်ဝန်ထမ်းများကိုခန့်ထားရမည်။

(၂) အိပ်ခန်းအရေအတွက်နှင့်အညီ သင့်လျော်သည့် ဝန်ထမ်းများ ခန့်ထားပြီး၊ အဆိုပါ ဝန်ထမ်းများ၏ အနည်းဆုံး ၅၀ ရာခိုင်နှုန်းသည် ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်းများ တက်ရောက်ပြီးဖြစ်ရမည်။

(၃) ဝန်ထမ်းတိုင်းသည် ဌာနအလိုက် သတ်မှတ်ထားသော လုပ်ငန်းခွင် ဝတ်စုံကို သန့်ရှင်းသပ်ရပ်စွာ ဝတ်ဆင်ရမည်။

(၄) ဝန်ထမ်းများ ကျန်းမာရေးအတွက် ပုံမှန် ဆေးစစ်ဆေးပေးခြင်း၊ ရောဂါတားဆီးမှု အစီအမံများ ပြုလုပ်ပေးခြင်း ရှိရမည်။

(၅) ရှေးဦးသူနာပြုသင်တန်းဆင်းဝန်ထမ်းများ ထားရှိပြီး၊ ဧည့်ကြိုကောင်တာနှင့် ဧည့်ခန်းတွင် ဧည့်သည်များနှင့်ဝန်ထမ်းများ လိုအပ်ပါက အရေးပေါ် အသုံးပြုနိုင်ရန် ဆေးပစ္စည်းများ ပါရှိသည့် ဆေးသေတ္တာအနည်းဆုံးတစ်လုံးထားရှိရမည်။

(ဈ) **ဝန်ဆောင်မှုများ**

(၁) ကားငှားရမ်းပေးခြင်း၊ ကားလက်မှတ်နှင့် လေယာဉ်လက်မှတ်များ မှာယူပေးခြင်း စသည့် ဝန်ဆောင်မှုများ ထားရှိရမည်။

(၂) e-mail, Internet နှင့် ခေတ်မီကောင်းမွန်သော ဆက်သွယ်ရေးစနစ် ထားရှိရမည်။

(၃) ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုများ၊ သင့်လျော်သောအားကစားနည်းများနှင့် အထောက်အကူပြု ပစ္စည်းများထားရှိရမည်။

(၄) ဟိုတယ်အဆင့်အတန်းနှင့်လျော်ညီစွာ လိုအပ်သောဝန်ဆောင်မှုများ ပေးနိုင်ရန် စီမံထားရှိရမည်။

(ည) **လုံခြုံရေးနှင့် မီးဘေးတားဆီးရေးအစီအမံများ**

(၁) ဧည့်သည်နှင့် ဧည့်သည်၏ ပစ္စည်းများလုံခြုံမှုအတွက် အစီအမံများထားရှိရမည်။

(၂) မီးဘေးအန္တရာယ် တားဆီးကာကွယ်ရေး အစီအမံများကို သက်ဆိုင်ရာဌာန၏ သတ်မှတ်ချက်များနှင့်အညီ စီစဉ်ထားရှိရမည်။

(၃) မီးဘေးအန္တရာယ် ကြိုတင်တားဆီးကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ထားရမည်။

(၄) သုံးထပ်နှင့်အထက် အဆောက်အအုံဖြစ်ပါက အရေးပေါ် ထွက်ပေါက်လှေကား၊ လမ်းညွှန်ဆိုင်းဘုတ်များ တပ်ဆင်ထားရမည်။ အရေးပေါ်လှေကားသည် လွယ်ကူစွာ သုံးစွဲနိုင်ရန် ကြံ့ခိုင်မှုရှိရမည်။

(၅) ဝန်ထမ်းများအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် လုံခြုံရေးအစီအစဉ်များ စီမံထားရှိရမည်။

(ဋ) **သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအမံများ**

(၁) အမှိုက်များကိုသက်ဆိုင်ရာဌာန၏ ညွှန်ကြားချက်နှင့်အညီ စွန့်ပစ်ရမည်။

(၂) ရေဆိုး၊ မိလ္လာများကို ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်စေရေး သက်ဆိုင်ရာဌာန၏ ညွှန်ကြားချက်နှင့်အညီ စွန့်ပစ်ရမည်။

(၃) အရန်မီးစက်များကို ပတ်ဝန်းကျင် အနှောင့်အယှက်မဖြစ်စေရေး သက်ဆိုင်ရာဌာန၏ ညွှန်ကြားချက်နှင့်အညီ စီမံထားရှိရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရာထူးဝန်အဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ကွပ်ကဲမှုအောက်ရှိ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် တက္ကသိုလ်များ၏ တည်ဆောက်ပြုပြင်ရေးလုပ်ငန်း ဆောင်ရွက်ခြင်း၊ ရုံးသုံးစက်ကိရိယာပစ္စည်းများဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းတို့ကို သက်ဆိုင်ရာ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် တက္ကသိုလ်များအလိုက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ကြော်ငြာခေါ်ယူဆောင်ရွက်ရာ၌ နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရန်၊ အဂတိလိုက်စားမှုမရှိစေရန်၊ တင်ဒါဆိုင်ရာ သတ်မှတ်ထားရှိသော လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ မှန်မှန်ကန်ကန်ဖြင့် ပွင့်လင်းမြင်သာမှုရှိစေရန်တို့အတွက် **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ တင်ဒါကော်မတီ** ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြန်လည်ပြင်ဆင်ဖွဲ့စည်း တာဝန်ပေးအပ်လိုက်သည်-

(က) ဦးဝင်းမော်၊ အဖွဲ့ဝင် ဥက္ကဋ္ဌ
ပြည်ထောင်စုရာထူးဝန်အဖွဲ့

(ခ) ဦးခင်မောင်ဝင်း၊ အမြဲတမ်းအတွင်းဝန် ဝန်ထမ်းရေးရာဦးစီးဌာန — အဖွဲ့ဝင်

(ဂ) ဦးညီညီစံ၊ ညွှန်ကြားရေးမှူးချုပ် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန — အဖွဲ့ဝင်

(ဃ) ဦးအောင်တင်စိုး၊ ပါမောက္ခချုပ် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) — အဖွဲ့ဝင်

(င) ဦးကျော်စိုး၊ ပါမောက္ခချုပ် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) — အဖွဲ့ဝင်

(စ) ဦးမြင့်ဆွေ၊ ဒုတိယအမြဲတမ်းအတွင်းဝန် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးအဖွဲ့ — အတွင်းရေးမှူး

၂။ **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ တင်ဒါကော်မတီ** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ကျပ် ၁၀ သန်းအောက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းလုပ်ငန်းများအတွက် တင်ဒါခေါ်ယူရန် မလိုအပ်ဘဲ "တင်ဒါကော်မတီ" မှ ပစ္စည်းပေးသွင်းသူ သို့မဟုတ် ဝန်ဆောင်မှု ဆောင်ရွက်ပေးသူများအနက် ယုံကြည်စိတ်ချရသော အနည်းဆုံး ကုမ္ပဏီ (၃) ခု၏ ဈေးနှုန်းအဆိုပြုလွှာတောင်းခံခြင်း၊ ဈေးနှုန်းအနည်းဆုံးတင်သွင်းသူထံ ဝယ်ယူခြင်း သို့မဟုတ် ဝန်ဆောင်မှုရယူခြင်း၊

(ခ) ကျပ် ၁၀ သန်းမှ ကျပ်သန်း ၁၀၀ အထိ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းလုပ်ငန်းများအတွက် ရုံးအမှတ် (၁၇) ၏ ကြော်ငြာသင်ပုန်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၏ ကြော်ငြာသင်ပုန်းတို့တွင် တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် ရက်သတ္တပတ် (၂) ပတ် ကြိုတင်၍ သိသာထင်ရှားစွာ ကြေညာခြင်း၊

(ဂ) ကျပ်သန်း ၁၀၀ အထက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းအတွက် ဆောင်ရွက်မည့် လုပ်ငန်းအမျိုးအစားကို ရှင်းလင်းစွာ ဖော်ပြပြီး အိတ်ဖွင့်တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ထားသော ရက်ထက် (၁) လ ကြိုတင်ပြီး နိုင်ငံပိုင်သတင်းစာများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website၊ Web portal၊ Facebook Page နှင့် Myanmar National Portal တို့တွင် ကြေညာနိုင်ရေးဆောင်ရွက်ခြင်း၊

(ဃ) နိုင်ငံတကာတင်ဒါခေါ်ယူဆောင်ရွက်ရမည့် သို့မဟုတ် နိုင်ငံခြားငွေ မဖြစ်မနေ သုံးစွဲရမည့် ကိစ္စရပ်များမှအပ ပြည်တွင်းတွင် ဝယ်ယူရရှိနိုင်သည့် ပစ္စည်းများ၊ ဝန်ဆောင်မှုများ၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းကိစ္စရပ်များအတွက် မြန်မာကျပ်ငွေဖြင့်သာ တင်ဒါခေါ်ယူခြင်း၊

(င) ဝယ်ယူလိုသည့်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအတွက် နိုင်ငံအတွင်း ရောင်းချခွင့်ပြုထားသည့် တရားဝင် ကိုယ်စားလှယ်မရှိပါက နိုင်ငံခြားငွေဖြင့် နိုင်ငံတကာ ယှဉ်ပြိုင်တင်ဒါခေါ်ယူ၍ ဝယ်ယူရေး ဆောင်ရွက်နိုင်ခြင်း၊ ငွေပေးချေရာတွင် သတ်မှတ်နိုင်ငံခြားငွေဖြင့် ပေးချေခြင်း၊

(စ) ငှားရမ်းမည့် သို့မဟုတ် ရောင်းချမည့် အနိမ့်ဆုံးကြမ်းခင်းဈေးတန်ဖိုး တစ်နှစ်အတွက် ကျပ် ၁၀ သန်းအောက်ဖြစ်ပါက "တင်ဒါကော်မတီ" မှ ငှားရမ်းမည့် သို့မဟုတ် ရောင်းချမည့် လုပ်ငန်းအမျိုးအစားကို တိကျစွာ ဖော်ပြ၍ ရုံးအမှတ် (၁၇) ၏ ကြော်ငြာသင်ပုန်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၏ ကြော်ငြာသင်ပုန်းတို့တွင် တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် ရက်သတ္တပတ် (၂) ပတ် ကြိုတင်၍ သိသာထင်ရှားစွာ ကြေညာခြင်း၊

(ဆ) ငှားရမ်းမည့် သို့မဟုတ် ရောင်းချမည့် အနိမ့်ဆုံးကြမ်းခင်းဈေးတန်ဖိုး တစ်နှစ်အတွက် ကျပ် ၁၀ သန်းနှင့်အထက် ဖြစ်ပါက ငှားရမ်းမည့် သို့မဟုတ် ရောင်းချမည့်လုပ်ငန်းအမျိုးအစားကို

တိကျစွာဖော်ပြ၍ တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၁) လ ကြိုတင်ပြီး နိုင်ငံပိုင်သတင်းစာများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website၊ Web portal၊ Facebook Page နှင့် Myanmar National Portal တို့တွင် ကြေညာနိုင်ရေးဆောင်ရွက်ခြင်း၊

(ဇ) ဆောင်ရွက်မည့်စီမံကိန်း၊ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ အကြံပေးဝန်ဆောင်မှုရယူခြင်းနှင့် အကြံပေးမဟုတ်သော ဝန်ဆောင်မှုရယူခြင်းတို့အတွက် ရန်ပုံငွေခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊

(ဈ) တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့အတွက် လိုအပ်သည့် တင်ဒါပုံစံများ၊ စာချုပ်ပုံစံများ သတ်မှတ်ခြင်း၊

(ည) ဝယ်ယူမည့်ပစ္စည်းများအတွက် အရည်အသွေးစံချိန်စံညွှန်းသတ်မှတ်ခြင်း၊

(ဋ) တင်ဒါတွင် ပါဝင်မည့် အဆိုပြုကြက်ထရိုက်စာချုပ်ပါ အချက်များ၊ အကဲဖြတ်မှု စံချိန်စံညွှန်းများနှင့် ငွေရေးကြေးရေး အချက်အလက်များ (ကန်ထရိုက်အချက်အလက်များ၊ ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်းပေးသွင်းမှု အစီအစဉ်၊ အခွန်စသည်များ) သတ်မှတ်ခြင်း၊

(ဌ) နည်းပညာအရ မြင့်မားပြီး ရှုပ်ထွေးသည့် ဝယ်ယူခြင်းများအတွက် စစ်ဆေးမည့် နည်းလမ်းများ သတ်မှတ်ခြင်းနှင့် အခြားသော နည်းပညာဆိုင်ရာများအတွက် ကျွမ်းကျင်သူများအား အထူး တာဝန်ပေးအပ်ခြင်း၊

(ဍ) တင်ဒါတင်သွင်းရမည့် အချိန်နှင့်နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့် အချိန်နှင့် နေရာနှင့် တင်ဒါ အောင်မြင်သူ စာရင်းထုတ်ပြန်မည့် နေ့ရက် သတ်မှတ်ခြင်း၊

(ဎ) တင်ဒါမအောင်မြင်သူများအားလုံးကို တင်ဒါအာမခံကြေး ပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါ အောင်မြင်သူများထံမှ လုပ်ငန်းအာမခံကြေး တောင်းခံခြင်း၊

(ဏ) တင်ဒါအောင်မြင်သူအား ကြေညာခြင်း၊

(တ) နမူနာတောင်းခံရန် လိုအပ်သည့် ပစ္စည်းဝယ်ယူရေး တင်ဒါဖြစ်ပါက နမူနာများ လက်ခံနိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း၊

(ထ) ငှားရမ်းခြင်း သို့မဟုတ် ရောင်းချခြင်းတို့အတွက် အနိမ့်ဆုံးကြမ်းခင်းဈေး သတ်မှတ်ခြင်း၊

(ဒ) တင်ဒါလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သော တင်ဒါဆိုင်ရာ ကော်မတီများဖြစ်သည့် **"ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ" "တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ" "အရည်အသွေး စစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ"** များ ဖွဲ့စည်းခြင်း၊ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ဓ) အထက်အပိုဒ်ခွဲ (ဒ) ပါ ကော်မတီများဖွဲ့စည်းရာတွင် တင်ဒါကော်မတီသည် **ကြမ်းခင်းဈေး တွက်ချက်ရေးကော်မတီ** ကို ငှားရမ်းရောင်းချမည့် နိုင်ငံပိုင်ပစ္စည်း၏ ဈေးကွက်အခြေအနေကို နားလည်တတ်ကျွမ်းသည့် သက်ဆိုင်ရာ ဦးစီးဌာနများမှ ကိုယ်စားလှယ် အနည်းဆုံး (၃) ဦးဖြင့် လည်းကောင်း၊ **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ** ကို ဌာနကိုယ်စားလှယ်များအပြင် တည်ဆောက်ခြင်း၊ ဝယ်ယူမည့်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ တတ်ကျွမ်းနားလည်သည့် ဆက်စပ်ဌာနများမှ ကိုယ်စားလှယ် အနည်းဆုံး (၃) ဦးမှ အများဆုံး (၅) ဦးဖြင့်လည်းကောင်း၊ **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ** ကိုဝယ်ယူမည့် ဌာနအဖွဲ့အစည်းမှ ကိုယ်စားလှယ် အနည်းဆုံး (၃) ဦးဖြင့်လည်းကောင်း တာဝန်ပေးအပ်ခြင်း။

၃။ **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ တင်ဒါကော်မတီ** အနေဖြင့် တင်ဒါဆိုင်ရာ လုပ်ငန်းစဉ်အဆင့်ဆင့် အတွက် လုပ်ထုံးလုပ်နည်းများကို နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ ညွှန်ကြားချက် ၁/၂၀၁၇ နှင့်အညီ စနစ်တကျလိုက်နာဆောင်ရွက်သွားရန်နှင့် လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အခက်အခဲ တစ်စုံတစ်ရာပေါ်ပေါက်ပါက လုပ်ငန်းနှောင့်နှေးကြန့်ကြာမှုမဖြစ်စေရေးနှင့် လိုအပ်သည့် စီမံခန့်ခွဲမှုများ ပြုလုပ်နိုင်ရေးတို့အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌထံ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက် သွားရန်ဖြစ်ပါသည်။

၄။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၃/၂၀၁၇ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒေါက်တာဝင်းသိမ်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရာထူးဝန်အဖွဲ့

**အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၁ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါ်ချိုချိုခိုင် အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ကို ၂၀၁၉ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။

ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့ နံနက်ပိုင်းမှစ၍ ၎င်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာဝင်းသိမ်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရာထူးဝန်အဖွဲ့

**အမိန့်ကြော်ငြာစာအမှတ် ၁၈/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၆ ရက်)

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ကွပ်ကဲမှုအောက်ရှိ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် တက္ကသိုလ်များ၏ တည်ဆောက်ပြုပြင်ရေးလုပ်ငန်းဆောင်ရွက်ခြင်း၊ ရုံးသုံးစက်ကိရိယာပစ္စည်းများဝယ်ယူခြင်း၊ ဝန်ဆောင်မှု ရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ကြော်ငြာခေါ်ယူဆောင်ရွက်ရာ၌ သတ်မှတ်စံချိန်စံညွှန်း၊ အရည်အသွေးကိုက်ညီခြင်း ရှိ မရှိ စစ်ဆေးရန်အတွက် **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ** ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်း တာဝန်ပေးအပ်လိုက်သည် -

(က) ဦးကျော်ဝင်းဟန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဝန်ထမ်းရေးရာဦးစီးဌာန — အဖွဲ့ခေါင်းဆောင်

(ခ) ဦးအောင်လင်း၊ ဌာနကြီးမှူး (သင်တန်းရေးရာ) ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) — အဖွဲ့ဝင်

(ဂ) ဦးအောင်စိုးမိုး၊ ဌာနမှူး (စီမံ/ဘဏ္ဍာ) ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) — အဖွဲ့ဝင်

(ဃ) ဦးသန့်ဇင်၊ ဌာနမှူး (သင်တန်းရေးရာ) ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) — အဖွဲ့ဝင်

(င) ဦးအောင်ကျော်ဌေး၊ ဒုတိယညွှန်ကြားရေးမှူး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန — အဖွဲ့ဝင်

(စ) ဦးမျိုးထွန်းသန်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဝန်ထမ်းရေးရာဦးစီးဌာန — အဖွဲ့ဝင်

(ဆ) ဦးမောင်ခြိမ့်၊ လက်ထောက်ညွှန်ကြားရေးမှူး ဝန်ထမ်းရေးရာဦးစီးဌာန — အဖွဲ့ဝင်

(ဇ) ဦးဗိုလ်ဗိုလ်ကျော်၊ လ/ထ အင်ဂျင်နီယာ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) — အဖွဲ့ဝင်

(ဈ) ဦးမြင့်ဆွေ၊ ဒုတိယအမြဲတမ်းအတွင်းဝန် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးအဖွဲ့ — အတွင်းရေးမှူး

၂။ **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အဆောက်အဦများ တည်ဆောက်ရာတွင် သတ်မှတ်ထားရှိသည့် စံချိန်စံညွှန်းများနှင့် အရည်အသွေးကိုက်ညီမှု ရှိ မရှိ၊ လိုအပ်ပါကပစ္စည်းများကို စမ်းသပ်ခြင်း၊ ဈေးနှုန်းမှန်ကန်မှု ရှိ မရှိ စိစစ်ခြင်း၊

(ခ) ဝယ်ယူမည့် ဌာနအဖွဲ့အစည်းကိုယ်စား ပေးပို့လာသည့်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းများကို စာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့်အချက်များ၊ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်း၊ အကဲဖြတ်ခြင်းနှင့် လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဂ) ပစ္စည်းလက်ခံစာရွက်စာတမ်းများထုတ်ပေးခြင်း၊

(ဃ) အဆောက်အဦ၊ လုပ်ငန်းသုံးပစ္စည်း၊ စက်ပစ္စည်းအစရှိသော ကုန်ဆုံးသက်တမ်း သို့မဟုတ် အာမခံသက်တမ်း သတ်မှတ်ချက်များ ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်း၊

(င) လုပ်ငန်းအမျိုးအစား သဘောသဘာဝအရ လိုအပ်လျှင် ဆောင်ရွက်ဆဲကာလအတွင်း လုပ်ငန်းအဆင့်များခွဲခြားသတ်မှတ်၍ အရည်အသွေးစစ်ဆေးမှု ဆောင်ရွက်ခြင်း၊

(စ) Work Schedule ဖြင့်ဆောင်ရွက်ရမည့်လုပ်ငန်းများမှာ သတ်မှတ်ထားရှိသည့် အချိန်ကာလအတွင်း အရည်အသွေးပြည့်မီစွာ ပြီးစီးရေး စိစစ်ကြပ်မတ်ခြင်း၊

(ဆ) တင်ဒါအောင်မြင်သူ ကုမ္ပဏီ/အဖွဲ့အစည်းမှ အသုံးပြုသည့်ပစ္စည်းများကို တင်ဒါစည်းမျဉ်းစည်းကမ်း၊ စာချုပ်ပါ သတ်မှတ်အရေအတွက် အရည်အသွေး ပြည့်မီခြင်း ရှိ မရှိ စိစစ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ အစီရင်ခံစာပြုစု၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ တင်ဒါကော်မတီသို့ တင်ပြခြင်း၊

(ဇ) ကော်မတီသည် လိုအပ်ပါက ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်သူများကို ဖိတ်ကြားခေါ်ယူ၍ ဆွေးနွေးမေးမြန်းညှိနှိုင်းဆောင်ရွက်ခြင်း။

၃။ **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ** အနေဖြင့် သတ်မှတ်ထားရှိသော လုပ်ငန်းတာဝန်များသာမက တင်ဒါဆိုင်ရာ လုပ်ငန်းစဉ်အဆင့်ဆင့်အတွက် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ ညွှန်ကြားချက်၊ ၁/၂၀၁၇ တွင်ပါရှိသည့် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လိုက်နာဆောင်ရွက်သွားရန်နှင့် လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အခက်အခဲတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက လုပ်ငန်းနှောင့်နှေးကြန့်ကြာမှုမဖြစ်စေရေးနှင့် လိုအပ်သည့်

စီမံခန့်ခွဲမှုများ ပြုလုပ်နိုင်ရေးတို့အတွက် **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ တင်ဒါကော်မတီ** သို့ အချိန်နှင့် တစ်ပြေးညီ တင်ပြခြင်း ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

ဒေါက်တာဝင်းသိမ်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၁၉/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၆ ရက်)

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ကွပ်ကဲမှုအောက်ရှိ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် တက္ကသိုလ်များ၏ တည်ဆောက်ပြုပြင်ရေးလုပ်ငန်းဆောင်ရွက်ခြင်း၊ ရုံးသုံးစက်ကိရိယာ ပစ္စည်းများဝယ်ယူခြင်း၊ ဝန်ဆောင်မှု ရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ကြော်ငြာခေါ်ယူဆောင်ရွက်ရာ၌ သတ်မှတ်ထားရှိသည့် တင်ဒါစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ မှန်မှန်ကန်ကန် စနစ်တကျ လက်ခံနိုင်ရန်နှင့် စိစစ်အကဲဖြတ်ခြင်း၊ ရွေးချယ်ခြင်းတို့ ဆောင်ရွက်နိုင်ရန်တို့အတွက် **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

(က) ဦးခင်မောင်ဝင်း၊ အမြဲတမ်းအတွင်းဝန် ပြည်ထောင်စုရာထူးဝန်အဖွဲ့ — အဖွဲ့ခေါင်းဆောင်

(ခ) ဦးမြင့်ဆွေ၊ ဒုတိယအမြဲတမ်းအတွင်းဝန် ပြည်ထောင်စုရာထူးဝန်အဖွဲ့ — အဖွဲ့ဝင်

(ဂ) ဦးဇော်ဇော်၊ ဒုတိယပါမောက္ခချုပ် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) — အဖွဲ့ဝင်

(ဃ) ဦးလှအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန — အဖွဲ့ဝင်

(င) ဦးတင်ရွှေ၊ ဌာနကြီးမှူး (စီမံ/ဘဏ္ဍာ) ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) — အဖွဲ့ဝင်

(စ) ဒေါ်မူမူမြင့်၊ ဌာနကြီးမှူး (စီမံ/ဘဏ္ဍာ) ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) — အဖွဲ့ဝင်

(ဆ) ဦးရဲသက်ခိုင်၊ ဒုတိယညွှန်ကြားရေးမှူး ဝန်ထမ်းရေးရာဦးစီးဌာန — အဖွဲ့ဝင်

(ဇ) ဦးဗိုလ်ဗိုလ်ကျော်၊ လ/ထအင်ဂျင်နီယာ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) — အဖွဲ့ဝင်

(ဈ) ဒေါ်အေးအေးသွင်၊ ညွှန်ကြားရေးမှူး ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးအဖွဲ့ — အတွင်းရေးမှူး

၂။ **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) တင်ဒါအဆိုပြုလွှာများအား ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ တင်ဒါကော်မတီမှ သတ်မှတ်ထားရှိသည့် တင်ဒါစည်းကမ်းများနှင့်အညီ ပွင့်လင်းမြင်သာစွာဖြင့် စနစ်တကျလက်ခံခြင်း၊ စိစစ်ခြင်း၊ အကဲဖြတ်ခြင်း၊ ရွေးချယ်ခြင်းတို့ကိုဆောင်ရွက်ခြင်း၊

(ခ) တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းတို့အတွက်လည်းကောင်း၊ အကြံပေး၊ ဝန်ဆောင်မှုရယူခြင်းတို့အတွက်လည်းကောင်း တင်သွင်းလာသည့် အဆိုပြုလွှာများအား တင်ဒါဖွင့်ဖောက်ရာတွင် သတ်မှတ်ထားရှိသော လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဆောင်ရွက်ခြင်း၊

(ဂ) တင်ဒါအဆိုပြုလွှာနှင့်အတူ ပူးတွဲတင်ပြရမည့် အချက်အလက်၊ အဆောက်အဦဒီဇိုင်း၊ ကုန်ကျစရိတ်တွက်ချက်တင်ပြမှုတို့ကို အသေးစိတ်စိစစ်ခြင်း၊

(ဃ) တစ်ဆင့်ခံ (sub contract) ပေးခြင်းမျိုး မရှိစေရေးအတွက် ကတိကဝတ် အာမခံချက်နှင့် အရည်အသွေးစစ်ဆေးသည့် နည်းလမ်းတို့ဖြင့် မှန်ကန်စွာ ရွေးချယ်ခြင်း၊

(င) တင်ဒါအဆိုပြုဈေးနှုန်းများကို တန်ဖိုးအနည်း/အများအလိုက် စာရင်းရေးသွင်းပြီး ဈေးနှုန်းစနစ်တကျစိစစ်ခြင်း၊

(စ) ဈေးအနည်းဆုံးပေး၍ ဈေးဖျက်သည့်သဘော ဝင်ရောက်ယှဉ်ပြိုင်သည့် ကုမ္ပဏီများစိစစ်တွေ့ရှိရပါက ရွေးချယ်မှုမပြုလုပ်ခြင်း၊ တင်ဒါဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နှစ်ကာလကန့်သတ်မှုပြုလုပ်ရန် မှတ်တမ်းတင်ထားရှိခြင်း၊

(ဆ) တင်ဒါအဆိုပြုလွှာများအား တင်ဒါဆိုင်ရာ ဖွဲ့စည်းထားရှိသည့် ကော်မတီအားလုံးနှင့် တင်ဒါတင်သွင်းသူများအားလုံး၏ ရှေ့မှောက်၌ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခြင်း၊

(ဇ) သက်ဆိုင်ရာကော်မတီအားလုံးရှေ့မှောက်တွင် သတ်မှတ်ထားရှိသည့် တင်ဒါစည်းမျဉ်း၊ စည်းကမ်းများနှင့် ညီညွတ်မှု ရှိ မရှိ စိစစ်ခြင်း၊ အမှတ်ပေးစည်းမျဉ်းများနှင့်အညီ အကဲဖြတ်ခြင်း၊ အစီရင်ခံစာပြုစုခြင်းနှင့် အကြံပြုချက်များတင်ခြင်း၊

(ဈ) ကော်မတီသည် တင်ဒါအဆိုပြုလွှာတင်သွင်းသည့် မည်သည့်ကုမ္ပဏီကိုမဆို လုပ်ငန်းလိုအပ်ချက်အရလိုအပ်ပါက တင်ဒါပယ်ဖျက်ခြင်း၊ တင်ဒါငြင်းပယ်ခြင်း သို့မဟုတ် အသစ်တစ်ဖန်ပြန်လည်ခေါ်ယူခြင်း၊

(ည) တင်ဒါအောင်မြင်သည့် ကုမ္ပဏီ၏ အမည်စာရင်း ကြေညာနိုင်ရေး အဆင့်ဆင့်တင်ပြ၍ ခွင့်ပြုချက်နှင့်အညီ ဆက်လက်ဆောင်ရွက်ခြင်း။

၃။ **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ** အနေဖြင့် သတ်မှတ်ထားရှိသော လုပ်ငန်းတာဝန်များသာမက တင်ဒါဆိုင်ရာလုပ်ငန်းစဉ် အဆင့်ဆင့်အတွက် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ ညွှန်ကြားချက်၊ ၁/၂၀၁၇ တွင်ပါရှိသည့် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လိုက်နာဆောင်ရွက်သွားရန်နှင့် လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အခက်အခဲတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက လုပ်ငန်းနှောင့်နှေး ကြန့်ကြာမှုမဖြစ်စေရေးနှင့် လိုအပ်သည့်စီမံခန့်ခွဲမှုများပြုလုပ်နိုင်ရေးတို့အတွက် **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ တင်ဒါကော်မတီ** သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြခြင်းဆောင်ရွက်သွားရန်ဖြစ်ပါသည်။

ဒေါက်တာဝင်းသိမ်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရာထူးဝန်အဖွဲ့

### အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၆ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၁၁ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန၏ ကြေညာချက်အမှတ် (၆/၂၀၁၈) ဖြင့် ရာထူးဝင်ခွင့်စာမေးပွဲအောင်မြင်၍ ရွေးချယ်ခံရပြီး ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တွင် ဖွင့်လှစ်ခဲ့သည့် အရာထမ်းလောင်းအခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်

ဒီပလိုမာသင်တန်းအမှတ်စဉ် (၅) ၌ တက်ရောက်အောင်မြင်ခဲ့ပြီးသော အောက်ဖော်ပြပါ ပုဂ္ဂိုလ် (၉) ဦးအား ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) နှင့် (အောက်မြန်မာပြည်)၊ ပြည်သူ့ဝန်ထမ်းအကယ်ဒမီများတွင် ယှဉ်တွဲပါ ပညာဌာနအလိုက် လစ်လပ်လျက်ရှိသည့် လက်ထောက်ကထိက၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးများတွင် ၂၀၁၉ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့မှစ၍ ခန့်ထားလိုက်သည် -

**(က) ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)**

| | | | |
|---|---|---|---|
| (၁) | ဒေါ်သုထက်ချစ်<br>၁၃/လရန (နိုင်) ၁၆၄၇၄၄ | လက်ထောက်ကထိက<br>သတင်းအချက်အလက်နှင့်ဆက်သွယ်ရေး<br>နည်းပညာဌာန | ပြင်ပ |
| (၂) | ဒေါ်မေသူခင်<br>၈/ခမန (နိုင်) ၁၇၄၉၆၇ | လက်ထောက်ကထိက<br>သတင်းအချက်အလက်နှင့်ဆက်သွယ်ရေး<br>နည်းပညာဌာန | ဝန်ထမ်း |
| (၃) | ဒေါ်ကေဇင်ထွန်း<br>၅/ခဥတ (နိုင်) ၀၈၅၀၀၁ | လက်ထောက်ကထိက<br>အင်္ဂလိပ်ဘာသာပညာဌာန | ပြင်ပ |
| (၄) | ဦးကျော်ကျော်ဟန်<br>၁၄/ပသန (နိုင်) ၁၈၃၈၁၀ | လက်ထောက်ကထိက<br>စီမံခန့်ခွဲမှုပညာဌာန | ဝန်ထမ်း |
| (၅) | ဒေါ်အေးအေးစု<br>၉/ပဥလ (နိုင်) ၀၂၂၅၂၄ | လက်ထောက်ကထိက<br>စီမံခန့်ခွဲမှုပညာဌာန | ဝန်ထမ်း |
| (၆) | ဒေါ်ပို့ပို့သိန်း<br>၈/ဂဂန (နိုင်) ၀၈၉၄၀၅ | လက်ထောက်ကထိက<br>အင်္ဂလိပ်ဘာသာပညာဌာန | ပြင်ပ |

**(ခ) ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)**

| | | | |
|---|---|---|---|
| (၁) | ဒေါ်ဝင်းသိမ့်သိမ့်ထွန်း<br>၈/မလန (နိုင်) ၀၇၈၂၄၄ | လက်ထောက်ကထိက<br>အင်္ဂလိပ်ဘာသာပညာဌာန | ဝန်ထမ်း |
| (၂) | ဒေါ်ခင်သူဇာ<br>၅/ဟမလ (နိုင်) ၀၉၂၃၄၆ | လက်ထောက်ကထိက<br>ဥပဒေပညာဌာန | ပြင်ပ |
| (၃) | ဒေါ်မြတ်သူဇာလှိုင်<br>၁၂/ဆကခ (နိုင်) ၀၂၁၃၃၈ | လက်ထောက်ကထိက<br>ဥပဒေပညာဌာန | ဝန်ထမ်း |

ဒေါက်တာဝင်းသိမ်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရာထူးဝန်အဖွဲ့

### အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၃ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးလှအောင်ကြည် အား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးတိုးမြှင့်ပြောင်းရွှေ့ ခန့်ထားလိုက်သည်။

ဒေါက်တာဝင်းသိမ်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် နေပြည်တော်စည်ပင်သာယာရေး ဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ (ခ) အရ အောက်ပါစည်းကမ်းများကို နေပြည်တော်ကောင်စီ၏ ခွင့်ပြုချက်ဖြင့် ထုတ်ပြန်ကြေညာလိုက်သည်-

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ နေပြည်တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (မ) နှင့် ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဂ) နှင့် တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာန၏ လုပ်ငန်းတာဝန် အပိုဒ် (၁)၊ အပိုဒ်ခွဲ (န) အရ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အသားပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ လုပ်ပိုင်ခွင့်ပြုခြင်း၊ စီမံခန့်ခွဲခြင်း၊ ကြီးကြပ်အုပ်ချုပ်ခြင်းဆိုင်ရာ စည်းကမ်းများ**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤစည်းကမ်းများတွင်ပါရှိသောစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ကော်မတီ**ဆိုသည်မှာ နေပြည်တော်စည်ပင်သာယာရေးဥပဒေအရ ဖွဲ့စည်းထားသော နေပြည်တော်စည်ပင်သာယာရေးကော်မတီကို ဆိုသည်။

(ခ) **နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်**ဆိုသည်မှာ နေပြည်တော်ကောင်စီ၏ အတည်ပြုချက်ဖြင့် ကော်မတီက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ကြေညာထားသည့် နယ်နိမိတ်ကို ဆိုသည်။

(ဂ) **ဌာန**ဆိုသည်မှာ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနကို ဆိုသည်။

(ဃ) **ကျန်းမာရေးဌာန**ဆိုသည်မှာ ကော်မတီ၏ ကျန်းမာရေးဌာနကို ဆိုသည်။

(င) **ဌာနမှူး**ဆိုသည်မှာ ဝန်ထမ်းဖွဲ့စည်းပုံအရ ဖွဲ့စည်းထားသည့်ကော်မတီ၏ လက်အောက်ရှိ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနအား တာဝန်ယူကြီးကြပ်ရသော ဌာနတာဝန်ခံကို ဆိုသည်။

(စ) **ကျန်းမာရေးဌာန၏စစ်ဆေးချက်လက်မှတ်**ဆိုသည်မှာ အသားပြုပြင်ထုတ်လုပ်သည့်လုပ်ငန်းစဉ်နှင့် အသားပြုပြင်ထုတ်လုပ်ရာတွင် တာဝန်ပေးအပ်ထားသည့် လုပ်သားများကို ကျန်းမာရေးဌာနမှစစ်ဆေးပြီး ထုတ်ပေးသော ကျန်းမာရေးဘေးအန္တရာယ်ကင်းရှင်းကြောင်း စစ်ဆေးချက်လက်မှတ်ကို ဆိုသည်။

(ဆ) **မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး**ဆိုသည်မှာ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးကို ဆိုသည်၊

(ဇ) **မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး**ဆိုသည်မှာ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးအား တာဝန်ယူကြီးကြပ်ကွပ်ကဲသော အရာရှိကို ဆိုသည်။

(ဈ) **အသား**ဆိုသည်မှာ ကျွဲ၊ နွား၊ နွားနောက်၊ ဝက်၊ သိုး၊ ဆိတ်၊ စသည့် တိရစ္ဆာန်တို့၏အသားကို ဆိုသည်။ (ယင်းစကားရပ်တွင် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးနည်းဥပဒေများအရ ကာကွယ်ထားခြင်းမရှိသည့် တိရစ္ဆာန်များ၏ အသားလည်းပါဝင်သည်)

(ည) **တိရစ္ဆာန်**ဆိုသည်မှာ ကျွဲ၊ နွား၊ နွားနောက်၊ ဝက်၊ သိုး၊ ဆိတ်၊ မြင်း စသည်တို့၏ အကြီးဖြစ်စေ၊ အငယ်ဖြစ်စေ၊ အထီးဖြစ်စေ၊ အမဖြစ်စေကို ဆိုသည်။

(ဋ) **သားသတ်ရုံ**ဆိုသည်မှာ သားသတ်လုပ်ငန်းလိုင်စင်ရရှိသူများအား ကော်မတီက ကျွဲ၊ နွား၊ ဝက်၊ သိုး၊ ဆိတ် စသည့်တိရစ္ဆာန်များအား သတ်ဖြတ်၍ အသားထုတ်လုပ်ရန် သတ်မှတ်ခွင့်ပြုထားသည့် ကော်မတီပိုင် သားသတ်ရုံနေရာနှင့် ကော်မတီမှ အခါအားလျော်စွာ ခွင့်ပြုထားသည့် အဝေးရောက် သားသတ်ရုံများကို ဆိုသည်။

(ဋ) **အခွန်**ဆိုသည်မှာ ဤစည်းကမ်းများပါ လုပ်ငန်းများဆောင်ရွက်ခြင်းအတွက် ကော်မတီသို့ ပေးသွင်းရသော လုပ်ငန်းလိုင်စင်ကြေး၊ ခေါင်းခွန်ကြေးနှင့် ဒဏ်ကြေးတို့ကို ဆိုသည်။

(ဌ) **အခ**ဆိုသည်မှာ ဤစည်းကမ်းများပါ လုပ်ငန်းများဆောင်ရွက်ခြင်းအတွက် ကော်မတီသို့ ပေးသွင်းရသော သားသတ်ရုံအသုံးပြုခ၊ သန့်ရှင်းရေးလုပ်ငန်းနှင့် သားသတ်ခြင်းလုပ်ငန်းတို့အတွက် အသုံးပြုသော ရေဖိုးရေခနှင့် လျှပ်စစ်ဓာတ်အားခတို့ကို ဆိုသည်။

(ဎ) **အသားပြုပြင်ထုတ်လုပ်ခွင့်လိုင်စင်**ဆိုသည်မှာ အများပြည်သူစားသုံးနိုင်ရန်အလို့ငှာ ဤစည်းကမ်းများနှင့်အညီ တိရစ္ဆာန်များအား သတ်ဖြတ်ခြင်းလုပ်ငန်း၊ အသားပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်းတို့ကို နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဆောင်ရွက်ရန်အတွက် ကော်မတီ၏ ခွင့်ပြုချက်ကို ဆိုသည်။

(ဏ) **အသားပြုပြင်ထုတ်လုပ်ခြင်း**ဆိုသည်မှာ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း စားသုံးရန်အတွက်သာမကဘဲ ပတ်ဝန်းကျင်ဒေသအနှံ့အပြား စားသုံးရန်ရည်ရွယ်ပြီး ထုတ်လုပ်ရောင်းချရန်အတွက် မူလအသားကို အမျိုးအစား ပုံသဏ္ဌာန်၊ အသွင်အပြင်၊ အရောင်အသွေး၊ အနေအထား၊ အရွယ်အစားပြောင်းလဲရန်ပြုလုပ်ခြင်းကို ဆိုသည်။ ထိုသို့ ပြုလုပ်မှုတွင် အသားခြောက်လုပ်ငန်း၊ အသားကင်လုပ်ငန်း၊ အသားကြော်လုပ်ငန်းများနှင့် စည်သွတ်လုပ်ငန်းများ ပါဝင်သည်။

၂။ နေပြည်တော်စည်ပင်ယာယာရေးနယ်နိမိတ်အတွင်း အသားထုပ်ပိုးသည့်လုပ်ငန်းနှင့် အသားပြုပြင်ထုတ်လုပ်သည့်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လိုသူသည် အောက်ပါအချက်အလက်များနှင့် အခြားလိုအပ်သော စာရွက်စာတမ်းအထောက်အထားများနှင့်အတူ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှတစ်ဆင့် တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနသို့ တင်ပြလျှောက်ထားရမည် -

(က) လုပ်ငန်းလုပ်ကိုင်ခွင့်လျှောက်လွှာ၊

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊

(ဂ) အိမ်ထောင်စုဇယား မိတ္တူ၊

(ဃ) နေရပ်လိပ်စာအပြည့်အစုံ၊

(င) လုပ်ငန်းရှင်၏ လိုင်စင်ဓာတ်ပုံ (၃) ပုံ၊

(စ) လုပ်ကိုင်သည့် လုပ်ငန်းအမျိုးအစား၊

(ဆ) လုပ်ငန်းတည်နေရာနှင့် အဆောက်အဦအကျယ်အဝန်းနှင့် အကွက်ချပုံစံ၊

(ဇ) ကျန်းမာရေးဌာန၏ ဘေးအန္တရာယ်ကင်းရှင်းကြောင်း စိစစ်ချက် လက်မှတ်၊

(ဈ) သက်ဆိုင်ရာမြို့နယ်ရဲစခန်း၏ ထောက်ခံချက်၊

(ည) မြို့နယ်မီးသတ်ဦးစီးဌာန၏ ထောက်ခံချက်၊

(ဋ) ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊

(ဌ) အနား (၄) ရပ်တွင်နေထိုင်သူများ၏ ထောက်ခံချက်၊

(ဍ) ပုဂ္ဂလိကစက်မှုလုပ်ငန်းမှတ်ပုံတင် ထောက်ခံချက်၊

(ဎ) အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ အစားအသောက်ထုတ်လုပ်ခွင့် ထောက်ခံချက်၊

(ဏ) မြေအသုံးချမှုဆိုင်ရာ ထောက်ခံချက်၊ မြေဂရန်မိတ္တူ သို့မဟုတ် (၆) လအတွင်း ရေးဆွဲထားသော မြေယာပုံစံ ၁၀၅/၁၀၆ မူရင်း၊

(တ) ကုန်အမှတ်တံဆိပ်အထောက်အထား မှတ်ပုံတင်မိတ္တူ။

၃။ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးသည် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လိုသူများ၏ လျှောက်လွှာများအား ပြည့်စုံမှန်ကန်မှု ရှိ မရှိ စစ်ဆေးပြီး ဌာနသို့ တင်ပြရမည်။ ဌာနမှူးသည် လိုင်စင်လုပ်ကိုင်ခွင့်ရရှိရန် လျှောက်ထားသည့် လုပ်ငန်းများအား စစ်ဆေးရန်၊ ဌာနရှိဝန်ထမ်းများပါဝင်သော စစ်ဆေးရေးအဖွဲ့ကို

ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။ ယင်းအဖွဲ့သည် သက်ဆိုင်ရာမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများနှင့်အတူ လုပ်ငန်းတည်ရှိရာနေရာသို့ သွားရောက် စစ်ဆေး၍ ခွင့်ပြုရန်သင့်လျော်ခြင်း ရှိ မရှိ စစ်ဆေးပြီး စစ်ဆေးတွေ့ရှိချက်များအား ကော်မတီသို့ ပြန်လည်တင်ပြရမည်။ ကော်မတီသည် ထိုသို့ စစ်ဆေးပြီး ပြန်လည်တင်ပြလာသော လုပ်ငန်းများကို စိစစ်ပြီး လုပ်ငန်းလုပ်ကိုင်ခွင့်ကာလကို အောက်တိုဘာလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ဘဏ္ဍာရေးနှစ် (၁) နှစ်ကာလအပိုင်းအခြားအတွက် နှစ်စဉ်သတ်မှတ်ခွင့်ပြုပေးရမည်။

၄။ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း လုပ်ငန်းတင်ပြတည်နေရာနှင့် အနီးစပ်ဆုံးဖြစ်သည့် သက်ဆိုင်ရာဈေးခုံနယ်မြေ သတ်မှတ်ချက်ဧရိယာအတွင်း သက်ဆိုင်ရာ အသားထုတ်လုပ်ရောင်းချခွင့်ပြုခဲ့သည့် ဈေးခုံလိုင်စင်ကြေးအတိုင်း ဘဏ္ဍာရေးနှစ် (၁) နှစ်အတွင်း အသားထုတ်လုပ်ခွင့်ရရှိသူများ၏ လေလံ အောင်မြင်ခဲ့သည့် တစ်ကောင်ပျမ်းမျှဈေးနှုန်းအတိုင်း လေလံကြေး/လိုင်စင်ခနှုန်းထားကျသင့်ငွေ သတ်မှတ် ရမည်။ (ဈေးခုံဈေးနှုန်းမတူညီပါက အများဆုံးဈေးခုံနှုန်းထားကို စံနှုန်းယူရမည်)

၅။ ကော်မတီသည် အထက်ပါအသားပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းများ၏ လိုင်စင်ခနှုန်းထားများကို အခါအားလျော်စွာ သင့်လျော်သလို ပြင်ဆင်ဖြည့်စွက်သတ်မှတ်နိုင်သည်။

၆။ ကော်မတီသည် အများပြည်သူစားသုံးရန်အလို့ငှာ ဖြန့်ဖြူးရောင်းချခြင်းအတွက် နေပြည်တော်စည်ပင် သာယာရေးနယ်နိမိတ်အတွင်း အသားပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းလိုင်စင်အား ခွင့်ပြုခြင်း၊ စီမံခန့်ခွဲခြင်း၊ ကြီးကြပ်အုပ်ချုပ်ခြင်းတို့ကို သင့်လျော်သည့်နည်းလမ်းဖြင့် ဆောင်ရွက်နိုင်သည်။

## အသားပြုပြင်ထုတ်လုပ်သည့်လုပ်ငန်းအတွက် အသုံးပြုမည့် တိရစ္ဆာန်များတွင် ရှိရမည့် အင်္ဂါရပ်များ

၇။ အသားပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသူများသည် အောက်ပါစည်းကမ်းများနှင့် အညီ ဆောင်ရွက်ရမည် -

(က) အသားထုတ်လုပ်မည့် တိရစ္ဆာန်များသည် ကျန်းမာသန်စွမ်း၍ ရောဂါမရှိသော တိရစ္ဆာန်ဖြစ်ရမည်။ ကူးစက်ရောဂါဖြစ်ပွားနေသော တိရစ္ဆာန်များနှင့် အသေကောင်များမဖြစ်စေရ၊ ဗီးရှိသော အမများ မဖြစ်စေရ၊

( ခ ) ကာကွယ်ဆေးနှင့် အခြားဆေးများ ထိုးနှံပြီး ရက်သတ္တပတ် (၂) ပတ်ကျော်သော တိရစ္ဆာန်များဖြစ်ရမည်၊

( ဂ ) အသားထုတ်လုပ်မည့် ကျွဲ၊ နွား စသည့် တိရစ္ဆာန်များအား သားသတ်ရုံသို့ရောက်ရှိပြီး အနည်းဆုံး (၂၄) နာရီ အနားပေးပြီးမှသာ အသားထုတ်လုပ်ရန် သတ်ဖြတ်ရမည်၊

(ဃ) အသက် (၁၆) နှစ်နှင့် အထက်အရွယ်ရှိ ကျွဲ၊ နွား စသည့် တိရစ္ဆာန်အထီးများနှင့် သားဖောက်ခြင်း မပြုနိုင်သော အမများကိုသာ သတ်ဖြတ်ရမည်၊

( င ) ဒဏ်ရာကြောင့်ဖြစ်စေ၊ ကိုယ်ခန္ဓာချို့တဲ့၍ဖြစ်စေ၊ အစဉ်သဖြင့်အလုပ်မလုပ်နိုင်သော တိရစ္ဆာန် အထီး/အမများကိုသာ သတ်ဖြတ်ရမည်၊

( စ ) သားသတ်ရုံတွင် တိရစ္ဆာန်ဆေးကုဆရာဝန်မှ ကျန်းမာရေးကြိုတင်စစ်ဆေးခံထားပြီးဖြစ်သော တိရစ္ဆာန်များကိုသာ သတ်ဖြတ်ရမည်၊

(ဆ) အသားပြုပြင်ထုတ်လုပ်ရန်အတွက် သတ်ဖြတ်မည့် တိရစ္ဆာန်များသည် ကျန်းမာရေးနှင့် ညီညွတ်မှု ရှိ မရှိ သတ်ဖြတ်ခွင့်ပြုနိုင်ရန် သတ်မှတ်ချက်နှင့်ပြည့်စုံမှု ရှိ မရှိ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများ ဌာနရှိ တိရစ္ဆာန်ဆေးကုဆရာဝန်အား စစ်ဆေးပေးနိုင်ရန် ကြိုတင် တင်ပြစစ်ဆေးပြီး သတ်ဖြတ် ခွင့်ပြုချက်ရမှသာ သတ်ဖြတ်ရမည်၊

( ဇ ) အသားပြုပြင်ထုတ်လုပ်ခွင့်၊ လုပ်ကိုင်ခွင့်ရရှိသူသည် ဌာနမှခွင့်ပြုထားသော အသားထုတ်လုပ်ခွင့် အခွင့်အရေးလိုင်စင် ဝယ်ယူမှုနှင့်ပတ်သက်မှုမရှိစေရဘဲ အသုံးပြုမည့်ကုန်ကြမ်းအတွက် လိုအပ်သည့် တိရစ္ဆာန်ကောင်ရေအား တင်ပြခွင့်ပြုချက်ရယူပြီး ကော်မတီမှ သတ်မှတ်ထားသည့် အခွန်/အခ နှုန်းထားအတိုင်း တွက်ချက်၍ ပေးသွင်းရမည်။

**အထွေထွေစည်းကမ်းချက်များ**

၈။ အသားပြုပြင်ထုတ်လုပ်သည့်လုပ်ငန်း လုပ်ကိုင်ခွင့်အတွက် ကော်မတီသို့ လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသား သို့မဟုတ် နိုင်ငံသားအဖြစ်လက်မှတ်ရရှိထားသူ အသက် (၁၈) နှစ်ပြည့်ပြီး အမျိုးသားမှတ်ပုံတင် သို့မဟုတ် နိုင်ငံသားစိစစ်ရေးကတ်ပြားကို အထောက်အထားအဖြစ် တင်ပြနိုင်သူ ဖြစ်ရမည်။

၉။ ထုတ်လုပ်မည့်ကောင်ရေအလိုက် အသားထုတ်လုပ်ခွင့်လိုင်စင်ကြေးများအား သတ်မှတ်ထားသည့် အတိုင်း ပေးသွင်းပြီး လအလိုက်ထုတ်လုပ်မည့်ကောင်ရေအတွက် လိုင်စင်ကြေးအား လစဉ် လဆန်း (၅) ရက်နေ့ မတိုင်မီ ပေးသွင်းရန် သတ်မှတ်ရက်ထက်နောက်ကျပါက တစ်ရက်လျှင် ငွေ (၁၀၀) ကျပ် အပေါ် (၅၀) ပြားနှုန်း ရက်လွန်ဒဏ်ကြေးပေးသွင်းရန်နှင့် ပေးသွင်းရမည့်ရက်သည် ရုံးပိတ်ရက်နှင့်တိုက်ဆိုင်ပါက ကြိုတင် ပေးသွင်းရမည်။

၁၀။ အသားထုတ်လုပ်ရာတွင် ကော်မတီပိုင်သားသတ်ရုံနှင့် အဝေးရောက် (ယာယီ) သားသတ်ရုံများတွင် ဌာနမှ သတ်မှတ်ပေးထားသော အချိန်အတွင်းတွင်သာ သတ်ဖြတ်ရမည်။

၁၁။ ကော်မတီက ဘဏ္ဍာရေးနှစ် တစ်နှစ်အတွက် ခွင့်ပြုထားသော တိရစ္ဆာန်ကောင်ရေအတိုင်းသာ သတ်ဖြတ်ရမည်။

၁၂။ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် ကော်မတီမှ တာဝန်ပေးအပ်သူ သို့မဟုတ် ဌာနမှ တာဝန်ပေးအပ် သူက လုပ်ငန်းအား အခါအားလျော်စွာ စစ်ဆေးခြင်းကို ခံယူရမည်။

၁၃။ အသားပြုပြင်ထုတ်လုပ်ခွင့်ရရှိသူသည် လုပ်ကိုင်ခွင့်ပြုထားသည့်ကာလအတွင်း အသုံးပြုခွင့်ပေးထားသည့် အဆောက်အအုံ၌ နိုင်ငံတော်မှတားမြစ်ပိတ်ပင်ထားသည့် ဥပဒေနှင့် မလွတ်ကင်းသောကိစ္စရပ်များ ဖြစ်ပွား ပေါ်ပေါက်မှုမရှိအောင် ဆောင်ရွက်ရမည်။ အကယ်၍ ပြဿနာပေါ်ပေါက်လာပါက လုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူ၏ တာဝန်သာဖြစ်သည်။

၁၄။ ကော်မတီ၏ ခွင့်ပြုချက်အရ မဟုတ်ဘဲ သတ်ဖြတ်ထားသည့် တိရစ္ဆာန်အသေကောင်ကိုဖြစ်စေ၊ အသားကိုဖြစ်စေ၊ တိရစ္ဆာန်ဘေးထွက်ပစ္စည်း (သားရေ) ကိုဖြစ်စေ၊ ပြုပြင်ထုတ်လုပ်ထားသည့်ပစ္စည်းကိုဖြစ်စေ ဌာနမှ ဖမ်းဆီးသိမ်းယူနိုင်သည်။

၁၅။ အသားပြုပြင်ထုတ်လုပ်မည့် အဆောက်အဦပိုင်နက် ဥပစာအတွင်း လေဝင်လေထွက်အပေါက်များ ကောင်းစွာထားရှိရမည့်အပြင် အလင်းရောင်လည်း ကောင်းစွာရရှိအောင် စီမံဆောင်ရွက်ထားရှိရမည်။

၁၆။ လုပ်ငန်းမှထွက်သည့်အမှိုက်သရိုက်၊ အညစ်အကြေးစသည့်တို့ကို အများပြည်သူဆိုင်ရာလမ်း၊ လမ်းဘေး၊ ရေမြောင်း၊ ချောင်းများသို့ မရောက်ရှိအောင် အထူးစီမံထားရှိရမည်။ အမှိုက်ကို သတ်မှတ် ထားသည့် နေရာတွင်သာ စွန့်ပစ်ရမည်။ အဆောက်အဦပိုင်နက် ဥပစာနှင့် ပတ်ဝန်းကျင်တွင် ရေစီးရေလာ ကောင်းသော ရေမြောင်းကို စီစဉ်ဆောင်ရွက်ထားရှိရမည်။

၁၇။ ပတ်ဝန်းကျင်အား ညစ်ညမ်းစေသည့် အနံ့အသက်မထွက်စေရန်လည်းကောင်း၊ ကျိုချွဲညစ်ပေသော အရည်မထွက်စေရန်လည်းကောင်း၊ ပတ်ဝန်းကျင်ရှိ အများပြည်သူများအား တစ်စုံတစ်ရာအနှောင့်အယှက် မဖြစ်စေရန်တို့အတွက် လိုင်စင်ရရှိသူမှ ကောင်းစွာဆောင်ရွက်ထားရမည်။

၁၈။ အသားပြုပြင်ထုတ်လုပ်သည့် ပစ္စည်းများသည် သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်းများက သတ်မှတ် ထားသော စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် ပစ္စည်းများဖြစ်ရမည့်အပြင် ကိုင်တွယ်အသုံးပြုစားသုံးသူများအတွက် ကျန်းမာရေးနှင့် ညီညွတ်စေရမည်။

၁၉။ အသားပြုပြင်ထုတ်လုပ်သည့်လုပ်ငန်းတွင် လုပ်ကိုင်သည့်အလုပ်သမားများသည် ကျန်းမာရေး ကောင်းမွန်သူများဖြစ်ပြီး ကူးစက်ပြန့်ပွားတတ်သောရောဂါ ခံစားနေသူများမဖြစ်စေရ၊ လက်အိတ်များကို အသုံးပြု၍ သန့်ရှင်းစွာ ဆောင်ရွက်ရမည်။

**စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း**

၂၀။ ဤစည်းကမ်းများအရ အသားပြုပြင်ထုတ်လုပ်ခွင့်လိုင်စင်ရရှိသူသည် သတ်မှတ်ထားသည့် စည်းကမ်းချက်တစ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ ဤစည်းကမ်းချက်ပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း သတ်မှတ်ထားသောတရားရုံးက ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်သော်လည်းကောင်း၊ အသားပြုပြင်ထုတ်လုပ်သည့် ခွင့်ပြုချက်လုပ်ငန်းလိုင်စင်ရရှိသူအား ကော်မတီသည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေ (၁၀၀,၀၀၀/-) တပ်ရိုက်ခြင်း၊

(ဂ) ခွင့်ပြုထားသောလုပ်ငန်းလိုင်စင်အား ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဃ) အသားပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းဆောင်ရွက်ခွင့်အား ပယ်ဖျက်ခြင်းနှင့် (Blacklist) စာရင်းတင်သွင်းခြင်း၊ အာမခံအပ်ငွေများကို ကော်မတီပိုင်ဘဏ္ဍာငွေအဖြစ် သိမ်းယူခြင်း၊ အာမခံတင်သွင်းထားသောပစ္စည်းများကို လေလံတင်ရောင်းချ၍ ကော်မတီကရရန်ရှိသည်တို့ကို သိမ်းယူခြင်း။

၂၁။ ကော်မတီသည် အထက်အပိုဒ် (၂၀) ပါ ဒဏ်ကြေးငွေများကို သင့်လျော်သလို ပြင်ဆင်သတ်မှတ်နိုင်သည်။

**တားမြစ်ချက်များနှင့် အရေးယူခြင်း**

၂၂။ မည်သူမျှ -

(က) နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အသားပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းကို ဆောင်ရွက်ရန် အခြားမည်သည့် ခွင့်ပြုမိန့်၊ မှတ်ပုံတင်လက်မှတ်၊ လိုင်စင်တစ်မျိုးမျိုး ရှိစေကာမူ ကော်မတီက ထုတ်ပေးထားသောလုပ်ငန်းလိုင်စင် မရှိဘဲ ဆောင်ရွက်ခြင်းမပြုရ၊

(ခ) လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန်အတွက် အပိုဒ် (၂) ပါ စာရွက်စာတမ်း အထောက်အထားများနှင့် တင်ပြခွင့်ပြုချက်ရယူဆောင်ရွက်ထားခြင်း မရှိဘဲ လုပ်ငန်းဆောင်ရွက်ခြင်းမပြုရ၊

(ဂ) လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသည့်နေရာ အဆောက်အအုံပိုင်နက် ဥပစာမှတစ်ပါး အခြားမည်သည့်နေရာတွင်မှ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

၂၃။ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူများသည် ဤစည်းကမ်းများပါ ပြဋ္ဌာန်းချက်များအပြင် ကော်မတီက အခါအားလျော်စွာထုတ်ပြန်သည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်း၊ အမိန့်များ၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်။

၂၄။ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း လုပ်ငန်းဆောင်ရွက်ခြင်းအား ပတ်ဝန်းကျင်မှ ကန့်ကွက်မှုများရှိစေကာမူ ယင်းလုပ်ငန်းသည် နိုင်ငံတကာမြို့တော်အဆင့်အတန်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်ကိုက်ညီမှုရှိ၍ သင့်လျော်သည်ဟု ကော်မတီကမှတ်ယူပါက လုပ်ငန်းလုပ်ကိုင်ခွင့်ပြုနိုင်သည်။

၂၅။ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူများသည် ဤစည်းကမ်းပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် နေပြည်တော်စည်ပင်သာယာရေးဥပဒေနှင့် အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူခြင်းခံရမည်။

၂၆။ ဌာနမှူးသည် ကော်မတီကို တာဝန်ခံ၍ ဤစည်းကမ်းများနှင့်အညီ ကြီးကြပ်ကွပ်ကဲရမည်။

၂၇။ ဤအမိန့်ကြော်ငြာစာသည် ဤကိစ္စနှင့်စပ်လျဥ်း၍ နောက်ထပ်အမိန့်တစ်စုံတစ်ရာ မထုတ်ပြန်သရွေ့ အတည်ဖြစ်စေရမည်။

ဒေါက်တာမျိုးအောင်
မြို့တော်ဝန်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

**အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်)

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၁၉ အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အောက်ဖော်ပြပါ ညွှန်ကြားရေးမှူးချုပ်များအား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့မှစ၍အတည်ပြုခန့်ထားလိုက်သည် -

| **စဉ်** | **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဒေါ်မေတိုးဝင်း | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန |
| (ခ) | ဒေါ်တင်မိုးမိုး | ညွှန်ကြားရေးမှူးချုပ်<br>ငွေကြေးမူဝါဒရေးရာနှင့် ဘဏ်လုပ်ငန်းဥပဒေစည်းမျဉ်းဌာန |

ကျော်ကျော်မောင်

ဥက္ကဋ္ဌ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

**အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၉**

၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၈ ရက်)

**အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU) ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| **စဉ်** | **အမည်၊ ရာထူး၊ ဌာန** | **တာဝန်** |
|---|---|---|
| (က) | ဦးအောင်အောင်<br>ညွှန်ကြားရေးမှူးချုပ်<br>စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဦးဝင်းသော်<br>ညွှန်ကြားရေးမှူးချုပ်<br>ဥက္ကဋ္ဌရုံး | ဒုတိယအဖွဲ့ခေါင်းဆောင် |
| (ဂ) | ဒေါ်သန်းသန်းဆွေ<br>ညွှန်ကြားရေးမှူးချုပ်<br>ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒေါ်မြင့်မြင့်ကြည်<br>ညွှန်ကြားရေးမှူးချုပ်<br>စာရင်းဌာန | အဖွဲ့ဝင် |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (င) | ဒေါ်မေတိုးဝင်း<br>ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန | အဖွဲ့ဝင် |
| (စ) | ဦးမျိုးမင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန (ရန်ကုန်ဘဏ်ခွဲ) | အဖွဲ့ဝင် |
| (ဆ) | ဒေါ်မေခိုင်ဝင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘဏ်တွင်းစာရင်းစစ်ဌာန | အဖွဲ့ဝင် |
| (ဇ) | ဦးအောင်ဘုန်းမြင့်<br>ညွှန်ကြားရေးမှူး<br>ငွေကြေးလုပ်ငန်းအုပ်ချုပ်မှုဌာန (မန္တလေးဘဏ်ခွဲ) | အဖွဲ့ဝင် |
| (ဈ) | ဒေါ်ခင်စန္ဒာ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဥက္ကဋ္ဌရုံး | အတွင်းရေးမှူး |
| (ည) | ဒေါ်ကြည်မိုးမိုးအေး<br>ညွှန်ကြားရေးမှူး<br>စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အဂတိလိုက်စားနိုင်ခြေရှိသော လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဆန်းစစ်လေ့လာခြင်း၊

(ခ) အဂတိလိုက်စားမှုမဖြစ်ပေါ်စေရေးအတွက် အသိပညာပေးရေး ဆောင်ရွက်ခြင်း၊

(ဂ) တိုင်ကြားစာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့် အစီအစဉ်ချမှတ်ခြင်း၊

(ဃ) အဂတိလိုက်စားမှု ပေါ်ပေါက်သည့်အခါ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ အရေးယူနိုင်ရန် ဆောင်ရွက်ခြင်း၊

(င) လိုအပ်ပါက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ လွှဲပြောင်းခြင်း၊

(စ) အဂတိလိုက်စားမှု မဖြစ်ပေါ်စေရေးအတွက် ကြိုတင်တားဆီးရေး ဆောင်ရွက်ခြင်း၊

(ဆ) အဂတိလိုက်စားမှုပြုရန် အခွင့်သာစေသည့် စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်နိုင်ရေးအတွက် စိစစ်တင်ပြခြင်း၊

(ဇ) အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အခါအားလျော်စွာ ထုတ်ပြန်သော ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဈ) အဖွဲ့၏ ဆောင်ရွက်မှုအစီရင်ခံစာကို နိုင်ငံတော်သမ္မတရုံးသို့ လိပ်မူပေးပို့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ မိတ္တူပေးပို့ခြင်း။

ကျော်ကျော်မောင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်<br>( ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၅ ရက် ) | သောကြာနေ့ |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

### ပြည်ထောင်စုလွှတ်တော်ရုံး
### အမိန့်ကြော်ငြာစာအမှတ် (၇၅/ ၂၀၁၉)
၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၄ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၆ ရက်)

၂၀၁၉ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် ကျင်းပသည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၁/၂၀၁၉) ၏ သဘောတူညီချက်အရ ရှမ်းပြည်နယ်လွှတ်တော်ရုံးမှ ဒုတိယဦးစီးမှူး ဦးဟန်သူထွန်း အား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ အလုပ် ဝတ္တရားများလက်ခံဆောင်ရွက်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၇၆/ ၂၀၁၉)

၂၀၁၉ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် ကျင်းပသည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၁/၂၀၁၉) ၏ သဘောတူညီချက်အရ ရှမ်းပြည်နယ်လွှတ်တော်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်ချိုချိုခိုင် အား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ အလုပ်ဝတ္တရားများလက်ခံ ဆောင်ရွက်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

### စစ်ရာထူးခန့်ချုပ်ရုံး
### (ကြည်းတပ်ဌာနစု)
၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၁၅ ရက်)

အမှတ် ၆၀/ ၂၀၁၉ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၉၅) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၉ ခုနှစ်၊ မေလ ၁၅ ရက်နေ့မှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

မြင့်ထူး ကြည်း ၇၄၆၃၆

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၁၇ ရက်)

အမှတ် ၆၁/၂၀၁၉ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၉၅) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

| | | | |
|---|---|---|---|
| (၁) | ညွန့်လွင် | ကြည်း ၇၄၆၃၇ | ၁၇-၅-၂၀၁၉ |
| (၂) | သောင်းငွေ | ကြည်း ၇၄၆၃၈ | ၁၇-၅-၂၀၁၉ |
| (၃) | လှဝင်း | ကြည်း ၇၄၆၃၉ | ၁၇-၅-၂၀၁၉ |
| (၄) | ဝင်းဇော် | ကြည်း ၇၄၆၄၀ | ၁၇-၅-၂၀၁၉ |
| (၅) | ခင်မောင်လွန်း | ကြည်း ၇၄၆၄၁ | ၁၇-၅-၂၀၁၉ |

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၂၁ ရက်)

အမှတ် ၆၂/၂၀၁၉ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၉၅) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

| | | | |
|---|---|---|---|
| (၁) | အုန်းသွင် | ကြည်း ၇၄၆၄၂ | ၂၁-၅-၂၀၁၉ |
| (၂) | ဇံအောင်ကြွယ် | ကြည်း ၇၄၆၄၃ | ၂၁-၅-၂၀၁၉ |

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၃ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၅ ရက်)

အမှတ် ၆၆/၂၀၁၉ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၉ ခုနှစ်၊ မေလ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၉၆) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

| | | | |
|---|---|---|---|
| (၁) | စံမွေး | ကြည်း ၇၄၆၄၅ | ၁-၆-၂၀၁၉ |
| (၂) | မြင့်ဦး | ကြည်း ၇၄၆၄၆ | ၁-၆-၂၀၁၉ |
| (၃) | ရှိန်းထန်း | ကြည်း ၇၄၆၄၇ | ၁-၆-၂၀၁၉ |
| (၄) | ထွန်းထွန်းဦး | ကြည်း ၇၄၆၄၈ | ၁-၆-၂၀၁၉ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးလူအေး၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

## ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၂၃ ရက်)

အမှတ် ၅ ။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများမှ အောက်ဖော်ပြပါ အရာထမ်း (၂) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| စဉ် | အမည်၊ ရာထူး၊ ကျောင်း | အစမ်းခန့်အပ်သည့်နေ့ | အတည်ပြုခန့်အပ်သည့်နေ့ |
|---|---|---|---|
| ၁။ | ဒေါ်စန်းငွေး<br>ကျောင်းအုပ်<br>အိမ်တွင်းမှု (နန်းယွန်း) | ၂၃-၅-၂၀၁၈ | ၂၃-၅-၂၀၁၉ |
| ၂။ | ဒေါ်နှင်းနုငယ်<br>ကျောင်းအုပ်<br>အိမ်တွင်းမှု (ခန္တီး) | ၂၃-၅-၂၀၁၈ | ၂၃-၅-၂၀၁၉ |

သိန်းငွေးဦး၊
ညွှန်ကြားရေးမှူးချုပ်၊
ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန။

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

### အမိန့်ကြော်ငြာစာ (၃၅/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၃၀ ရက်)

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ်၊ မကြီးကန်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၁၆၆၀/၂၈၇၂-မကျီးချောင်းကွင်း၊ ဦးပိုင်အမှတ်-၂၁/၅၊ ၂၂ ရှိ မြေဧရိယာ **၀. ၄၇ ဧက** အား **အောင်တော်မူမိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်း** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာ (၃၆/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၂ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၄ ရက်)

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ပင်လောင်းမြို့၊ ရင်းမှီးရပ်ကွက်၊ အကွက်အမှတ်/အမည်-၂/ ညောင်ကုန်း၊ ဦးပိုင်အမှတ် (၈၉) ရှိ မြေဧရိယာ **၅. ၅၀၉ ဧက** အား **မြသိန်းတန်ဘုန်းတော်ကြီးကျောင်း** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

မြင့်သန်း၊
ညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

# ပြည်တွင်းအခွန်များဦးစီးဌာန

## လိုက်နာကျင့်သုံးရန် သတ်မှတ်ချက်အမှတ် ၂/၂၀၁၉

နေပြည်တော်၊ ၁၃၈၀ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၈ ရက်)

## ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် လုပ်ငန်းများ၏ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန်တွက်ချက်ခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများ၊ စည်းမျဉ်း ၅၅၊ စည်းမျဉ်းခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည့်လုပ်ငန်းများမှ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန်တွက်ချက်ခြင်းနှင့်စပ်လျဉ်း၍ မည်သို့လိုက်နာကျင့်သုံးရမည်ကို ရှင်းလင်းစွာသိရှိနိုင်စေရန်အတွက် ရည်ညွှန်းပါလိုက်နာကျင့်သုံးရန် သတ်မှတ်ချက်အမှတ်၊ ၃/၂၀၁၈ ဖြင့် ထုတ်ပြန်သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် လုပ်ငန်းများဆောင်ရွက်ရာတွင် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ် ကျသင့်ကုန်သွယ်လုပ်ငန်းခွန် တွက်ချက်ရာ၌ မည်သို့ကျင့်သုံးဆောင်ရွက်ရမည် ဖြစ်ကြောင်း ဥပမာဖြစ်စဉ်တွင် ပိုမိုရှင်းလင်းစွာသိရှိနိုင်ရန်အတွက် လိုက်နာကျင့်သုံးရန် သတ်မှတ်ချက်အမှတ်၊ ၃/၂၀၁၈ နမူနာ-၂ ၏နောက်တွင် နမူနာ-၃ အဖြစ် အောက်ပါအတိုင်းဖြည့်စွက်လိုက်သည် -

**(ဂ) နမူနာ-၃**

(၁) **ဖြစ်စဉ်။** ကုန်ပစ္စည်းရောင်းချသော ကုမ္ပဏီ C သည် ကုန်သွယ်လုပ်ငန်းခွန်မှတ်ပုံတင်ရန် ပျက်ကွက်နေပြီး ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံထားခြင်းမရှိပါ။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အတွက် ရောင်းရငွေစုစုပေါင်း ကျပ် ၁,၀၀၀,၀၀၀,၀၀၀/- ဖြစ်ပါသည်။ (ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်းဖြင့် ကျသင့်သည့် ကုန်စည်များကို ရောင်းချခြင်း ဖြစ်ပါသည်။)

(၂) **လိုက်နာကျင့်သုံးရန်သတ်မှတ်ချက်ကိုကျင့်သုံးခြင်း။** ၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်အတွက် ကုမ္ပဏီ C ၏ ရောင်းရငွေစုစုပေါင်းမှာ ကျပ် ၁,၀၀၀,၀၀၀,၀၀၀/- ဖြစ်ပါသည်။ ဤလိုက်နာကျင့်သုံးရန်သတ်မှတ်ချက်ကို ကျင့်သုံး၍ ကုမ္ပဏီ C က ပေးဆောင်ရမည့် ကုန်သွယ်လုပ်ငန်းခွန်တွက်ချက်ရာတွင် လိုက်နာကျင့်သုံးရန် သတ်မှတ်ချက်အမှတ်၊ ၃/၂၀၁၈ ၏ အပိုဒ် ၅ ပါ ပုံသေနည်းအတိုင်း ရောင်းရငွေစုစုပေါင်း ကျပ် ၁,၀၀၀,၀၀၀,၀၀၀/- ကို ၂၁ ဖြင့် စားခြင်းအားဖြင့် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန် ကျပ် ၄၇,၆၁၉,၀၄၇/- ရရှိမည် ဖြစ်ပါသည်။

(၃) **ကျသင့်သည့်အခွန်နှုန်းမတူညီသည့်အပေါ် တွက်ချက်ခြင်း။** ဤဖြစ်စဉ်တွင် ကုမ္ပဏီ C က ရောင်းချသောကုန်စည်သည် ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်းဖြင့် ကျသင့်သည့် ကုန်စည် မဟုတ်ဘဲ တစ်ရာခိုင်နှုန်း၊ သုံးရာခိုင်နှုန်း၊ ရှစ်ရာခိုင်နှုန်းစသည်ဖြင့် ကျသင့်ခြင်းဖြစ်ပါက လိုက်နာကျင့်သုံးရန်သတ်မှတ်ချက်အမှတ်၊ ၃/၂၀၁၈ ၏ အပိုဒ် ၅ ပုံသေနည်းပါ အခွန်နှုန်း နေရာတွင် ဆိုင်သင့်သလို ပြောင်းလဲထည့်သွင်း တွက်ချက်ရမည် ဖြစ်ပါသည်။

၃။ ဤလိုက်နာကျင့်သုံးရန်သတ်မှတ်ချက်ကို လက်မှတ်ရေးထိုးထုတ်ပြန်လိုက်သည်။

မင်းထွဋ်၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်တွင်းအခွန်များဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်<br>( ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၅ ရက် ) | သောကြာနေ့ |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

In the matter of the Myanmar Companies Law and

**MYANMAR TOYOTA TSUSHO CO., LTD**

(Under Sections 345 & 348)

The Special General Meeting of **Myanmar Toyota Tsusho Co., Ltd** duly held and convened on 30-6-2019, at 9:00 am at 14th Floor, HAGL Myanmar Centre Tower 1, No. 192, Kabar Aye Pagoda Road, Bahan Township, Yangon Region, the Republic of the Union of Myanmar, the following resolutions were passed unanimously as Special Resolutions:

**SPECIAL RESOLUTIONS**

(1) Resolved that the Company be and is hereby wound up voluntarily under Members' Voluntary Winding up.

(2) Resolved that Daw Thaung Mya Wai (LL.B., DA., DCA) holder of Citizenship Scrutiny Card No. 12/Tha Ga Ka (Naing) 143470, Manager of WIN Consulting Limited of Room No. 2D, Rose Condominium, No.182/194, 1st Floor, Botahtaung Pagoda Road, Pazundaung Township, Yangon Region, the Republic of the Union of Myanmar be and is hereby appointed as Liquidator of the Company for the purpose of such winding-up and be authorized her to carry on the business of the Company to such extent and for such period as may be necessary for the beneficial winding up thereof and be granted such other powers as may be deemed fit or proper.

By order of the Board,

Mr. Takuya Ichihashi
Managing Director
Myanmar Toyota Tsusho Co., Ltd

NOTICE OF FINAL MEETING

In the matter of the Myanmar Companies Act and

**MYANMAR JAPAN AGRISOLUTIONS CO., LTD**

(In Voluntary Liquidation)

[Notice Under Section 208 (E)]

Notice is hereby given that the Final General Meeting of the Contributories Under Section 208 (E) will be held at No.100, Warden Street and Kan Nar Street, MAPCO Building, Seik Kan (Port) Township, Yangon, Myanmar on 5th August, 2019 at 10:00 am for the purpose of laying before it an account of the winding up.

U Papo Ganesan
[B.A (English)., R.L],
Advocate (Registration No. 4647)
Khin Su Htay & Associates
Legal and Tax Consultants Ltd.
Liquidator

Building No. C 1, Room No. 005, Ground Floor, Hninnsi Street, Yuzana Highway Complex, Kamayut Township, Yangon, Myanmar.

**THAN & YOUN COMPANY LIMITED**

နောက်ဆုံးအကြိမ် အစည်းအဝေးခေါ်ယူခြင်း

ဤကုမ္ပဏီ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

အစည်းအဝေးကျင်းပပြုလုပ်မည့်ရက် ။ ။ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၅) ရက်၊

အစည်းအဝေးကျင်းပမည့်အချိန် ။ ။ နံနက် (၁၀း၀၀) နာရီ၊

အစည်းအဝေးကျင်းပမည့်နေရာ ။ ။ ကုမ္ပဏီရုံးခန်း။

ဦးကျော်ဝင်း
(B.Sc., H.G.P., R.L)
NBN 018181
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**MANN PYAE COMPANY LIMITED**

နောက်ဆုံးအကြိမ် အစည်းအဝေးခေါ်ယူခြင်း

ဤကုမ္ပဏီ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

အစည်းအဝေးကျင်းပပြုလုပ်မည့်ရက် ။ ။ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၅) ရက်၊

အစည်းအဝေးကျင်းပမည့်အချိန် ။ ။ နေ့လယ် (၁၂း၀၀) နာရီ၊

အစည်းအဝေးကျင်းပမည့်နေရာ ။ ။ ကုမ္ပဏီရုံးခန်း။

ဦးကျော်ဝင်း
(B.Sc., H.G.P., R.L)
NBN 018181
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**CHAE WAN COMPANY LIMITED**

နောက်ဆုံးအကြိမ် အစည်းအဝေးခေါ်ယူခြင်း

ဤကုမ္ပဏီ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

အစည်းအဝေးကျင်းပပြုလုပ်မည့်ရက် ။ ။ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၅) ရက်၊

အစည်းအဝေးကျင်းပမည့်အချိန် ။ ။ နေ့လယ် (၁း၃၀) နာရီ၊

အစည်းအဝေးကျင်းပမည့်နေရာ ။ ။ ကုမ္ပဏီရုံးခန်း။

ဦးကျော်ဝင်း
(B.Sc., H.G.P., R.L)
NBN 018181
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## YIN MYO THANT COMPANY LIMITED

နောက်ဆုံးအကြိမ် အစည်းအဝေးခေါ်ယူခြင်း

ဤကုမ္ပဏီ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

အစည်းအဝေးကျင်းပပြုလုပ်မည့်ရက် ။ ။ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၅) ရက်၊

အစည်းအဝေးကျင်းပမည့်အချိန် ။ ။ နေ့လယ် (၃း၀၀) နာရီ၊

အစည်းအဝေးကျင်းပမည့်နေရာ ။ ။ ကုမ္ပဏီရုံးခန်း။

ဦးကျော်ဝင်း
(B.Sc., H.G.P., R.L)
NBN 018181
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## ZAR CHI OO COMPANY LIMITED

နောက်ဆုံးအကြိမ် အစည်းအဝေးခေါ်ယူခြင်း

ဤကုမ္ပဏီ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

အစည်းအဝေးကျင်းပပြုလုပ်မည့်ရက် ။ ။ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၅) ရက်၊

အစည်းအဝေးကျင်းပမည့်အချိန် ။ ။ ညနေ (၅း၀၀) နာရီ၊

အစည်းအဝေးကျင်းပမည့်နေရာ ။ ။ ကုမ္ပဏီရုံးခန်း။

ဦးကျော်ဝင်း
(B.Sc., H.G.P., R.L)
NBN 018181
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

Notice Under Section 208 (E) Myanmar Companies Act

**Global House Franchise (Myanmar) Company Limited**

(Members Voluntary Winding-up)

Invitation to Final Meeting

A Final meeting of **Global House Franchise (Myanmar) Company Limited** will be held on (4.8.2019) No. 76, Lan Thit Street, Insein Township, Yangon Region, Myanmar -

- Liquidator's report and return will be presented at the meeting.
- All members are invited to attend.

U Zin Wai
(B.Com., CPA)
Liquidator

**သည်ပရက်(စ်) အော့ဖစ်(စ်) ကဖေး လီမိတက်**

**(The Press Office Cafe' Ltd)**

(အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**သည်ပရက်(စ်) အော့ဖစ်(စ်) ကဖေး လီမိတက် (The Press Office Cafe' Ltd)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့၊ နံနက် (၁၀း၀၀) နာရီအချိန်တွင် ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ န၀ဒေးလမ်း၊ အမှတ် (၃၃)၊ ယူနစ် (၃၀-၄)၊ ပလာဇာ (၃၁) တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးဆန်းထွန်း
(B.A., CPA., F.B.S.A)
Certified Public Accountant P 27

ပ၊ ထ၊ န - အမှတ် ၅၅၇/၁၈-၁၉/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၀၀၀/၅-၇-၂၀၁၉။